BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး သတင်းစဉ်

ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို ထောက်ခံကြ

The Lightning Newsletter

အမှတ် (၇၅) ခရစ်နှစ်၊ ၂၀၀၆ ခုနှစ်၊ ဇူလိုင်လ | မြန်မာသက္ကရာဇ် (၁၃၆၈) | ( ၁၅-၁-၉၉ ) ရက်နေ့တွင်စတင်တည်ထောင်သည်။

# မြန်မာ့အရေးကိစ္စကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်ချရန်

## အာရှ-ပစိဖိတ်နှင့် ဥရောပနိုင်ငံ (၃၀) မှ လွှတ်တော်အမတ် (၅၀၀) ကျော်တောင်းဆို



လုံခြုံရေးကောင်စီ အစည်းအဝေးမြင်ကွင်း

မြန်မာနိုင်ငံအရေးကို ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် တရားဝင်တင်ပြဆွေးနွေးပြီး ဆုံးဖြတ်ချက်တရပ်ချမှတ်ပေးရန် နိုင်ငံပေါင်း (၃၀) မှ လွှတ်တော်အမတ်ပေါင်း (၅၀၃) ဦးတို့က ပူးတွဲတောင်းဆိုလိုက်ကြသည်။

အာရှပစိဖိတ်၊ ဥရောပသမဂ္ဂ၊ အမေရိကန်ပြည်ထောင်စု၊ ကနေဒါစသော နိုင်ငံများမှ လွှတ်တော်အမတ်များသည် မြန်မာ့အရေးကို လုံခြုံရေးကောင်စီက ကိုင်တွယ်ဖြေရှင်းပေးရန်တောင်းဆိုထားသော စာတစောင်ကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်နှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများထံ ဇွန်လ (၂၇) ရက်နေ့စွဲဖြင့် ပေးပို့ခဲ့သည်။

မလေးရှားအခြေစိုက် မြန်မာ့အရေးအာဆီယံလွှတ်တော်များအဖွဲ့ (AIPMC) ကမကထပြုသောစာတွင် လုံခြုံရေးကောင်စီက ဟေတီ ( Haiti)၊ ဆီရီယာလီယွန် (Sierra Leone)၊ ယေမင် (Yemen)နှင့် လိုင်ဘေးရီးယား (Liberia) နိုင်ငံများ၏ အရေးကို ဆုံးဖြတ်ချက်ချဖြေရှင်းပေးခဲ့ရသည့် အစဉ်အလာများကိုထောက်ပြ၍ မြန်မာ့အရေးကိုလည်း အလားတူဆောင်ရွက်ပေးရန် တိုက်တွန်းထားသည်၊

ထို့အပြင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ဖမ်းဆီးခံနေရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၃) ဦးနှင့် နိုင်ငံရေးအကျဉ်းသား (၁၁၀၀) ကျော်ကို ပြန်လွှတ်ရေး၊ ကုလသမဂ္ဂအဖွဲ့အစည်းများအနေဖြင့် မြန်မာပြည်တွင် လွတ်လပ်စွာသွားလာခွင့်ရရေးတို့ကိုလည်း နိုင်ငံပေါင်းစုံမှ အမတ်များက တိုက်တွန်းတောင်းဆိုထားသည်၊

လွှတ်တော်အမတ်များနည်းတူ လူသားချင်းစာနာမှုဆိုင်ရာ အစိုးရမဟုတ်သော NGO အဖွဲ့အစည်း (၃၀) ကျော်တို့ကလည်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံ အလားတူစာတစောင်ပေးပို့ခဲ့သည်။

မြန်မာ့အရေးကို လုံခြုံရေးကောင်စီတွင် တင်ပြဆွေးနွေးရန် တိုက်တွန်းသော NGO အဖွဲ့အစည်း (၃၀) ကျော်တွင် အမေရိကန်ပြည်ထောင်စု၊ ပြင်သစ်၊ ကနေဒါ၊ ဟောင်ကောင်၊ တောင်ကိုရီးယား၊ ထိုင်း၊ ဖိလစ်ပိုင်၊ မလေးရှား၊ အာဖရိက၊ နော်ဝေးစသော နိုင်ငံများမှ NGO အဖွဲ့အစည်းများပါဝင်ကြောင်း သိရှိရသည်။

❖

## မြန်မာစစ်ဗိုလ်ချုပ်များ၏ ငွေကြေး ပိုင်ဆိုင်မှုများ ဆွစ်ဇာလန်ကထိန်းချုပ်

ကမ္ဘာပေါ်တွင် ဘဏ်လုပ်ငန်းဖြင့် နာမည်ကြီးသော ဆွစ်ဇာလန်နိုင်ငံအစိုးရက မြန်မာစစ်ဗိုလ်ချုပ်များနှင့် ၎င်းတို့နှင့်ဆက်နွယ်နေသူများ၏ ဘဏ်စာရင်းများကိုထိန်းချုပ်ထားမည်ဖြစ်ကြောင်း ဇွန်လ (၂၉) ရက်နေ့တွင် ကြေညာသည်။



ဆွစ်ဇာလန်အမျိုးသားဘဏ်

ဆွစ်ဇာလန်ဘဏ်များက ယခင်က စစ်ကောင်စီဝင်များ၊ ၎င်းတို့၏ ဆွေမျိုးမိသားစုဝင်စုစုပေါင်း (၂၇၀) ၏ ငွေကြေးပိုင်ဆိုင်မှုနှင့် ငွေကြေးလွှဲပြောင်းမှုများကို ထိန်းချုပ်ထားရာမှ ယခုအခါ (၃၉၂) ဦးအထိ တိုးချဲ့လိုက်သည်။

ထို့အပြင် ဆွစ်ဇာလန်နိုင်ငံက ကုမ္ပဏီများက နအဖပိုင်လုပ်ငန်း (၃၉) ခုတွင် ပါဝင်ထားသော အစုရှယ်ယာများနှင့် ၎င်းလုပ်ငန်းများအတွက် ငွေကြေးထုတ်ချေးခြင်းများကိုလည်း တားဆီးပိတ်ပင်လိုက်သည်။

ဆွစ်ဇာလန်အစိုးရ စီးပွားရေးအတွင်းဝန်များအဖွဲ့ (ဆီကို) အကြီးအကဲ ရိုလန်ဗော့က ယခုကဲ့သို့ အရေးယူဆောင်ရွက်မှုသည် ဥရောပနိုင်ငံများအဖွဲ့ (အီးယူ) က ပြီးခဲ့သည့်ဧပြီလတွင် ပြင်ဆင်ချမှတ်ခဲ့သော မြန်မာနိုင်ငံဆိုင်ရာ တိုးချဲ့ပိတ်ပင်မှုများနှင့် လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ခြင်းဖြစ်ပြီး ဆွစ်ဘဏ်များသည် ဥရောပနိုင်ငံများအဖွဲ့က ပိတ်ဆို့ထိန်းချုပ်ထားသော ငွေကြေးရှင်များ၏ နိဗ္ဗာန်ဘုံမဖြစ်စေလိုပဟု ပြောဆိုသည်။❖

## ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေး နိုဗယ်လ်ငြိမ်းချမ်းရေးဆုရှင် (၁၂) ဦးတောင်းဆို

နေအိမ်အကျယ်ချုပ်ကျခံနေရသော မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ချက်ချင်းပြန်လွှတ်ပေးရန် ကမ္ဘာ့ငြိမ်းချမ်းရေးနိုဗယ်ဆုရှင် (၁၂) ဦးက ဇွန်လ (၁၇) ရက်နေ့က တောင်းဆိုလိုက်သည်။

ဒေါ်အောင်ဆန်းစုကြည်၏ အသက် (၆၁) နှစ်ပြည့် မွေးနေ့မတိုင်မီ (၂) ရက်အလိုတွင်ထုတ်ပြန်သော နိုဗယ်ငြိမ်းချမ်းရေးဆုရှင်များ၏ နှစ်ပတ်လည်အစည်းအဝေးအထူးကြေညာချက်တွင် ''ကျွန်ုပ်တို့ နိုဗယ်လ်ငြိမ်းချမ်းရေးဆုရှင်များသည် ဒေါ်အောင်ဆန်းစုကြည်၏နိုင်ငံရေးနှင့် ပုဂ္ဂလိကလွတ်မြောက်ရေးအတွက် တောင်းဆိုပါသည်'' ဟု ဖော်ပြထားသည်။

တောင်ကိုးရီးယားနိုင်ငံ ဂွမ်ဂျူးမြို့တော်တွင် စနေနေ့က ကျင်းပသောအစည်းအဝေးတွင် တောင်ကိုးရီးယားသမတဟောင်း ကင်ဒေးဂျုံ၊ ဆိုဗီယက်ခေါင်းဆောင်ဟောင်း



တောင်ကိုရီးယား၌ကျင်းပသော နိုဗယ်လ်ငြိမ်းချမ်းရေးဆုရှင်များ
နှစ်ပတ်လည်းအစည်းအဝေး၌တွေ့ရသော နိုဗယ်လ်ငြိမ်းချမ်းရေးဆုရှင်များ

မစ်ကယ်ဂိုဗချော့တို့ပါဝင်သော နိုဗယ်လ်ငြိမ်းချမ်းရေးဆုရှင်များက မြန်မာ့ဒီမိုကရေစီရေးအတွက် ဒေါ်အောင်ဆန်းစုကြည်၏ ဒီမိုကရေစီရေးကြိုးပမ်းချက်ကို ထောက်ခံကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြသည်။

(၁၉၉၁) ခုနှစ် နိုဗယ်လ်ငြိမ်းချမ်းရေးဆုရှင် ဒေါ်အောင်ဆန်းစုကြည်သည် ကမ္ဘာ့ပေါ်တွင် အကျဉ်းကျခံနေရသော တဦးတည်းသော နိုဗယ်လ်ငြိမ်းချမ်းရေးဆုရှင်ဖြစ်ပြီး၊ လွန်ခဲ့သော (၁၇) နှစ်တာအတွင်း (၁၀) နှစ်ကျော်ကာလကို နေအိမ်အကျယ်ချုပ်ဖြင့် ထိန်းသိမ်းခံခဲ့ရသည်။❖

မင်းဆိုးကို မိုးကြိုး ပစ်ပြီ

## အယ်ဒီတာ့အာဘော်

# “နိုင်ငံရေးပါတီမရှိလျှင် နိုင်ငံတော်မရှိနိုင်”

**“ဒီတိုင်းပြည်မှာထူးဆန်းတာ ကော်မရှင်က လူတယောက်မှမကျန်တော့ဘူး။ သေကုန်ပြီ။ အဲဒါကို ဘယ်သူ ဘယ်ကော်မရှင်က အမိန့်ပေးလို့ ဒီအောက်ခြေမှာရှိတဲ့ မြို့တွေတိုင်းတွေကနေပြီးတော့ ညွှန်ကြားချက်တွေထုတ်ပြီးတော့ ပါတီတွေကိုအုပ်ချုပ်ပြီးတော့ ဘာအစည်းအဝေး မလုပ်ရဘူး၊ ဘာမလုပ်ရဘူး၊ ညာမလုပ်ရဘူး၊ ဘာလုပ်လို့ရှိရင် ဘယ်နှစ်ရက်ကြိုတင်ပြီး အကြောင်းကြားရမယ်တို့ ဘာတို့၊ ဒီဟာတွေ အားလုံးက ဘယ်ကနေ Authority (အခွင့်အာဏာ) ရပြီး ဘယ်သူ တွေကလုပ်နေသလဲ မသိဘူး။ သူတို့ညွှန်ကြားချက်နဲ့အညီ အမိန့်ကို မလိုက်နာဘူး။ မလိုက်နာရင် အရေးယူမယ် ဘာမယ်ဆိုပြီးတော့ ဖြစ်နေတယ်”**။

အဲန်အယ်လ်ဒီပါတီများကို အတင်းအကြပ် နှုတ်ထွက်ခိုင်းနေခြင်းနှင့်စပ်လျဉ်း၍ ဇွန်လ (၈) ရက်နေ့တွင် ပြောရေးဆိုခွင့်ရှိပုဂ္ဂိုလ် ဦးလွင်၏ အထက်ပါ ထုတ်ဖော်ပြောဆိုချက်ကို သုံးသပ်ကြည့်လျှင် မြန်မာနိုင်ငံတွင် တရားဥပဒေစိုးမိုးမှု လုံးဝကင်းမဲ့နေသည်မှာ သိသာထင်ရှားလှပေသည်။ ပိုမိုဆိုးဝါးသည်မှာ စစ်အာဏာရှင်တို့က နိုင်ငံရေးပါတီများ၏ တရားသဖြင့်သောရပိုင်ခွင့်များကို နင်းချေဖျက်ဆီးလျက် အစိုးရအကြမ်းဖက်ဝါဒ (State terrorism) ကို ကျင့်သုံးနေခြင်းဖြစ်သည်။ စစ်အစိုးရပြန်ကြားရေးဝန်ကြီးဆိုသူက “နိုင်ငံတော်အစိုးရအနေနဲ့ အဲန်အယ်လ်ဒီရဲ့ တွေ့ဆုံဆွေးနွေးရေးဆိုတဲ့ဟာကို ဆောင်ရွက်ဖို့အကြောင်းမရှိပါဘူး” ဟု အဲန်အယ်လ်ဒီ၏ အမျိုးသားပြန်လည်သင့်မြတ်ရေး ကမ်းလှမ်းချက်ကိုပယ်ချခဲ့ပြီး မြေအောက်အဖွဲ့အစည်းများနှင့် အဆက်အသွယ်ရှိသည်ဟုစွပ်စွဲကာ နိုင်ငံရေးပါတီအဖြစ်ကနေ ရုပ်သိမ်းပစ်နိုင်ကြောင်း ထပ်မံခြိမ်းခြောက်ခဲ့ပေသည်။

ယင်းသို့သော တရားမဲ့လုပ်ရပ်များအပြင် အစိုးရပိုင်သတင်းစာများမှနေ၍ အဲန်အယ်လ်ဒီပါတီ၏လုပ်ရပ်များအပေါ်တွင် အဲန်အယ်လ်ဒီပါတီဝင်များက မယုံကြည်ကြတော့၍ ပါတီမှနှုတ်ထွက်ကြောင်းသတင်းများကို မကြာခဏဖော်ပြနေသည်ကို တွေ့မြင်နေရသည်။ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကိုလည်း အမျိုးမျိုးအပုတ်ချဝေဖန်ကာ သူတို့အခေါ် မီဒီယာလက်နက်ဖြင့် တိုက်ခိုက်လျက်ရှိသည်။

တခြားတဖက်တွင်လည်း ကြံ့ဖွံ့အသင်းအား၊ တရားဝင်နိုင်ငံရေးပါတီအဖြစ် အသွင်ပြောင်းကာ ရွေးကောက်ပွဲဝင်နိုင်ရေးအတွက် ပြင်ဆင်ဆိုင်းပြင်းလျက်ရှိသည်ကို တွေ့မြင်နေရသည်။ ကြံ့ဖွံ့၏ နယကအားလုံးသည် နအဖအဖွဲ့ဝင်များဖြစ်ပြီး အလုပ်အမှုဆောင်အဖွဲ့မှာ အစိုးရဝန်ကြီးများနှင့် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့ဝင်များ ဖြစ်နေသည်ကို ထင်ထင်ရှားရှားတွေ့နေရသည်။ အမှန်မှာ နအဖနှင့်ကြံ့ဖွံ့သည် ခေါင်းနှင့်ပန်းပမာ ခွဲခြားမရသော ဒင်္ဂါးတပြား၏ ဘက်နှစ်ဖက်သာဖြစ်သည်ကို မြန်မာပြည်သားအားလုံးက သိမြင်နားလည်ပြီး ဖြစ်ပေသည်။ ကြံ့ဖွံ့အဖွဲ့သည် စစ်အာဏာရှင်စနစ်၏ အသွင်ပြောင်းထားသော မျက်နှာသစ်သာ ဖြစ်လာလိမ့်မည်ဆိုသည်ကို ကမ္ဘာပြည်သူများကလည်း နားလည်သဘောပေါက်ပြီး ဖြစ်ပေသည်။

ယနေ့အခြေအနေအရပ်ရပ်ကို သုံးသပ်၍ကြည့်လျှင် နအဖသည် နိုင်ငံရေးပါတီများ၏ စစ်မှန်သောအခန်းကဏ္ဍကို လုံးဝပယ်ဖျက်လျက် စစ်တပ်ပါတီဖြစ်သည့် ကြံ့ဖွံ့မှ လာမည့်ရွေးကောက်ပွဲတွင် အသာစီးရစေရန် ဗျူဟာမြောက်ခင်းကျင်းလုပ်ဆောင်လျက်ရှိသည်ကို တွေ့မြင်နေရသည်။ ယင်းလုပ်ဆောင်မှုမှာ အလွန်အန္တရာယ်များ၍ တိုင်းပြည်အား ဆုံးစမထင်သော ချောက်ကမ်းပါးထဲသို့ တွန်းပို့နေသကဲ့သို့ဖြစ်သည်။ ယင်းလုပ်ရပ်ကို တိုင်းချစ်ပြည်ချစ်များက ဝိုင်းဝန်းကာကွယ်တားဆီးရပေမည်။ နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍကို တရားဥပဒေနှင့်အညီ ပေါ်ထွန်းလာရေးသည် နိုင်ငံသားအားလုံးအတွက် ကြီးမားလှသော ယနေ့ကာလ မဟာတာဝန်တရပ်ဖြစ်သည်။ အမေရိကန် အတွေးအခေါ်ပညာရှင် ကလင်တန်ရိုစီတာက **“ဒီမိုကရေစီမရှိလျှင် နိုင်ငံတော်မရှိ” “နိုင်ငံရေးမရှိလျှင် ဒီမိုကရေစီမရှိ” “နိုင်ငံရေးပါတီမရှိလျှင် နိုင်ငံရေးမရှိ ”**ဟု ဆိုခဲ့ဖူးသည်။ “အဓိပ္ပာယ်မှာ နိုင်ငံရေးပါတီဟူ၍ မရှိလျှင် နိုင်ငံတော်ပင်မရှိနိုင်”ဟု ယူဆရ၏။ သို့ပါ၍ စစ်မှန်သောပါတီစုံ ဒီမိုကရေစီ နိုင်ငံရေးစနစ် ပေါ်ထွန်းရေးသည်၊ နိုင်ငံတော်တည်ရှိရေး၏ အခြေခံမှုဖြစ်သည့် အားလျော်စွာ၊ နိုင်ငံရေးပါတီများ၏ တရားဥပဒေနှင့်အညီ လှုပ်ရှားနိုင်မှုများ၊ အခွင့်အလမ်းများကို နောင်မျိုးဆက်သစ်များ အလွယ်တကူရယူဆောင်ရွက်နိုင်စိမ့်သော ဌာရည်ရွယ်၍ ယခုကာလကတည်းကပင် နိုင်ငံတော်တည်ရှိရေးကို အာမခံသည့် နိုင်ငံရေးပါတီများတည်ဆောက်ရေးကို အလေးအနက်ထားဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း တိုက်တွန်းရပေသည်။

❖

# အဲန်အယ်လ်ဒီ၏အစည်းအဝေးမှတ်တမ်း နအဖမှတောင်းခံ

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ လှုပ်ရှားမှုများကို ပိုမိုကန့်သတ်လာသည့်အနေဖြင့် ဇွန်လအတွင်းက မန္တလေးတိုင်း၊ ချင်းပြည်နယ်နှင့် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်အဖွဲ့ချုပ်ခေါင်းဆောင်များကို အာဏာပိုင်များကခေါ်ယူ၍ အစည်းအဝေးမှတ်တမ်းများကို ဓာတ်ပုံနှင့်တကွပေးအပ်ရန် တောင်းဆိုခဲ့ကြောင်းသိရှိရသည်။

မန္တလေးတိုင်း မတ္တရာမြို့နယ်၊ ချင်းပြည်နယ် ဟားခါးမြို့နယ်နှင့် ရန်ကုန်တိုင်းတွင် တောင်ဥက္ကလာပမြို့နယ်၊ ဗဟန်းမြို့နယ်၊ ဒေါပုံမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ သာကေတမြို့နယ်များတွင် အာဏာပိုင်များက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ တာဝန်ရှိသူများကိုခေါ်ယူပြီး ဆွေးနွေးပွဲအစည်းအဝေးများအတွက် ကြိုတင်ခွင့်ပြုချက်ရယူရန်၊ အစည်းအဝေးမှတ်တမ်းနှင့် တက်ရောက်သူစာရင်းကို ဓာတ်ပုံမှတ်တမ်းများနှင့်တကွ ပေးပို့ရန် တောင်းဆိုခဲ့ကြောင်း အဖွဲ့ချုပ်ပြောရေးဆိုခွင့်ရှိသူ ဦးမြင့်သိန်းက ဗွီအိုအေသို့အတည်ပြုပြောကြားသည်။

မြို့နယ်တချို့တွင် အဲန်အယ်လ်ဒီအစည်းအဝေးသို့ နအဖဘက်မှ ပုဂ္ဂိုလ်တဦး တက်ရောက်၍ ဓါတ်ပုံမှတ်တမ်းရိုက်ယူမည်ဆိုသည့်အထိ အတင့်ရဲရဲ တောင်းဆိုလာကြောင်း၊ နအဖ၏တောင်းဆိုမှုသည် နိုင်ငံရေးပါတီများ၏ နိုင်ငံရေးလှုပ်ရှားမှုကို ဝင်စွက်ဖိအားပေးခြင်းဖြစ်၍ လက်မခံနိုင်ကြောင်း ဦးမြင့်သိန်းက ဆိုသည်။

ဆက်လက်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် အာဏာပိုင်များ၏ လက်အောက်ခံအဖွဲ့အစည်းမဟုတ်ကြောင်း၊ အစည်းအဝေးဆွေးနွေးပွဲများပြုလုပ်ခြင်းသည် နိုင်ငံရေးပါတီတရပ်၏ လုပ်ပိုင်ခွင့်ဖြစ်ကြောင်း၊ အဲန်အယ်လ်ဒီသည် ယင်းလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်လှုပ်ရှားသွားမည်ဖြစ်ကြောင်း ဦးမြင့်သိန်းက ဆိုသည်။

“နိုင်ငံရေးပါတီတရပ်ဆိုတာ ကန့်သတ်ထားတဲ့ ဥပဒေနဲ့အညီ ဖွဲ့စည်းထားတဲ့နိုင်ငံရေးပါတီဖြစ်တယ်။ ဒါ့ကြောင့်မိုလို့ အဲ့ဒီအစည်းအဝေးမှတ်တမ်းတွေပေးဖို့ တို့ဓါတ်ပုံမှတ်တမ်းတွေပေးဖို့ဆိုတာကတော့ ကျနော်တို့နိုင်ငံရေးပါတီတခုအနေနဲ့ ဘယ်လိုမှမဖြစ်နိုင်ပါဘူး”ဟု ဦးမြင့်သိန်းက ဆိုသည်။

အဲန်အယ်လ်ဒီအဖွဲ့ဝင်တဦးက ယခင်က အဲန်အယ်လ်ဒီက အစည်းအဝေးပြုလုပ်လျှင် သက်ဆိုင်ရာအာဏာပိုင်များထံ ကြိုတင်အသိပေးခြင်းများသာရှိခဲ့သဖြင့် နအဖဘက်မှ တဆင့်တိုး၍ စွက်ဖက်လာခြင်းဖြစ်သည်ဟု သုံးသပ်သည်။

❖

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

အမှတ်–၉၇/ခ၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၁၃၆၆ ခုနှစ်၊ နယုန်လပြည့်ကျော် (၄) ရက်
၂၀၀၆ ခုနှစ် ၊ ဇွန်လ (၁၄) ရက်

အထူးကြေညာချက်– ၄/ ၀၆/ ၀၆

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် နိုင်ငံနှင့်ပြည်သူလူထုတို့၏ အကျိုးစီးပွားကိုရှေ့ရှု၍ အမျိုးသားရင်ကြားစေ့ရေးကို အစဉ်တစိုက်ကြိုးပမ်းနေပါသည်။ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးဆိုသည်မှာ မြင့်မြတ်ကြီးမားသည့်ကိစ္စတရပ်ဖြစ်ပါသည်။ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအတွက် စေ့စပ်ဆွေးနွေးခြင်း (Negotiation) ၏ ရလဒ်အကောင်းအဆိုးသည် တိုင်းပြည်၏ အနာဂတ်ငြိမ်းချမ်းသာယာရေးအတွက်ဖြစ်ပါသည်။ ထို့ကြောင့် တိုင်းပြည်၏အနာဂတ်ကောင်းမွန်စေရန် စေ့စပ်ဆွေးနွေးမည့်ပုဂ္ဂိုလ် (Negotiator) သည် နိုင်ငံရေးအတွေ့အကြုံပေါကြွယ်ဝသော၊ နှစ်ဦးနှစ်ဘက်လက်ခံနိုင်သည့် ဘုံအကျိုးစီးပွားကိုရရှိရန် စိတ်ဆန္ဒထက်သန်ပြီး စွမ်းဆောင်ရည်ရှိသော အဆင့်မြင့်ပုဂ္ဂိုလ်ဖြစ်ရန် အထူးလိုအပ်ပါသည်။

သို့ပါ၍ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအတွက် တွေ့ဆုံဆွေးနွေးရာတွင် စေ့စပ်ဆွေးနွေးမည့် ပုဂ္ဂိုလ် (Negotiator) သည် အရှေ့တောင်အာရှနိုင်ငံများအသင်းမှသာမက မည်သည့်ဒေသမှမဆို နိုင်ငံရေးအတွေ့အကြုံပေါကြွယ်ဝပြီး စွမ်းရည်ပြည့်ဝ၍ ကုလသမဂ္ဂက လုပ်ပိုင်ခွင့်အပ်နှင်းပေးသော နိုင်ငံ့ခေါင်းဆောင်ကြီးတဦးဦးဖြစ်သင့်ကြောင်း ကြေညာလိုက်ပါသည်။

(၁၃–၀၆–၀၆) နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ

ရန်ကုန်မြို့
ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်



# စာပေစိစစ်ရေးက ဂျာနယ် အစောင် (၄၀) ကို ထုတ်ဝေခွင့်ပိတ်ပင်လိုက်ပြန် အလိုတော်ရိများပါဝင်သောစာပေနှင့် စာနယ်ဇင်း အမှုဆောင်အဖွဲ့ ဖွဲ့စည်း

ပြန်ကြားရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ပြည်တွင်း၌ ထုတ်ဝေနေသော ဂျာနယ် (၁၃) စောင်နှင့် မဂ္ဂဇင်း (၂၃) စောင်ကို ပိတ်ပင်လိုက်ကြောင်း ဇူလိုင်လထုတ် (Weekly Eleven Journal) တွင် ဖော်ပြထားသည်။

အပိတ်ပင်ခံလိုက်ရသော ဂျာနယ်များတွင် မြန်မာ့စီးပွားရေးဂျာနယ်၊ ရွှေမြန်မာဂျာနယ်၊ အင်တာဗျူးဂျာနယ်၊ မြတ်ဂျာနယ်၊ ဘုလက်တင်ဂျာနယ်၊ ရွှေပြည်အေးဂျာနယ်၊ ရှုမဝဂျာနယ်၊ တော်ဝင်ဂျာနယ်၊ နဝဒေးဂျာနယ်စသည်တို့ပါဝင်ပြီး၊ အကြောင်းရင်းကိုမသိရပေ။

နအဖ၏ ပြန်ကြားရေးဌာနသည် ယမန်နှစ် ဇူလိုင်လမှစ၍ မဂ္ဂဇင်း (၄၂) စောင်နှင့် ဂျာနယ် (၇၂) ကို စာပေစိစစ်ရေး၏ တင်းကြပ်သောစည်းမျဉ်းစည်းကမ်းအောက်တွင် ထုတ်ဝေခွင့်ပြုထားခြင်းဖြစ်သည်။

စာပေအသိုင်းအဝိုင်းတွင် နာမည်ဆိုးဖြင့်ကျော်ကြားသော စာပေစိစစ်ရေးဌာနသည် ယခင်က ပြည်ထဲရေးဌာနလက်အောက်ခံဖြစ်ခဲ့သော်လည်း ယခုနှစ် ဖေဖော်ဝါရီလမှစ၍ ဗိုလ်ချုပ်ကျော်ဆန်း၏ ပြန်ကြားရေးဌာနက လွှဲပြောင်းယူခဲ့သည်။

ဂျာနယ်မဂ္ဂဇင်းများကို ပိတ်ပင်လိုက်ခြင်းအပြင် စာပေစိစစ်ရေးဌာနသည် ပြီးခဲ့သည့်ရက်ပိုင်းမှစတင်၍ လစဉ်ထုတ်ဂျာနယ်များအပေါ် ယခင်ကထက် ပိုမိုတင်းကျပ်လာကြောင်း သတင်းများကဆိုသည်။

ယခုလအတွင်း စာပေစိစစ်ရေးရုံးသို့ တင်ပြသော မဂ္ဂဇင်းများအနက် သောင်းပြောင်းထွေလာ၊ (The New Spectaular) နှင့်ဂျာနယ်သစ်များဖြစ်သော (The Wave) နှင့်ပိတောက်ပွင့်သစ်တို့အပေါ် အကြီးအကျယ်စိစစ်ဖြတ်တောက်မှုများပြုလုပ်ခဲ့သည်ဟု စာနယ်ဇင်းအသိုင်းအဝိုင်းကို ကိုးကားသော သတင်းများကဆိုသည်။

နအဖသည် ယခုလဆန်းပိုင်းကလည်း မီဒီယာကို မီဒီယာနှင့်ပြန်လည်တုံ့ပြန်မည်ဟူသောရည်ရွယ်ချက်ဖြင့် မြဝတီ၊ ဟိန်းလတ်စသောအလိုတော်ရိအုပ်စုဖြင့် စာပေနှင့်စာနယ်ဇင်းအမှုဆောင်အဖွဲ့ကို ပြန်လည်ဖွဲ့စည်းခဲ့သည်ဟု သိရသည်။

မဟာဂျာနယ်နှင့် ကောင်းသတင်းဂျာနယ် အယ်ဒီတာ မြတ်ခိုင်သည် ပြန်ကြားရေးဝန်ကြီး ကျော်ဆန်း၏ သတင်းစာရှင်းလင်းပွဲများတွင် ကြိုတင်ဇာတ်တိုက်ထားသောမေးခွန်းများကို အဆက်မပြတ်မေးမြန်းခဲ့သဖြင့် အလိုတော်ရိအဖြစ် နာမည်ပျက်နေသူဖြစ်သည်။

ဂျာနယ်နှင့်မဂ္ဂဇင်းများကို စာပေစိစစ်ရေးက ယခုကဲ့သို့ ပိတ်ပင်လိုက်သည့်အပေါ် အမည်မဖော်လိုသော မဂ္ဂဇင်းအယ်ဒီတာတဦးက လူထုသည် နအဖထိန်းချုပ်ထားသောသတင်းစာများကို အယုံအကြည်မရှိတော့ဘဲ ပုဂ္ဂလိကဂျာနယ်နှင့် မဂ္ဂဇင်းများအပေါ် ပိုမိုအားကိုးလာခြင်းသည် နအဖအတွက် မနှစ်မြို့စရာအချက်ဖြစ်သည်ဟု ဆိုသည်။

''လူငယ်တွေက အမှန်တရားကိုရှာကုန်ကြပြီ၊ အဲလိုဆိုတော့ သူတို့တွေ နောက်ကျောမလုံတော့ဘူး။ ပြင်ပမီဒီယာကို ရန်သူလိုမြင်လာတယ်။ ဝါးလုံးရှည်နဲ့ မြင်မြင်ရာရမ်းတော့တာပဲ၊ မဂ္ဂဇင်းတွေကိုပိတ်တယ်။ စာမူတွေကိုဖြတ်တယ်၊ စာနယ်ဇင်းလောကအတွက် စိုးရိမ်စရာပေါ့လေ''ဟု သူက ပြောသည်။ ❖

# ဒေါ်အောင်ဆန်းစုကြည်အား မတရားဖမ်းဆီးထားသည့်အပေါ် မိသားစုဝင်တဦးက ကုလလူ့အခွင့်အရေးကော်မရှင်သစ်တွင် ပထမဆုံးအမှုဖွင့်

ဒေါ်အောင်ဆန်းစုကြည်ကို မတရားဖမ်းဆီးထားသည့် နအဖစစ်အုပ်စုကို သူမ၏ မိသားစုဝင်တဦးက အသစ်ပြောင်းလဲဖွဲ့စည်းလိုက်သော ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်သစ်တွင် ဇွန်လ (၁၅) ရက်နေ့က ပထမဆုံးအကြိမ် အမှုဖွင့်တရားစွဲလိုက်သည်။

ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများ လွတ်မြောက်ရေးကြိုးပမ်းနေသော အမေရိကန်အခြေစိုက် (Freedom Now) အဖွဲ့က၊ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီလက်အောက်ခံ မတရားဖမ်းဆီးချုပ်နှောင်ထားမှုနှင့်ဆိုင်သော ကုလသမဂ္ဂအလုပ်အဖွဲ့သို့ တိုက်ရိုက်အမှုဖွင့်ခြင်းဖြစ်သည်။

''လူ့အခွင့်အရေးကောင်စီသစ်မှာ ပထမဆုံးစွဲဆိုတဲ့ဒီအမှုဟာ ကမ္ဘာ့ပေါ်မှာ လူ့အခွင့်အရေး၊ ဒီမိုကရေစီနဲ့လွတ်လပ်ရေးအတွက်အရေးကြီးတဲ့ သင်္ကေတတခုရဲ့ကိုယ်စားပြုဆိုတဲ့အမှုဖြစ်နေတဲ့အတွက် အင်မတန်ပဲ လိုက်လျောညီထွေမှုရှိပါတယ်''ဟု (Freedom Now) အဖွဲ့၏ ဥက္ကဋ္ဌ ဂျာရတ်ဂန်ဆာ (Jared Genser) က အေအက်ဖ်ပီသို့ ပြောသည်။

သို့သော် ဂန်ဆာက သူအား အမှုဖွင့်တရားစွဲဆိုရန် လုပ်ပိုင်ခွင့်ပေးလိုက်သော ဒေါ်အောင်ဆန်းစုကြည်၏မိသားစုဝင်အမည်ကို ၎င်းတို့၏ ပုဂ္ဂလိကလွတ်လပ်မှုကိုထိန်း သိမ်းလို၍ ဖွင့်ပြောရန်ငြင်းဆိုသည်။

ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ အလုပ်အဖွဲ့က ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်ချထားခြင်းသည် နိုင်ငံတကာဥပဒေကို ချိုးဖောက်ခြင်းဖြစ်သည်ဟု ယခင်က ကြေညာထားခဲ့သည်။

မစ္စတာဂျရတ်ဂန်ဆာသည် ချက်သမတဟောင်း ဗားကလပ်ဟာဗဲလ်နှင့် တောင်အာဖရိကဘုန်းတော်ကြီး ဒက်စ်မွန်တူးတူးတို့ ကုလသမဂ္ဂလုံခြုံရေးကောင်စီကို တင်သွင်းခဲ့သည့်အစီရင်ခံစာကို အဓိကပြုစုရေးသားခဲ့သူဖြစ်သည်။

ယခု တရားစွဲဆိုမှုနှင့်ပတ်သက်၍ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီက ဆုံးဖြတ်ချက်မချမီ ရက်ပေါင်း (၉၀) အတွင်း တုန့်ပြန်ရန် စစ်အုပ်စုကိုအချိန်ပေးထားသည်ဟု သိရသည်။

❖

# မြန်မာ့ဒီမိုကရေစီရေးက ကမ္ဘာ့နိုင်ငံများကိုစိန်ခေါ်

နယ်သာလန်နိုင်ငံ (The Heague) မြို့တွင် အခြေစိုက်သော UNPO (ခေါ်) ကိုယ်စားမဲ့နိုင်ငံများနှင့် လူထုအဖွဲ့၏ ဇွန်လ (၁၂) ရက်နေ့က ကြေညာချက်တွင် မြန်မာနိုင်ငံတွင် ဒီမိုကရေစီအစိုးရတရပ် ပေါ်ထွန်းလာရေးအတွက် ကုလသမဂ္ဂအဖွဲ့ဝင် ဒေသတွင်းနိုင်ငံများနှင့် အနောက်တိုင်းဒီမိုကရေစီနိုင်ငံများ၊ စိန်ခေါ်မှုများနှင့်ရင်ဆိုင်နေရသည်ဟု ဖော်ပြထားသည်။ အိမ်နီးချင်း ထိုင်း၊ မလေးရှား၊ စင်ကာပူနှင့် အမေရိကန်၊ United Kingdom (ဗြိတိန်)၊ ကနေဒါ၊ ဩစတြေးလျစသော ဒီမိုကရေစီနိုင်ငံတို့သည် မြန်မာနိုင်ငံသားများအပေါ် ဆယ်စုနှစ်များနှင့်ချီ၍ ရာဇဝတ်မှုကျူးလွန်နေသော်လည်း စစ်အုပ်စုကို ထိထိရောက်ရောက်ဖိအားပေးရန် သတ္တိမရှိလှဟု အစီရင်ခံစာကဆိုသည်။ UNPO အတွင်းရေးမှူးချုပ် (Marino Busdachin) က မြန်မာပြည် ဒီမိုကရေစီပြန်ရရေးသည် ကုလသမဂ္ဂ၊ အမေရိကန်၊ ဥရောပသမဂ္ဂတို့အတွက် ဦးထိပ်ထားသင့်သည့်ကိစ္စတရပ်ဖြစ်သကဲ့သို့ နိုင်ငံတကာဖိအားကို ယခုထပ် ပိုမိုတိုးမြှင့်ရန် လိုအပ်သည်ဟု ဆိုသည်။ နည်းလမ်းတရပ်အနေဖြင့် လူထုကိုဖိနှိပ်အုပ်ချုပ်နေသော စစ်အုပ်စုကို (The Heague) ရှိ နိုင်ငံတကာရာဇဝတ်ခုံရုံးတွင် ရုံးတင်စစ်ဆေးနိုင်ရန် နိုင်ငံတကာအသိုင်းအဝိုင်းက ကြိုးပမ်းသင့်သည်ဟု Marino က ပြောသည်။

❖

# ရန်ကုန်တိုင်းတွင် အိမ်တိုင်း မိသားစုဓာတ်ပုံရိုက်ဆွဲရန် အမိန့်ထုတ်

မေလကုန်ပိုင်းမှစတင်ပြီး ရန်ကုန်တိုင်းတွင် မြို့နယ်တိုင်းရှိ ရပ်ကွက်တိုင်း အိမ်တိုင်း မိမိတို့၏ သန်းခေါင်စာရင်းတွင် မိသားစုဓာတ်ပုံများကိုပူးတွဲပြီး မိမိတို့အိမ်ရှေ့ အလွယ်တကူမြင်နိုင်သောနေရာတွင် ကပ်ထားရမည်ဟု အာဏာပိုင်များက ညွှန်ကြားထားကြောင်း သိရသည်။

လုံခြုံရေးအကြောင်းပြချက်ဖြင့် ရန်ကုန်မြို့ဆင်ခြေဖုံးမြို့များသာမက မြို့တွင်းကိုပါ အဆိုပါညွှန်ကြားချက်ပေးပို့ခဲ့ပြီး မိသားစုဓာတ်ပုံများကို အိမ်တွင်ချိတ်ဆွဲရသည်သာမက သက်ဆိုင်ရာရပ်ကွက် အာဏာပိုင်များထံသို့ပါ မိတ္တူပေးပို့ရန် ညွှန်ကြားထားသည်။

ဒဂုံမြို့သစ်တောင်ပိုင်းတွင် နေထိုင်သော ကျောင်းသားခေါင်းဆောင် ကိုမင်းဇေယျာက ယင်းတို့ရပ်ကွက်တွင် ဇွန်လတတိယပတ်အတွင်းက စတင်ခဲ့သည်ဟု အတည်ပြုပြောကြားခဲ့ပြီး အာဏာပိုင်များ၏ ညွှန်ကြားချက်သည် နိုင်ငံသားများ၏ လုံခြုံရေးနှင့်လွတ်လပ်ခွင့်ကို ခြိမ်းခြောက်နေသည်ဟုဆိုသည်။ ပါမောက္ခ ဒေါက်တာ ဆလိုင်းထွန်းသန်းက လူတိုင်းအကြမ်းမဖက်သည့်နည်းဖြင့် ဆန့်ကျင်ဆန္ဒပြရန် မြန်မာပြည်သူများသို့ တိုက်တွန်းခဲ့ပြီးနောက် စစ်အာဏာပိုင်များက ထိုစီမံချက်ကို တောင်ဥက္ကလာပနှင့် လှိုင်သာယာမြို့နယ်တို့တွင် စတင်လုပ်ဆောင်ခဲ့သည်။

မိသားစုဓာတ်ပုံများကို မိမိအစီအစဉ်ဖြင့် အခြားဓာတ်ပုံဆိုင်တွင်ရိုက်ခွင့်မရှိဘဲ သက်ဆိုင်ရာအာဏာပိုင်များ၏ စီစဉ်မှုဖြင့်သာရိုက်ရမည်ဖြစ်ကြောင်း သိရသည်။ ❖

# ကျောင်းကားခဈေးကြီးသဖြင့် ဒဂုံတက္ကသိုလ်ကျောင်းသားများနှင့် ကျောင်းအာဏာပိုင်များပြဿနာတက်

မေလဆန်းက ကျောင်းကားမလိုက်သည်ကို မကျေနပ်သောမကွေးစက်မှုတက္ကသိုလ်ကျောင်းသားများ၏ ဆန္ဒပြမှုဖြစ်ပွားခဲ့ပြီးနောက် ပြီးခဲ့သည့်လကလည်း ဒဂုံတက္ကသိုလ်ကျောင်းသားများနှင့် ကျောင်းအာဏာပိုင်များကြားတွင် အလားတူပြဿနာတရပ်ထပ်မံဖြစ်ပွားခဲ့သည်။

ရန်ကုန်တိုင်း အရှေ့ပိုင်းရှိ ဒဂုံမြို့သစ်တွင်ဖွင့်လှစ်ထားသည့် ဒဂုံတက္ကသိုလ်မှ ကျောင်းသားများက ကျောင်းကားများကို လျော့ပေါ့ပေးရန် မော်ကွန်းထိန်းထံသွားရောက်ဆွေးနွေးခဲ့ကြရာ မော်ကွန်းထိန်းက မချေမငံပြောဆိုဆက်ဆံခဲ့သည့်အတွက် ကျောင်းသားများ ကြားမကျေမနပ်ဖြစ်ခဲ့ကြသည်။

မော်ကွန်းထိန်းက ကျောင်းသားများ၏ တောင်းဆိုချက်ကို မလိုက်လျောသည့်အပြင် ခြိမ်းခြောက်မှုများပြုလုပ်ခဲ့သဖြင့် ဆရာ၊ ဆရာမတချို့က ကြားဝင်ထိန်းသိမ်းပေးခဲ့ရသည်ဟု ကျောင်းသားများနှင့်နီးစပ်သူများက ဆိုသည်။

မကွေးမြို့မှ တက္ကသိုလ်ကျောင်းသားများ၏ ဆန္ဒပြမှုတွင် အာဏာပိုင်များဘက်မှ ကျောင်းကားလခကို ပြန်လည်လျော့ချပေးခဲ့သော်လည်း ကျောင်းသားခေါင်းဆောင်သူကျောင်းသားများအား ကျောင်းထုတ်ခြင်းများရှိခဲ့သည်ဆိုသည့် သတင်းများလည်းထွက်ပေါ်လာခဲ့သည်။ ❖

# အကျဉ်းသားများအား နိုင်ငံတော်က ဆက်ကျွေးမထားနိုင်တော့

ယခုနှစ်ကုန်ပိုင်းမှစတင်၍ မြန်မာနိုင်ငံရှိ အကျဉ်းထောင်နှင့်ရဲဘက်စခန်းများတွင် အကျဉ်းသားများကို နိုင်ငံတော်စရိတ်ဖြင့် ဆက်လက်ကျွေးမွေးတော့မှာ မဟုတ်ကြောင်း အင်းစိန်ထောင်မှအရာရှိတဦးကို ကိုးကားသော ဒီဗွီဘီသတင်းအရ သိရှိရသည်။

ပြည်ထဲရေးဝန်ကြီးဌာနက သက်ဆိုင်ရာထောင်အရာရှိများထံ ညွှန်ကြားထားချက်အရ အကျဉ်းသားများကိုယ်တိုင် နိုင်ငံတဝှမ်းရှိ မြေလွတ်မြေရိုင်းများတွင် စိုက်ပျိုးရေးဖြင့်ဝင်ငွေရှာပြီး ကိုယ်နည်း ကိုယ့်ဟန်ဖြင့် ရှာဖွေစားသောက်ရမည်ဖြစ်သည်။

ထို့အပြင် အထက်မြန်မာပြည်၊ အောက်မြန်မာပြည်ဆိုသော ထောင်ဖွဲ့စည်းပုံကို ဖျက်သိမ်းပြီး ပြည်နယ်တိုင်းအလိုက်ပြောင်းလဲဖွဲ့စည်းရန်လည်း ညွှန်ကြားထားကြောင်း သတင်းတွင် ဆက်လက်ဖော်ပြထားသည်။

❖

# မင်းသားနီကြီးသို့ အလေးနီ



'ရှစ်မိနစ်ပဲ
ဟောချင်တယ်လို့ပြောလိုက်တဲ့
အဓိပ္ပါယ်ကိုတော့
အားလုံးနားလည်ကြမှာပါ။
ရှစ်ဆိုတာ
ရှစ် ရှစ် ရှစ် ရှစ်
ရှစ်လေးလုံးအရေးတော်ပုံကြီးကို
ဂုဏ်ပြုတဲ့အနေနဲ့ပါ'

**ဝင်းတင့်ထွန်း**

(၁)

တော်ဘုရားလေးဦးအောင်ဇေနဲ့ ပထမဆုံး ဆုံဖူးတာက စာမျက်နှာပေါ်မှာ။

(၁၉၇၆) ခုနှစ်ဝန်းကျင်လောက်က ထွက်ပေါ်ခဲ့ဖူးတဲ့ ရခိုင်မဂ္ဂဇင်းတစောင်မှာပါ။ 'မိသားစုဝိုင်း'ဆိုတဲ့ မဂ္ဂဇင်းမှာပါ။ အဲဒီကာလက မြို့နယ်မဂ္ဂဇင်းတွေ ဟိုက ဒီက အသီးအသီး အသက အသက ထွက်ကြပါတယ်။ မိသားစုဝိုင်းဆိုတာကိုတော့ အဲဒီတုန်းက သံတွဲ၊ ဂွ၊ တောင်ကုတ် သုံးမြို့နယ်က ပေါင်းထုတ်တာလို့ မှတ်မိနေပါတယ်။ တခါတည်းပဲထွက်ခဲ့ရပြီး၊ တချီတည်းနဲ့ ပြဿနာပေါ်ခဲ့ရကာ အယ်ဒီတာလုပ်သူ ရခိုင်ရဲဘော်တဦးလည်း မဆလစစ်အစိုးရရဲ့ဖမ်းဆီးမှုကို ခံခဲ့ရပါတယ်။ အဲဒီလို မှတ်မှတ်ရရဖြစ်စရာကြီးဖြစ်ကျန်ခဲ့ရတဲ့ 'မိသားစုဝိုင်း'မဂ္ဂဇင်းမှာ၊ တခါတည်းပဲထွက်လိုက်ရဖူးတဲ့မဂ္ဂဇင်းမှာ အဖွင့်ကဗျာရေးသားခဲ့ကြသူတွေကတော့ ဆရာတင်မိုး၊ ဆရာမောင်စွမ်းရည်၊ ဆရာညွှန့်ကြူးတို့ပါဝင်သလို ကျနော့်ရဲ့ကဗျာလေးလည်းပါခဲ့ပါတယ်။ 'ပြန်ကြည့်လိုက်သောအခါ'လို့ ခေါင်းစဉ်တပ်ထားတဲ့ကဗျာလေးပါ။ ဆောင်းပါးတွေကလည်း ခပ်ရှရှ ခပ်မြမြတွေချည်းပါ။ မော်တော်ကားတာယာဖိနပ်ဘဲ အမြဲစီးတတ်တဲ့ ရှေ့နေရခိုင်ကြီး ကိုတင်မောင်ဝင်းကလည်း 'ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဆိုတာ ဘာလဲ'ဆိုပြီး ခပ်စပ်စပ်ဆောင်းပါးတစောင် ရေးတာမှတ်မိနေပါတယ်။ မဆလရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပြဋ္ဌာန်းပြီးကာစမှာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို တက်ပြီးကိုင်လိုက်တဲ့ တို့လိုက်တဲ့ ဆောင်းပါးလို့တောင်ဆိုမယ်ဆိုဆိုလောက်ပါတယ်။ အဲဒီထဲမှာ ဆရာဒဂုန်တာရာက မင်းသားနီကြီးလို့ ချစ်စနိုးခေါ်ဝေါ်ရတဲ့ ကျနော်တို့တော်ဘုရားလေး ဦးအောင်ဇေက ဝတ္ထုတပုဒ်ရေးပါတယ်။ ရှားရှားပါးပါးဝတ္ထုလို့တောင် ပြောရမယ်ထင်ပါတယ်။ သူကိုယ်တိုင် တရုတ်ပြည်ကိုသွားခဲ့ရတဲ့ခရီးမှာ တရုတ်ပြည်ကကုန်တိုက်တွေမှာ ရေမွှေးပုလင်းဝယ်ချင်လို့ ရေမွှေးပုလင်းလိုက်ရှာတာ ဘယ်မှာမှ ရှာလို့ဝယ်လို့မရခဲ့တဲ့ အကြောင်းကို ရေးဖွဲ့ထားတာပါ။ တော်ဘုရားလေးဦးအောင်ဇေနဲ့ လူချင်းစပြီး မဆုံဖူးရသေးစဉ်ကတည်းက ရခိုင်ရဲဘော်တွေရဲ့ 'မိသားစုဝိုင်း' မဂ္ဂဇင်းပေါ်မှာ အဲဒီလို စာချင်းစတင်ဆုံခဲ့ရဖူးပါတယ်။ လူချင်းစပြီးဆုံခဲ့ဖူးတာကတော့ (၁၉၇၈) ခုနှစ်ဝန်းကျင်လောက်မှပါ။

ရန်ကုန် ရေနံ့ရုံးကြီးဘေးက လမ်းဘေးပုံကျစာအုပ် အဟောင်းဆိုင်တန်းလေးကြားမှာပါ။ အဲဒီတုန်းက ရန်ကုန်စာအုပ်အဟောင်းတန်းလေးတွေဟာ ကောက်ပဲသီးနှံရုံးကြီးဘေး၊ ခြောက်ထပ်ရုံးကြီးဘေး ရေနံရုံးကြီးဘေးနဲ့ ပန်းဆိုးတန်းက ပလက်ဖောင်းပေါ်ဟိုမှာ.... ဒီမှာ အနှံ့ရှိနေပါတယ်။

မျက်စေ့မကောင်းရှာပဲ မျက်ရည်တွေအမြဲလိုလိုဝဲကျနေတတ်တဲ့ အညာသားကြီးဦးသန်းဆွေဟာ ရေနံရုံးကြီးဘေးမှာ စာအုပ်အဟောင်းလေးတွေခင်းပြီး ရောင်းနေပါတယ်။ လူပျိုကြီးလည်းဖြစ်၊ သူကြည့်မရရင်ကြည့်မရသလို စကားကို ခပ်ပြတ်ပြတ် ခပ်မာမာလည်းပြောတတ်တဲ့ ဦးသန်းဆွေကြီးဟာ ကျနော့်အပေါ်တော့ တော်တော်ခင်ပါတယ်။ သူက မျက်စေ့သာမကောင်းတာသတင်းစာကိုတော့ အမြဲဖတ်တတ်တယ်။ ဖတ်တော့လည်း အင်္ဂလိပ်သတင်းစာကိုပဲဖတ်လေ့ရှိတယ်။ ပီကင်းရီဗျူးကိုလည်း မှန်မှန်ဖတ်လေ့ရှိတယ်။ ဆရာ ရာဂျန်ကြီးနဲ့လည်း တော်တော်ခင်တယ်။ သူ မတည့်တဲ့သူတွေအပေါ် အမြဲလိုလို ဘုတောလွှတ်တတ်တဲ့ ဦးသန်းဆွေကြီးကို ဆရာ ရာဂျန်က 'ဟိုက စိုးကြီး .... ဒီက စိုးလေး'လို့ စတတ်တယ်။ ရခိုင် ကိုကျော်လှိုင်ကြီးကတော့ ဦးသန်းဆွေ ကိုကြည့်ပြီး 'သူက သိန်းဖေမြင့်နောက်ဆုံး ထောင်တဲ့ပါတီမှာ အရန်ဗဟိုကော်မီတီဝင်လုပ်ခဲ့တာကွ'လို့ စတတ်တယ်။ အဲလိုအခါတိုင်း ဦးသန်းဆွေဟာ ရှူးရှူးရှားရှားဖြစ်တတ်တယ်။ ဆရာ ရာဂျန်ဟာ ကျနော့်ကို အချိန်းအချက်လုပ်ချင်ရင် ဦးသန်းဆွေဆိုင်မှာ ဦးသန်းဆွေဆီကတဆင့်မှာနေကျ၊ ဒါမှမဟုတ် စောင့်နေကျ။ ကျနော်ကလည်း စာအုပ်တန်းကိုရောက်ရင် ဦးသန်းဆွေဆိုင်မှာ ဦးသန်းဆွေနဲ့အတူ ထိုင်နေကျ။

တနေ့.... ဦးသန်းဆွေနဲ့ ထုံးစံအတိုင်းထိုင်နေတုန်း၊ အသားအရေလတ်လတ်၊ အရပ်ပြတ်ပြတ်နဲ့ ရုပ်ရည်သန့်သန့်ပုဂ္ဂိုလ်တဦးကျနော်တို့ရှေ့မှာလာရပ်တယ်။ ကျနော်က စာအုပ်ဝယ်ဖို့လာပြီး ရှာသူကြည့်သူတဦးနေမှာပဲလို့ထင်နေတုန်း၊ သူက ဦးသန်းဆွေကို အပြုံးမြမြနဲ့ လှမ်းကြည့်ပြီး 'ရဲဘော်ကြီး'လို့ နှုတ်ဆက်တယ်။ မျက်စေ့ကို လက်ကိုင်ပုဝါနဲ့ပွတ်နေရာက ဦးသန်းဆွေက သေသေချာချာပြန်ကြည့်ရင်း 'ဩော် .... တော်ဘုရားလေးကိုး'လို့ နှုတ်ကဆိုလိုက်တယ်။ အဲဒီနေ့က ဦးသန်းဆွေက ကျနော့်ကိုပါအတင်းခေါ်လို့ တော်ဘုရားလေးနဲ့အတူ ထိုင်နေကျ လမ်းဘေးလက်ဖက်ရည်ဆိုင်လေးမှာ ထိုင်ဖြစ်ခဲ့ကြတယ်။ တော်ဘုရားလေးနဲ့လူချင်း စတင်ဆုံဆည်းမိဖူးခြင်းဖြစ်ပါတယ်။ ဒါပေမယ့် ကျနော်က ဘာစကားတခွန်းမှ မပြောဖြစ်ခဲ့။ တော်ဘုရားလေးနဲ့ ဦးသန်းဆွေတို့နှစ်ဦး စကားပြောနေကြတာကိုသာ နားထောင်နေမိရင်း၊ တော် ဘုရားလေးဟာ ဆည်တော်ကြီးဖက်သွားနေရာက အခုမှရန်ကုန်ကို ပြန်ရောက်လာစဖြစ်တယ်ဆိုတာ သိလိုက်ရတယ်။ ဦးသန်းဆွေနဲ့ကတော့ တချိန်က နိုင်ငံရေးအဖွဲ့အစည်းတခုတည်း အတူတူလုပ်ကိုင်ခဲ့ကြဖူးသူတွေဆိုတာ သိလိုက်ရပါတယ်။ အဲဒီနေ့က လက်ဖက်ရည်ဖိုးကို တော်ဘုရားလေးကပဲ အတင်းရှင်းပေးသွားတာကိုလည်း မှတ်မိနေပါတယ်။

(၂)

တော်ဘုရားလေးရဲ့အိမ်ကို ရောက်ခဲ့ဖူးတာကတော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ မိခင်ဒေါ်ခင်ကြည်ရဲ့ ဈာပနနေ့မှာပါ။ တော်ဘုရားလေးရဲ့နေအိမ်ဟာ ရွှေတိဂုံစေတီတော်ကုန်းတော်ဘေးက ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ဂူဗိမာန်နဲ့ သုဘွားတော် စုဖုရားလတ်ရဲ့ ဂူဗိမာန်ရှိရာ အနီးကပ်လျက်သားမှာဖြစ်ပါတယ်။ ဒေါ်ခင်ကြည်ကိုလည်း အဲဒီအနီးမှာပဲ ဂူသွင်းမြှုပ်နှံမှာဖြစ်တဲ့အတွက် ကျနော်တို့ ပြည်သူ့တိုးတက်ရေးပါတီဟာ ဈာပနကိုလိုက်ပါပို့ဆောင်ရင်း၊ ရွှေတိဂုံစေတီတော်မြတ်ကြီးရဲ့ ကုန်းတော်မြေအတွင်း ရောက်ရှိလာခဲ့ကြပါတယ်။ ဦးလေး လေထီးဗိုလ်အုန်းမောင်ဟာ ကျနော်တို့စီစဉ်ထားတဲ့ မော်တော်ကားလေးနဲ့အတူ ကျနော်တို့နဲ့အတူ ဈာပနကို လိုက်ပါပို့ဆောင်ပါတယ်။ လိုက်ပါပို့ဆောင်ကြသူတွေဟာ ကုန်းတော်မြေတဝိုက်မှာ ဖွေးဖွေးလှုပ်နေအောင် ပြည့်သိပ်ကြပ်ညပ်နေပါတယ်။ ဥက္ကဋ္ဌဖြစ်သူ ဦးခင်မောင်မြင့်ကတော့ ဈာပနကော်မီတီမှာပါဝင်နေတဲ့အတွက် ဂူသွင်းမယ့်နေရာနားက ပါတီကိုယ်စားလှယ်များရဲ့ သတ်မှတ်စီစဉ်ထားတဲ့နေရာအနားအထိ တိုးဝှေ့ဝင်ရောက်သွားချိန်မှာ ဦးလေး လေထီးဗိုလ်အုံးမောင်က 'တော်ဘုရားလေးအိမ်သွားပြီး နားရအောင်'ဆိုပြီး ကျနော့်ကို တိုးတိုးကပ်ခေါ်တယ်။ လက်တဖက်က တောင်ဝှေးထောက်၊ လက်တဖက်က ကျနော့်ပုခုံး ဖက်ပြီး ဖြေးဖြေးချင်းလျှောက်လာခဲ့ကြချိန်မှာ မျက်နှာချင်းဆိုင်ဖက်ဆီက လျှောက်လာနေတဲ့ ဆရာနတ် (ဆရာနတ်နွယ်) က ဦးလေး လေထီးဗိုလ်အုံးမောင်ကို လှမ်းနှုတ်ဆက်ရင်း ကျနော့်ကိုပါ ပြုံးပြတယ်။ တော်ဘုရားလေး အိမ်ပေါက်ဝင်လိုက်ချိန်မှာတော့ တော်ဘုရားလေးက ဝမ်းသာအယ်လဲ ပျာပျာသလဲ ဦးအုံးမောင်ကို ဆီးပြီးနှုတ်ဆက်တယ်။ အမျိုးသမီးကြီးတဦးက ယူလာတဲ့ ဖျော်ရည်လင်ဗန်းကို သူကိုယ်တိုင်သွားယူပြီး ကျနော်တို့နှစ်ဦးလက်ထဲ တယောက်တခွက်ဆီကမ်းပေးရင်း၊ 'ဒေါ်အမာတို့လည်း ရောက်နေတယ်ဗျ'လို့ ပြုံးပြုံးကြီးပြောပြတယ်။ အသံကြားလို့လားတော့မပြောတတ် အိမ်ထဲကထွက်လာတဲ့ ဒေါ်ဒေါ်လူထုဒေါ်အမာဟာ ဦးလေးဦးအုံးမောင်ကို လှမ်းနှုတ်ဆက်တယ်။ ပြီးတော့ အနားလာထိုင်ပြီး စကားစမြည်ပြောဆိုတယ်။ ဒီအထဲမှာ လေသံလည်းသွက် နှုတ်လျှာသွက်သွက်နဲ့ တက်တက်ကြွကြွ ရွှန်းရွှန်းဝေအောင် ပြောဆိုဖျတ်လတ်နေတာကတော့ တော်ဘုရားပါပဲ။ မဟာနဖူးကောင်းကောင်းနဲ့ ့မင်းမျိုးမင်းနွယ်လည်းဖြစ်တဲ့ တော်ဘုရားလေးရဲ့လေသံဟာ ထီးဟန်နန်းမူမပါ၊ ပကတိ တက်ကြွနိုးကြားနေသလောက်၊ တော်လှန်တဲ့ဝေါဟာရတွေ တိုး တက်တဲ့ စကား လုံးတွေကို ခုံခုံမင်မင်နှစ်နှစ် သက်သက် အများဆုံး သုံးနှုန်းပြောဆိုသွားတာကိုလည်း သတိထားမိလိုက်ပါတယ်။ ဆရာဒဂုန်တာရာ ချစ်စနိုးခေါ်ဝေါ်ပြောဆို နာမည်ပေးထားတဲ့ 'မင်းသားနီ'ဆိုတဲ့ ဝေါဟာရဟာ တော်ဘုရားလေးနဲ့အင်မတန်ကို အသက်ပါပါလိုက်ဖက်လွန်းလှ ကိုက်ညီလွန်းလှပါကလား။

(၃)

တော်ဘုရားလေးဦးအောင်ဇေရဲ့ ပြော ဟန်ဆိုဟန်လှုပ်ရှားဟန်တွေထဲမှာ ကျနော် မကြာမကြာ သတိရနေမိတတ်တဲ့ အဖြစ်အပျက် ရုပ်ပုံလွှာတခုကတော့၊ (၁၉၈၉) ခုနှစ် မတ်လ (၁၃) ရက်နေ့က ရန်ကုန် အာရ်အိုင်တီဝင်းထဲမှာ ကျင်းပခဲ့ကြတဲ့ ဖုန်းမော်ကျဆုံးခြင်းနှစ်ပတ်လည် အခမ်းအနားတုန်းကတော်ဘုရား (၃) လေးရဲ့ရုပ်ပုံလွှာပဲဖြစ်ပါတယ်။ တော်ဘုရားလေးဟာ တော်တော်ကို တက်တက်ကြွကြွ လန်းလန်း ဆန်းဆန်းဖြစ်နေတယ်။ တက်ရောက်လာကြသူတွေကလည်း လူစုံတက်စုံမဟုတ်လား။ ကျနော်တို့ဆီက ဦးခင်မောင်မြင့် ခေါင်းဆောင်တက်ရောက်သလို၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကလည်း ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်တို့ကိုယ်တိုင် တက်ရောက်လာပါတယ်။ ကျောင်းသားခေါင်းဆောင်တွေထဲက မိုးသီးဇွန်အပါအဝင် တော်တော်အင်ပြည့် အားပြည့်တက်ရောက်ကြသလို၊ အလုပ်သမားအဖွဲ့အစည်းဖက်က ဦးမောင်ကိုတို့တွေလည်း တက်ရောက်ကြပါတယ်။ ဝိဓူရသခင်ချစ်မောင်လည်း ပါပါတယ်။ အာရ်အိုင်တီအုတ်တံတိုင်းလေးပဲခြားထားတဲ့ အင်းစိန်လမ်းမကြီးပေါ်မှာ စစ်ကားတွေစစ်သားတွေ မဲမဲလှုပ်မျှ ဥဒဟိုခေါက်တုန့်ခေါက် ပြန်သွားလာလှုပ်ရှားရင်း အခမ်းအနားကျင်းပနေတာကို အစွမ်းကုန် ခြိမ်းခြောက်မာန်ဖီပြနေကြသလို အခမ်းအနားပွဲကိုတက်ရောက်လာကြတဲ့ ကျောင်းသားထုကြီးကလည်း အာရ်အိုင်တီဝင်းကြီးထဲမှာ ဖွေးဖွေးလှုပ်မျှ အုံနဲ့ကျင်းနဲ့ စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေးတိုက်ပွဲစိတ်ဓာတ်ကို မြင့်မြင့်မားမား စိုက်ထူပြသနေကြပါတယ်။ အဲဒီနေ့က မိုးသီးဇွန်က အားနဲ့မာန်နဲ့ကဗျာတပုဒ်တက်ရွတ်တယ်။ အမူအရာရော လှုပ်ရှားဟန်ပါ တက်တက်ကြွကြွနဲ့ ယက်ဖ်တူရှင်ကိုရဲ့ ကဗျာရွတ်ဟန်ကို စံနမူနယူရွတ်ပြနေသလားအောက်မေ့ရပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတင်ဦးကတော့ ဖုန်းမော်ကျဆုံးရခြင်း နှစ်ပတ်လည်မြောက်နေ့မှာ (၁၃၀၀) ပြည့် အရေးတော်ပုံကြီးတုန်းက ဗိုလ်အောင်ကျော်ကျဆုံးရစဉ်က အပ်နှင်းခဲ့ကြဖူးတဲ့ ဘွဲ့ဂုဏ်ထူးမည်ရည်အတိုင်း မောင်ဖုန်းမော်ကို 'နေမျိုးသီဟသူရဗိုလ်ဖုန်းမော်'လို့ ဗိုလ်ဘွဲ့တပ် ဂုဏ်ပြုထောပနာကြဖို့ အဆိုသွင်းတင်ပြဟောပြောခဲ့တာကိုလည်း မှတ်မိနေပါတယ်။ အဲဒီနေ့က ဖုန်းမော်ကျဆုံးခြင်း နှစ်ပတ်လည်နေ့အခမ်းအနားမှာ အခမ်းအနားအစီအစဉ်အရ ဟောပြောဖို့တက်ရောက်လာခဲ့တဲ့ ကျနော်တို့ရဲ့ တော်ဘုရားလေး ဦးအောင်ဇေကတော့.... စင်ပေါ်ကို စွေ့ကနဲနေအောင်တက်လာပြီး မိုက်ခွက်ရှေ့မှာ လက်နှစ်ဖက်ကို လက်ချောင်းရှစ်ချောင်းထောင်လျက် အားနဲ့မာန်နဲ့ မြှောက်ချီလိုက်ပြီး ဘာစကားမှ မပြောသေးမီ 'ရှစ်မိနစ်.... ရှစ်မိနစ်.... ကျနော် ရှစ်မိနစ်ပဲ ပြောပါ့မယ်'လို့ နိဒါန်းချီလိုက်ပါလေတယ်။ ပြီးမှ တဆက်တည်း 'ရှစ်မိနစ်ပဲ ဟောချင်တယ်လို့ပြောလိုက်တဲ့အဓိပ္ပါယ်ကိုတော့ အားလုံးနားလည်ကြမှာပါ။ ရှစ်ဆိုတာ ရှစ် ရှစ် ရှစ် ရှစ် ရှစ်လေးလုံး အရေးတော်ပုံကြီးကို ဂုဏ်ပြုတဲ့အနေနဲ့ပါ'လို့ ပြုံးပြုံးကြီး ပြောချလိုက်ပါတယ်။ ကျောင်းသားထု ပရိသတ် ဖက်ဆီမျက်နှာမူထားတဲ့ သူ့မျက်နှာဟာ တကယ်ကို လူငယ်လေးတယောက်ပမာ အားနဲ့မာန်နဲ့ တက်ကြွမှုနဲ့ ဝင်းလက်နေပါတယ်။ အဲဒီတုန်းက အသက် (၆၀) ကျော်ရှိနေပြီဖြစ်တဲ့ တော်ဘုရားလေးဟာ အရွယ်နဲ့မမျှအောင်ကို ဖျတ်ဖျတ်လတ်လတ် သွက်သွက်လက်လက်နဲ့ လူငယ်လေးလိုဖြစ်နေခဲ့ပါတယ်။

စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး၊ ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံကြီးရဲ့ အဆုံးသတ်အောင်ပွဲရယူရေးအတွက် ဆက်လက်တိုက်ပွဲဆင်ကြဖို့ လှုံ့ဆော်ဟစ်ကြွေးဟောပြောပြီး ရှစ်မိနစ်တိတိပြည့်ချိန်လောက်မှာ စကားကိုအဆုံးသတ်သွားခဲ့ပါတယ်။ သူက အဲဒီလိုရှစ်မိနစ်လောက်နဲ့ စကားကိုအဆုံးသတ်သွားခဲ့ပေမယ့် ကျနော့်ရင်ထဲနှလုံးသားထဲခံစားတတ်မှု မှတ်သားတတ်မှု အစုစုသောအာရုံလှိုင်းတွေထဲမှာတော့ လက်နှစ်ဖက်ကိုချီလက်ဝါးနှစ်ဖက်ဖြန့်လျက် လက်ချောင်းရှစ်ချောင်းထောင်၊ ရှစ်မိနစ်.... ရှစ်မိနစ်....လို့ နိဒါန်းဆင်ရင်း အားနဲ့မာန်နဲ့ လူငယ်လေးတဦးပမာ တက်တက်ကြွကြွ သွက်သွက်လက်လက်ကြီးပြောဆိုနေတဲ့ တော်ဘုရားလေးရဲ့ ရှစ်မိနစ်ဟောပြောချက်ရုပ်ပုံလွှာ တဖျတ်ဖျတ်ဟာ 'တော်ဘုရားလေး'ဆိုတဲ့ အမည်နာမကို အကြောင်းအားလျော်စွာကြားရကြားမိလေတိုင်း အဆုံးမသတ်နိုင်အောင် မကြာမကြာပြန်လည် သတိရမိနေပါတော့တယ်။ အခုလည်း သတိရမိနေပြန်ပါပြီ။

စာမျက်နှာ (၆) ကော်လံ (၁) သို့...

# မြန်မာနိုင်ငံကို လုံခြုံရေးကောင်စီကကြားဝင်ရေး ကုလသမဂ္ဂနှင့်အာဆီယံနိုင်ငံများကဖိအားတိုးလာ



ကုလလက်ထောက် အတွင်းရေးမှူးချုပ်
Mark Malloch Brown

ကုလသမဂ္ဂလုံခြုံရေးကောင်စီက မြန်မာနိုင်ငံကို ကြားဝင်ဆောင်ရွက်ရန်ကိစ္စသည် ဖြစ်နိုင်လာနိုင်ဖွယ်ရှိသည်ဟု ကုလလက်ထောက် အထွေထွေအတွင်းရေးမှူးချုပ်က ဇွန်လ (၁၉) ရက်နေ့က ပြောဆိုလိုက်သည်။

မလေးရှားနိုင်ငံသို့ ရောက်ရှိနေစဉ်တွင် ကုသသမဂ္ဂလက်ထောက် အထွေထွေအတွင်းရေးမှူးချုပ် (Mark Malloch Brown) က ပြည်သူလူထုကို ဖိနှိပ်အုပ်ချုပ်နေသော စစ်အုပ်စု၏ပေါ်လစီနှင့် ဒေါ်အောင်ဆန်းစုကြည်အားပြန်လွှတ်မပေးခြင်းတို့ကြောင့် လုံခြုံရေးကောင်စီတွင် မြန်မာ့အရေးကြား ဝင်ဆောင်ရွက်မည့်အချိန်သည် မကြာမီဖြစ်လာနိုင်သည်ဟု သတင်းထောက်များအား ပြောကြားခဲ့သည်။

ကုလလက်ထောက်အကြီးအကဲက လွန်ခဲ့သော (၁၀) စုနှစ်အတွင်း အာရှနိုင်ငံများတွင် လူ့အခွင့်အရေးအခြေအနေတိုးတက်မှုများ မြင်တွေ့လာရသော်လည်း စစ်တပ်အုပ်ချုပ်သော မြန်မာနိုင်ငံတွင် နိုင်ငံရေးအရတိုးတက်မှုတစုံတရာမှ မတွေ့ခဲ့ရဟုဆိုသည်။

လုံခြုံရေးကောင်စီတွင် အမြဲတမ်းအဖွဲ့ဝင်နိုင်ငံဖြစ်သော အမေရိကန်ပြည်ထောင်စုအပြင် အဖွဲ့ဝင်နိုင်ငံအများစုသည် မြန်မာ့အရေးလုံခြုံရေးကောင်စီက အရေးယူနိုင်ရေးအတွက် ဖိအားပေးလျက်ရှိသည်။

ဤအတောအတွင်း အရှေ့တောင်အာရှနိုင်ငံများမှ ဥပဒေပြုအမတ်များဖြင့် ဖွဲ့စည်းထားသော (Asean Caucus) ကလည်း နအဖ၏ အာဆီယံအဖွဲ့ကြီးတိုးတက်မှုများကို နောက်ပြန်ဆွဲနေသော နအဖအုပ်စုကို အရေးယူသည့်အနေဖြင့် မြန်မာနိုင်ငံကို အဖွဲ့ဝင်အဖြစ်မှ ဆိုင်းငံ့ရန်တောင်းဆိုထားသည်။

အဖွဲ့ကြီး၏ ဥက္ကဋ္ဌ မလေးရှားအမတ် (Zaid Ibrahim) က အာဆီယံအဖွဲ့အနေဖြင့် လူ့အခွင့်အရေးကို အသိအမှတ်မပြုသော နအဖကို အရေးယူသင့်သည်ဟုဆိုသည်။

“မြန်မာပြည်ရဲ့အခြေအနေကို အခုအချိန်မှာ ပြန်စဉ်းစားရတော့မယ်။ လူ့အခွင့်အရေးကိစ္စကို ဘယ်တုန်းက အသိအမှတ်မပြုတဲ့ တရားလက်လွှတ်နအဖကို အာဆီယံက ထောက်ခံနေတာကို နိုင်ငံတကာကအပြစ်မဖို့ခင် အာဆီယံ ဒီကိစ္စကိုအရင်စဉ်းစားရတော့မယ်”ဟုပြောသည်။

အင်ဒိုနီးရှားလွှတ်တော်အမတ် (Djoko Susilo) ကလည်း “ကျနော်တို့ စိတ်မရှည်တော့ဘူး။ မြန်မာကို အာဆီယံထဲက ထုတ်ပစ်ရမယ်။ ဘာဖြစ်လို့လဲဆိုတော့ အာဆီယံထဲမှာ မြန်မာအဖွဲ့ဝင်ဖြစ်နေတာဟာ ကျနော်တို့အတွက် စိတ်မသက်မသာဖြစ်စေလို့ပဲ” ဟု ပြောသည်။

ထိုင်းအထက်လွှတ်တော်အမတ် ခရိုင်ဆက်ချွန်နာဗန် (Kraisak Choonhaven) ကလည်း နအဖသည် အာဆီယံပေါ် တာဝန်ပျက်ကွက်ခဲ့ကြောင်း၊ ပျဉ်းမနားသို့ မြို့တော်ပြောင်းရွှေ့သည့်ကိစ္စနှင့် မြန်မာနိုင်ငံသို့သွားရောက်ခဲ့သော အာဆီယံကိုယ်စားလှယ်မခြေမင်ဆက်ဆံခဲ့သည်တို့ကို ထောက်ပြ၍ မြန်မာနိုင်ငံကိုအဖွဲ့ဝင်အဖြစ်မှ ရပ်ဆိုင်းထားသင့်သည်ဟု ပြောသည်။

မြန်မာနိုင်ငံတွင်နအဖသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို အကြောင်းပြ၍ နိုင်ငံရေးအပြောင်းအလဲပြုလုပ်ရန် နှောင့်နှေးနေသဖြင့် ကုလသမဂ္ဂ၊ အာဆီယံနိုင်ငံများနှင့်အနောက်နိုင်ငံများသည် နအဖ၏ လမ်းပြမြေပုံကို အားမလိုအားမရဖြစ်နေကြသည်။

အမေရိကန်နှင့် နိုင်ငံတကာ၏ဖိအားကြောင့် ပြီးခဲ့သည့်ဒီဇင်ဘာလက မြန်မာအရေးကို ကုလလုံခြုံရေးကောင်စီတွင် ပထမဆုံးအကြိမ် တံခါးပိတ်ဆွေးနွေးဖြစ်ခဲ့သည်။ ❖

# မြန်မာဒုက္ခသည် အရေအတွက်တိုးများလာ




အမေရိကန်အခြေစိုက် ဒုက္ခသည်နှင့် ရွှေ့ပြောင်းအခြေချသူများဆိုင်ရာနိုင်ငံတကာအဖွဲ့ (USCRI) ၏ ဇွန်လအတွင်း ထုတ်ပြန်သောအစီရင်ခံစာအရ မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ ထွက်ပြေးလာသောဒုက္ခသည်အရေအတွက်သည် ယခုနှစ်အတွင်း တိုးပွားလာသည်ဟုဆိုသည်။ ယမန်နှစ်က ထိုင်းနိုင်ငံတွင် ခိုလှုံနေသောမြန်မာဒုက္ခသည်အရေအတွက်သည် (၄) သိန်း (၅) သောင်းကျော်ရှိခဲ့ရာမှ ယခုနှစ်အတွင်း (၄) သိန်း (၇) သောင်းကျော်ရှိလာသည်ဟု အဖွဲ့ကြီးကဆိုသည်။ ၎င်းတို့အနက် (၁) သိန်းခန့်မှာ ဒုက္ခသည်စခန်းများတွင် ခိုလှုံခွင့်ရကြသော်လည်း မြန်မာနိုင်ငံမှ ရှမ်းတိုင်းရင်းသားများအပါအဝင် အများစုမှာ ဒုက္ခသည်အဖြစ် အသိအမှတ်ပြုမခံကြရဟုလည်း စစ်တမ်းကဆိုသည်။ မြန်မာနှင့်အိမ်နီးချင်း မလေးရှားနိုင်ငံတွင်လည်း မြန်မာဒုက္ခသည် (၅) သောင်း (၃) ထောင်ကျော်ရှိနေပြီး ချင်းလူမျိုးအများစုပါဝင်သောဒုက္ခသည် (၆၀၀) ခန့်သည် မလေးရှားအကျဉ်းထောင်များတွင် ဖမ်းဆီးခံနေရသည်ဟု အစီရင်ခံစာတွင် ဆက်လက်ဖော်ပြထားသည်။ ကုလသမဂ္ဂဒုက္ခသည်များ မဟာမင်းကြီးရုံး UNHCR ၏ အစီရင်ခံစာအရ လွန်ခဲ့သော (၄) နှစ်အတွင်း နေရပ်ရင်းသို့ ပြန်ခွင့်ရခဲ့သော ကမ္ဘာတဝှမ်းမှ ဒုက္ခသည်ခြောက်သန်းတွင် မြန်မာနိုင်ငံမှ ဒုက္ခသည်များ မပါဝင်ဟု သိရှိရသည်။ ❖

# မြန်မာဒုက္ခသည် (၁၀၀) ကျော် ကနေဒါလက်ခံ

မြန်မာနိုင်ငံမှ ဒုက္ခသည် (၁၀၀) ကျော် ကို လက်ခံသွားမည်ဟု ကနေဒါ လူဝင်မှုကြီးကြပ်ရေးဌာနဝန်ကြီးက ဇွန် (၂၀) ရက်၊ ကမ္ဘာ့ဒုက္ခသည်များနေ့တွင် ထုတ်ပြန်ကြေညာသည်။

ကနေဒါလူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနဝန်ကြီး မွန်တီဆိုးလ်ဘက်က ထိုင်းနိုင်ငံရှိ ဒုက္ခသည်စခန်းများတွင် ဆယ်စုနှစ်တခုကျော် သောင်တင်နေခဲ့သော ဒုက္ခသည်များသည် ယခုနှစ်နှောင်းပိုင်း၌ ကနေဒါတွင် အခြေချနေထိုင်ခွင့်ရရန် မျှော်လင့်ရကြောင်း ပြောကြားခဲ့သည်။

> ကာလရှည်ဆိုးဝါးကြမ်းတမ်းတဲ့ အခြေအနေကို ကြုံခဲ့ရတဲ့ဒုက္ခသည်တွေကို နွေးနွေးထွေးထွေးကြိုဆိုတာဟာ ကနေဒါနိုင်ငံရဲ့ အကောင်းဆုံးလူသားချင်းစာနာ ထောက်ထားတဲ့လေ့ထုံးစံပါ...

“ကာလရှည်ဆိုးဝါးကြမ်းတမ်းတဲ့ အခြေအနေကို ကြုံခဲ့ရတဲ့ဒုက္ခသည်တွေကို နွေးနွေးထွေးထွေးကြိုဆိုတာဟာ ကနေဒါ နိုင်ငံရဲ့ အကောင်းဆုံးလူသားချင်းစာနာ ထောက်ထားတဲ့လေ့ထုံးစံပါ။ သူတို့အတွက် လုံခြုံစိတ်ချရတဲ့ဘဝကို ပြန်လည်တည်ဆောက်နိုင်ဖို့ ကျနော်တို့လူ့အဖွဲ့အစည်းမှာ ပါဝင်လာဖို့ ကနေဒါလူမျိုးများအနေနဲ့ ကူညီကြမယ်လို့ ကျနော်တို့ မျှော်လင့်ပါတယ်” ဟု ဆိုးလ်ဘက်က ပြောသည်။

နအဖစစ်အစိုးရ၏ ညှင်းပန်းနှိပ်စက်မှုကြောင့် ပြေးလာခဲ့ရသည့် ဒုက္ခသည်တသိန်းလေးသောင်းကျော်အနက် ယခု ကနေဒါတွင် အခြေချရန် ရွေးချယ်ခံရသူ ဒုက္ခသည်ဦးရေမှာ (၁၁၀) ဖြစ်ပြီး အများစုမှာ ကရင်လူမျိုးများဖြစ်ကြသည်။

ဒုက္ခသည်များသည် နှိပ်စက်ညှင်းပန်းမှု၊ ထောင်ချခံရမှု၊ အဓမ္မလုပ်အားပေးခိုင်းစေမှု၊ ရွာများကိုမီးရှို့ဖျက်ဆီးမှုနှင့် အဓမ္မနေရာပြောင်းရွှေ့မှုစသည်တို့ကို ခံစားခဲ့ရသူများဖြစ်သည်။

ဝေးလံသည့် ဒုက္ခသည်စခန်းများ၌ ကနေဒါရွေးချယ်ရေးအဖွဲ့ အင်တာဗျူးပြုလုပ်ရာတွင် ထိရောက်ချောမွေ့စွာလုပ်ဆောင်ပေးနိုင်ခဲ့သည့် ကုလသမဂ္ဂဒုက္ခသည်များ မဟာမင်းကြီးရုံးကို လေးစားရပါကြောင်း အေဂျင်စီ၏ ကနေဒါကိုယ်စားလှယ် ဂျာဟန် ရှာအဆာဒီက ပြောသည်။

အမေရိကန်၊ ဩစတြေးလျ၊ နယူးဇီလန်၊ ဖင်လန်၊ ဒိန်းမတ်၊ နော်ဝေ၊ ဆွီဒင်၊ ဗြိတိန်နှင့် နယ်သာလန်နိုင်ငံတို့ကလည်း မြန်မာဒုက္ခသည်များကို လက်ခံသွားမည်ဟုသိရသည်။❖

# ပြည်ပမှ စာများဖောက်ဖတ်၊ ဖျောက်ဖျက်သောနအဖ အင်တာနက်ဆက်သွယ်ရေးလမ်းကြောင်းကို မတားဆီးနိုင်

ထိုင်းနိုင်ငံ၊ မဲဆောက်စာတိုက်ကြီးမှတဆင့် မြန်မာပြည်သို့ပေးပို့သောစာတချို့ ဖောက်ဖတ်ခံရကြောင်း စာပေးပို့သူတဦးက မိုးကြိုးသတင်းဌာနသို့ ပြောပြသည်။

မဲဆောက်မြို့ စက်ရုံတရုံမှမြန်မာအလုပ်သမတဦးက ဇွန်လအတွင်းက မိဘများထံသို့ပေးပို့ခဲ့သောစာ (၂) စောင်စလုံးမှာ စာအိတ်ပွင့်လျက်သား အိမ်သို့ရောက်သွားသည်ဟု ဆိုသည်။

“ဇွန်လ (၁၉–၂၀) ရက်တုန်းကဆိုရင် ဒီကထည့်လိုက်တဲ့စာ အိမ်ကိုရောက်တယ်။ စာအိတ်ကတော့ ပွင့်နေတယ်။ SB ပလာစတာတော့ကပ်ထားတယ်” ဟု သူမကပြောသည်။

ယင်းကလည်း မဲဆောက်မြို့မှ မြန်မာနိုင်ငံရှိ သူ၏ မိဘများထံသို့ပေးပို့ခဲ့သောစာတချို့မှာ ပျောက်ဆုံးသွားပြီး၊ တချို့မှာဖောက်ဖတ်ခံခဲ့ရသည်ဟု သူမကဆိုသည်။

ပြည်ထဲရေးဌာနလက်အောက်ခံ အထူးမှုခင်းတပ်ဖွဲ့ (Specail Branch) သည် မြန်မာပြည်မှ နိုင်ငံခြားသို့ပေးပို့သောပစ္စည်းများနှင့် နိုင်ငံခြားမှ မြန်မာပြည်သို့ ပေးပို့ပစ္စည်းများကို စစ်ဆေးခြင်းနှင့်တချို့ကို ဖျောက်ဖျက်ပစ်သည်အထိ ပြုလုပ်နေသောအဖွဲ့ဖြစ်သည်။

ဇွန်လ (၂၅) ရက်နေ့၌ (Google talk) နှင့် (Skype) စသော အွန်လိုင်းစကားပြောဝက်ဆိုက်များနှင့် (Yahoo)၊ (Hotmail) စသော အီးမေးပို့နိုင်သော ဝက်ဆိုက်များကို မြန်မာပြည်တွင်အသုံးပြု၍ မရတော့ကြောင်း အင်တာနက်အသုံးပြုသူများ မှတဆင့် သိရှိရသည်။




စာတိုက်မှပေးပို့သောစာများကို ဖောက်ဖတ်၍ရနိုင်သော်လည်း အင်တာနက်နှင့်စာပေးပို့ဆက်သွယ်ခြင်းများကို ထိန်းချုပ်ရန်မှာ မလွယ်ကူသဖြင့် နအဖသည် ဝက်ဆိုက်များကို ယခုကဲ့သို့ပိတ်ပင်ရန်ကြိုးစားခြင်းဖြစ်ကြောင်း သုံးသပ်သူများကဆိုသည်။

သို့သော် ပြည်တွင်းကွန်ပြူတာတက္ကသိုလ်တခုမှ ဆရာမတဦးက အင်တာနက်အီးမေးလ်များ၊ ဝက်ဆိုက်များကို ဘယ်လိုပင်ပိတ်ပင်သော်လည်း အသုံးပြု၍ရသော နည်းလမ်းများဖြင့် ပြည်ပသို့ ပုံမှန်ဆက်သွယ်နေကြောင်းပြောသည်။

၎င်းတို့သုံးနေကျ အီးမေးလ်ဝက်ဆိုက်များအပိတ်ခံရပြီးနောက် ပြည်တွင်းအင်တာနက်အသုံးပြုသူများသည် ပြည်ပမိတ်ဆွေများမှတဆင့် ပိတ်ထားသည့်လမ်းကြောင်းကို ဖြတ်ကျော်နိုင်သည့် နည်းလမ်းများကို ရှာဖွေရရှိနေကြောင်း သိရှိရသည်။ ❖

## စာမျက်နှာ (၄) မင်းသားနီကြီးသို့ အလေးနီ ဆောင်းပါးမှ ...

(၄)

တော်ဘုရားလေးနဲ့ပတ်သက်ပြီး နောက်ထပ်သတိရမိနေတဲ့ ရုပ်ပုံလွှာတကွက်လည်းရှိပါသေးတယ်။ အဲဒါကတော့.... ရန်ကုန် တာမွေကျောက်မြောင်းဖက်မှာ ဖွင့်ထားခဲ့တဲ့ အမျိုးသားနိုင်ငံရေးတပ်ပေါင်းစု (မ န တ) ရုံးချုပ်မှာ ကျင်းပပြုလုပ်ခဲ့တဲ့၊ 'အာဏာကိုဖီဆန်ပြီး ဟောပြောတယ်' ဆိုတဲ့ ဆိုင်းဘုတ်နဲ့ဟောပြောခဲ့ကြတဲ့ အာဏာဖီဆန်ရေးလှုပ်ရှားမှုဟောပြောပွဲတုန်းက ဖြစ်ပါတယ်။ ကျနော်တို့ပါတီအဖွဲ့အစည်းက အကိုကြီးတယောက်နဲ့အတူ ကျနော်လည်း ပါတီကိုယ်စားလှယ်တဦးအဖြစ် မပျက်မကွက် တက်ရောက်ခဲ့ပါတယ်။ 'မတရားတဲ့ အမိန့် အာဏာမှန်သမျှ တာဝန်အရ ဖီဆန်ကြ' ဆိုတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ကြွေးကြော်သံနဲ့အတူ၊ တဆက်တစပ်တည်း ပေါ်ပေါက်လာခဲ့ကြတဲ့ ဒီမိုကရေစီတိုက်ပွဲဝင် လှုပ်ရှားမှုသမိုင်းမှာ မှတ်တမ်းတင်ထားရမယ့် အာဏာဖီဆန်ရေးဟောပြောပွဲကြီးတခု ဖြစ်ပါတယ်။ ကျနော်တို့ဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ အဲဒီတုန်းက (၄၆) ပါတီ မဟာမိတ်အဖွဲ့အစည်းဝင်တွေဖြစ်သလို၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဦးဆောင်တဲ့ တခုတည်းသော တပ်ပေါင်းစုကြီးမပေါ်ပေါက်နိုင်သေးမီ စပ်ကြားဖွဲ့စည်းလိုက်ကြတဲ့ 'ဒီမိုကရေစီမဟာမိတ်အဖွဲ့ချုပ်' (ဒ.မ.ဖ) ရဲ့ အဖွဲ့ဝင်တွေလည်း ဖြစ်ခဲ့ကြပါတယ်။ (ဒ.မ.ဖ) ကြီးမှာ 'လူ့ဘောင်သစ်' ပါ ပါတယ်။ အမျိုးသားနိုင်ငံရေးတပ်ပေါင်းစု (မ.န.တ) ပါ ပါတယ်။ ပြည်သူ တိုးတက်ရေးပါတီ၊ အမြဲစိမ်းလူငယ်၊ သွေးသစ်လူငယ် ပြည်သူ့ရဲဘော်၊ ပြည်သူ့ဒီမိုကရေစီပါတီ၊ ဦးညွန့်သိန်းတို့ရဲ့ (ဖဆပလ)၊ ဒေါက်တာ မောင်မောင်ကျော်တို့ရဲ့ နိုင်ငံတကာလူမျိုးပေါင်းစုံ သွေးစည်းညီညွတ်ရေးပါတီစတဲ့စတဲ့ နိုင်ငံရေးပါတီအဖွဲ့အစည်းတွေ ပါဝင်ကြပါတယ်။ ဒါကြောင့် အမျိုးသားနိုင်ငံရေးတပ်ပေါင်းစုရုံးချုပ်မှာ ကျင်းပတဲ့ အာဏာဖီဆန်ရေးဟောပြောပွဲမှာ '(ဒ.မ.ဖ)' ဝင် ပါတီကိုယ်စားလှယ်တွေ အားလုံးစုံညီတက်ရောက်ကြပါတယ်။ အမျိုးသားနိုင်ငံရေးတပ်ပေါင်းစု (မ.န.တ) ရုံးဖွင့်လှစ်ထားတဲ့ အဆောက်အဦ ဒုတိယထပ်ရုံးခန်းထဲမှာ ပါတီခေါင်းဆောင်ကိုယ်စားလှယ်တွေအားလုံး ရောက်ရှိနေရာယူထားကြပြီး၊ အစည်းအဝေးတက်ရောက်လာသူများရဲ့ တက်ရောက်မှတ်တမ်းတင်လက်မှတ်ကို တဦးချင်းလက်မှတ်ထိုးရပါတယ်။ ကြမ်းပြင်ပေါ်မှာ ဖျာခင်းပြီး ဝိုင်းဖွဲ့နေရာယူထိုင်နေကြရတာမို့ ကျနော့်အနား ကပ်လျက်သားလာထိုင်သူက တော်ဘုရားလေးဖြစ်နေပါတယ်။ ဒါကြောင့်မို့ မှတ်တမ်းတင်လက်မှတ်ထိုးကြတဲ့အခါ ကျနော့်အနားက လူကြီးတွေတချို့ရဲ့ နာမည်တွေကိုလည်း လူငယ်ဖြစ်တဲ့ကျနော်ကပဲ ရေးပေးလိုက်ရမိပါတယ်။ တော်ဘုရားလေးအပါအဝင် အဲဒီလူကြီးတွေက လက်မှတ်ထိုးရုံပဲ ထိုးလိုက်ကြရပါတယ်။ နောက်မကြာမီရောက်ရှိလာကြသူတွေကတော့၊ ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးတို့တွေပဲဖြစ်ပါတယ်။ သူတို့တတွေလည်း ကျနော်တို့အနားမှာ ဖျာပေါ်မှာပဲလာထိုင်ကြပါတယ်။ အဲဒီနေ့က ဦးတင်ဦးလည်း ဟောပြောပါတယ်။ လူ့ဘောင်သစ်ရဲ့အသစ်စက်စက်သော ဥက္ကဋ္ဌ 'မောင်းပြန်ကို ဒေါင်းအလံနဲ့တိုက်မယ်'လို့ ကြွေးကြော်တဲ့ အောင်ဇေယျလည်း ဟောပြောပါတယ်။ အဓိကအကျဆုံးပရိသတ်ရဲ့ လက်ခုပ်သံတညံညံဟိန်းထွက်လာအောင် ဟောပြောသွားလေသူကတော့ ဒေါ်အောင်ဆန်းစုကြည်ပဲဖြစ်ပါတယ်။ (မ.န.တ) ရုံးခန်း ဒုတိယထပ်ရဲ့ ရှေ့ထွက် လေသာဆင်ဝင်ခန်းလေးလို နေရာကနေ အပေါ်ထပ်ကနေ မတ်တပ်ရပ်ပြီး ဟောပြောရတာဖြစ်ပါတယ်။ လမ်းမဖက်ကို မျက်နှာမူထားတဲ့ အဆောက်အဦဖြစ်တဲ့အတွက် လမ်းမကြီးရဲ့ဘေးဘယ်ညာ ပတ်ပတ်လည်မှာတော့ လူတွေကအုံခဲနေပြီး လက်ခုပ်သံတဖျောင်းဖျောင်းနဲ့ လှမ်းမျှော်ရှုကြည့်အားပေးကြရင်း လက်ခုပ်သံတွေ ဟိန်းဟိန်းညံနေခဲ့ပါတယ်။ တော်ဘုရားလေးရဲ့ မျက်နှာကြီးကလဲ နားကြီးကိုစွင့်ပြီး တက်ကြွမှုအပြည့်၊ ပီတိသောမနဿတဖိတ်ဖိတ်နဲ့ အရောင်တွေကိုလက်လို့ပါပဲ။ ဟောပြောပွဲအပြီးမှာ လာရောက်ခြိမ်းခြောက်နေတဲ့ စစ်သားအပြည့်စစ်ကားကြီးတွေရဲ့ ဘေးနားကနေဖြတ်ပြီး၊ တော်ဘုရားလေးအပါအဝင် ကျနော်တို့ '(ဒ.မ.ဖ)' ဝင် လေးငါးခြောက်ယောက် အုပ်တအုပ်ဟာ ကျောက်မြောင်းထဲမှာပဲရှိတဲ့၊ ပြည်သူ့ရဲဘော်က ဦးဘလှအောင်ရဲ့အိမ်ကို အတူတူဝင်ခဲ့ကြပါတယ်။ ပြည်သူ့ရဲဘော်က ဦးစိုးဝင်း (ဗိုလ်ဇေယျရဲ့ညီ၊ ထောင်တွင်းမှာ ကျဆုံးကွယ်လွန်) နဲ့ ဗိုလ်ညိုတို့လည်း ပါပါတယ်။ နောက်ထပ် သုံးလေးဦးလည်း ပါပါတယ်။ ဦးအောင်မြင့် (အခု– ဝါရင့်နိုင်ငံရေးသမားဟောင်းကြီးများအဖွဲ့ဝင်) နဲ့ ဦးညွန့်သိန်း (ဖဆပလ) လည်း ပါတယ်လို့ထင်ပါတယ်။ ဦးဘလှအောင်အိမ်အရောက် ကိုယ်စီကိုယ်စီ ထိုင်ခုံလေးတွေပေါ် ထိုင်လိုက်ကြတော့ သွားလေရာပခုံးပေါ် တလွယ်လွယ်နဲ့ လွယ်လာခဲ့တဲ့ သားရေအိတ်ဆန်ဆန်ခရီးဆောင်အိတ်ခပ်လတ်လတ်တလုံးကို တော်ဘုရားလေးက ပခုံးပေါ်ကနေ ကုလားထိုင်နောက်မှီထိပ်မှာ အသာအယာ ချိတ်ဆွဲလိုက်ပါတယ်။ သူ့အိတ်ကြီးပေါ်မှာ ရေးထားတဲ့ စာတမ်းက၊ ခရီးဆောင်အိတ်ရဲ့ အမှတ်တံဆိပ်စာတမ်းက (ယူအက်စ်အေ)တဲ့။ ယူအက်စ်အေအိတ်ဖြစ်နေတယ်။ ဒါကို သတိထားမိလိုက်ကြတဲ့လူတွေထဲက တဦးက 'မင်းသားကြီး.... မင်းသားကြီးအိတ်ပေါ်က စာတမ်းကြီးက ယူအက်စ်အေဖြစ်နေပါလားဗျ ....ဟဲဟဲ' လို့ တော်ဘုရားလေးကိုစလိုက်တယ်။ တော်ဘုရားလေးကလဲ ဘယ်ရမလဲ၊ ချက်ချင်းပဲ ကောက်ကာငင်ကာတုန့်ပြန်လိုက်ပုံကတော့ .... 'ဟဲဟဲ.... ခင်ဗျားတို့ကလည်း USA ဆိုတိုင်း အမေရိကန်လို့ချည်း၊ ဘာသာပြန်မကြည့်စမ်းပါနဲ့ဗျာ။ ကျနော့် USA - United States of America မဟုတ်ပါဘူး။ United Students Association ပါဗျ။ ညီညွတ်သောကျောင်းသားများအဖွဲ့ပေါ့ ဟဲ.... ဟဲ ' အားလုံးပြုံးမိကြတယ်။ ကျနော်လည်း တော်ဘုရားလေးရဲ့ လျှပ်တပြက်အတွင်း ချက်ကျလက်ကျ ကြံကြံဖန်ဖန် တုန့်ပြန်တတ်ပုံကို နားထောင်မိရင်း သဘောကျစွာပြုံးမိတယ်။

'ခင်ဗျားအိတ်ကြီးကလည်း ဖောင်းကားလို့ပါလား။ ဘာတွေများပါလာလို့လဲ မင်းသားကြီးရဲ့' တဦးက ထပ်အမေးလိုက်မှာ....

တော်ဘုရားလေးက ဟဲခနဲနေအောင် တချက်ရယ်လိုက်ပြီး၊ အိတ်ကြီးရဲ့ဇစ်ကို ဗျိုးကနဲနေအောင်ဖွင့်ပြ လှစ်ပြလိုက်ရင်း....

'တော်လှန်ရေးသတိပေါ့ဗျာ.... အချိန်မရွေးအဖမ်းခံရနိုင်တယ်။ အချိန်မရွေးထောင်ထဲဝင်ရနိုင်တယ်။ အဲဒီတော့ .... ဘယ်တော့ဖြစ်ဖြစ် အဆင်သင့်ဖြစ်နေအောင်၊ ပုဆိုးတထည် အင်္ကျီတထည် မျက်နှာသုတ်ပုဝါတထည်နဲ့ လိုအပ်တဲ့ဆေးလေးဝါးလေးတွေရော၊ မပါမဖြစ်ပစ္စည်းလေးတွေရော အစုံထည့်ထားတယ်။ ဘယ်အချိန်ဖမ်းဖမ်း ဘယ်တော့ဖမ်းဖမ်း အသင့်ဖြစ်နေအောင်လေ.... အသင့်ပဲ' တဲ့။

(၅)

နောက်ပိုင်းမှာ တော်ဘုရားလေးတယောက်ထောင်ထဲဝင်သွားရကြောင်း ကျနော် အဝေးကနေကြားလိုက်ရပါတယ်။ နဝတ စစ်အာဏာရှင်ပါးကွက်သားတို့ရဲ့ စာအုပ်နီကြီးထဲမှာ မင်းသားနီကြီးလည်းပါဝင်ကြောင်း ထပ်ဆင့်ကြားသိလာရပြန်ပါတယ်။ မကြာသေးခင်နှစ်တွေကတော့ မင်းသားနီကြီးရဲ့ လက်ရာဆောင်းပါးတွေ အလျဉ်းသင့်သလို ဟိုမှာ ဒီမှာဖတ်လာရပြန်တော့ ရင်ထဲမှာ ကြည်ကြည်နူးနူးဖြစ်ရပြန်ပါတယ်။

အခု ဇွန်လ (၁၈) ရက်နေ့ကတော့ ချစ်ခင်လေးစားအပ်တဲ့ပုဂ္ဂိုလ်တဦးထံကနေ တော်ဘုရားလေး ဦးအောင်ဇေတယောက်တော့၊ မနက် (၈) နာရီလောက်ကပဲ ကွယ်လွန်သွားရှာပြီဆိုတဲ့သတင်းကို ကြားလိုက်ရတော့ တော်တော်ကိုကြေကြေကွဲကွဲ လွမ်းလွမ်းဆွတ်ဆွတ်သတိရမိပါတယ်။

'ရှစ်....ရှစ်.... ရှစ်မိနစ်'ဆိုတဲ့ အသံနဲ့အတူ၊ တက်တက်ကြွကြွဟောပြောနေတဲ့၊ ဖုန်းမော်နှစ်ပတ်လည်အထိမ်းအမှတ် အခမ်းအနားတုန်းက ရုပ်ပုံလွှာကားချပ်နဲ့အတူ၊ ဆက်စပ်မိသမျှ ရုပ်ပုံလွှာပေါင်းများစွာကို ပြန်လည်မြင်ယောင်လာမိရင်း ရင်ခုန်သံတွေ မြန်လာနေမိပါတယ်။

(၆)

တော်ဘုရားလေးဟာ နောက်ဆုံးမြန်မာဘုရင်မင်းဆက်ရဲ့ နောက်ဆုံးသော မင်းမျိုးမင်းနွယ် အနွယ်တော်အရင်းစစ်စစ်။ ပဒေသရာဇ်အနွယ်ဝင်က လာခဲ့တာပေမယ့် နယ်ချဲ့စနစ်အပေါ် တူးတူးခါးခါးမုန်းတီးခဲ့သူဖြစ်ရုံမက ပြည်သူဘက်က လူထုဘက်က အမှန်တရားဘက်က ပြတ်ပြတ်သားသားရပ်တည်ခဲ့သူ၊ တနည်းအားဖြင့် တော်လှန်သူ၊ မင်းသားနီ။

ဒါကြောင့် မင်းသားနီကြီးကို ....
ဘယ်သူတွေ ဘာပဲပြောပြော ....
ကျနော်လေးလေးစားစား ရိုရိုသေသေနဲ့နောက်ဆုံးဂါရဝပြုလိုက်ပါတယ်။

မင်းသားနီ မို့ .... အလေးနီ။
မင်းသားနီ သို့ .... အလေးနီ။

(ဝင်းတင့်ထွန်း)
၂၄–၆–၂၀၀၆

## ကန့်လန့်



တို့ခေတ်မှာ
ကုလားဖြူဖြစ်ရတာ ဟန်ကျတယ်။

ဒုက္ခသည်စခန်းမှာ လမ်းလျှောက်ခိုက်
လူသေတခုကို သားအမိနှစ်ယောက်ကတွေ့တော့
သားဖြစ်သူရဲ့မှတ်ချက်စကား
ရင်တော့အနာမိသား
"အဲဒီလူကို
ကော်လာဝါးတွေက ရှင်အောင်လုပ်မပေးဘူးလားအမိုး" တဲ့။

ကလေးတွေကလည်း ကလေးတွေအလျောက်
လူကြီးတွေကလည်း လူကြီးတွေအလျောက်။

တွေးကြည့်တော့လည်း
ကမ်းတက်လှိုင်းတွေလိုမျိုး
ဝရုန်းသုန်းကား ကမ်းပေါ်ကိုထိုးတက်ကြ
လှမ်းမိုးကြ.... ပြီးတော့လည်း....
ဝရုန်းသုန်းကား
သူ့နေရာသူပြန်သွား
ကမ်းခြေမှာသာ
ရေတွေရှဲရှဲစိုလို့
တချို့ချိုင့်တွေဆို ရေတွေတင်ကျန်လို့
(အဲဒါကြောင့်ထင်ရဲ့
တချို့နိုင်ငံတွေဆို ကမ်းစပ်အုပ်ရိုးတွေ
ချထားတည်ဆောက်တာ)
ကျောက်ဆောင်တွေဆို တဖုန်းဖုန်းအရိုက်ခံရ
ကျောက်ဆောင်တွေကလည်း တောင့်ခံနေရ
အမာရွတ်တွေတောင်ထလို့။

ကမ္ဘာ့ဖလားပွဲမှာ
ပေါ်တူဂီနဲ့ အီရန်ကန်တဲ့ညက
နယ်ချဲ့စနစ်ကို စတင်သူနဲ့
နယ်ချဲ့ခံရဖို့နီးစပ်နေသူ ကန်တဲ့ပွဲလို့မှတ်ချက်
တို့လူကြီးတယောက်က
ငါ့လူ
ဒီခေတ်မှာ ဒီလိုပြောရင်မှားတယ်
ခေတ်သစ်ကို ထူထောင်သူလို့ပြောမှမှန်မယ်။
အဲဒီလို
လေ့ကျင့်ပျိုးထောင်တာကိုလည်း
ပညာယူနေရပါတယ်။

သေချာပါတယ်
ကမ္ဘာကြီးဟာ တိမ်းစောင်းတယ်။

ဒါ့ကြောင့်ပဲ
ငါတို့အမြင်တွေလည်း
မလွဲသာ မရှောင်သာ တိမ်းစောင်းချေတော့တယ်။

ဟုတ်တယ်
ကမ္ဘာကြီးက
တိမ်းစောင်းတယ်
ငါတို့အမြင်တွေ
တိမ်းစောင်းတယ်
ငါ့ကို
ကန့်လန့်လို့ဆိုကြတယ်
ငါတို့ခေတ်မှာ
ကုလားဖြူဖြစ်ရတာ
ဟန်ကျတယ်

ညိုထက် (လမ်းသစ်ဦး)
ကော်လာဝါး (ကရင်စကား)
ကုလားဖြူ
အမိုး (ကရင်စကား)
အမေ

# ကြပ်ပြေးတိုင်းမှူးသစ် တိုးချဲ့ခန့်အပ်

ကြပ်ပြေးနေပြည်တော် စစ်တိုင်းဌာနချုပ်မှူးအဖြစ် ဗိုလ်မှူးချုပ် ဝေလွင်ကို ခန့်အပ်ကြောင်း နအဖမီဒီယာများက ဇွန်လအတွင်းက တရားဝင်ကြေညာသည်။

ရန်ကုန်တိုင်း ဒု–တိုင်းမှူးနှင့် တပ်မ (၁၁) တပ်မမှူးအဖြစ် တာဝန်ထမ်းဆောင်ဖူးသူ အသက် (၅၀) အရွယ် ဗိုလ်မှူးချုပ်ဝေလွင်သည် ဗိုလ်ချုပ်မှူး၏ လူယုံတဦးဖြစ်သဖြင့် ဗဟိုလုံခြုံရေးနှင့်စစ်ရေးအရ အရေးကြီးသောရာထူးနေရာသစ်ကို တာဝန်ပေးခန့်အပ်ခံရခြင်းဖြစ်သည်ဟု စစ်ရေးအကဲခတ် ဦးဌေးအောင်က သုံးသပ်သည်။

ယခင်ဖွဲ့စည်းပုံအရ စစ်တိုင်း (၁၂) ခု ရှိနေရာမှ ယခုကဲ့သို့ စစ်တိုင်း (၁၃) ခုသို့ တိုးချဲ့လိုက်သဖြင့် တပ်များကို ပိုမိုဖြန့်ကျဲအောင်စီမံနိုင်ရုံမျှမက တပ်တွင်းပုန်ကန်မှုများကို ကြိုတင်ကာကွယ်သည့်သဘောလည်းဖြစ်နိုင်သည်ဟု ဦးဌေးအောင်က ဆိုသည်။

ကြပ်ပြေးသို့ မြို့တော်ပြောင်းရွှေ့ပြီးကတည်းက နေပြည်တော်စစ်တိုင်းအဖြစ် တိုးချဲ့ပြီး တိုင်းမှူးတဦးအသစ်ခန့်အပ်မည်ဟု သတင်းများထွက်ပေါ်ခဲ့သည်။ နေပြည်တော်၏မြို့တော်ဝန်အဖြစ် ယခင် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်ချုပ်သိန်းညွန့်ကို လွန်ခဲ့သော ( ) လကတည်းက ခန့်အပ်ခဲ့သည်။

သို့သော် ကြပ်ပြေးမြို့တော်ဝန်နှင့် ယခုမှအသစ်ခန့်အပ်လိုက်သော ကြပ်ပြေးတိုင်းမှူးတို့သည် နအဖရုံးစိုက်ရာ ကြပ်ပြေးဒေသတခုတည်းသာမက ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်းစသောဒေသ (၃) ခုပါဝင်သော ပျဉ်းမနားခရိုင်ကိုပါ အုပ်ချုပ်ခွင့်ရမည်လားဆိုသည့်အချက်ကို ယခုတိုင် ရှင်းရှင်းလင်းလင်း မသိရသေးပေ။ ❖

# အခွန်ဦးစီးဌာနမှ အရာရှိများကို လာဘ်စားမှုဖြင့် စသုံးလုံးကဖမ်းဆီး

ရန်ကုန်မြို့ ကမ်းနားလမ်းရှိ အကောက်ခွန်ဦးစီးဌာနရုံးကို အထူးစုံစမ်းရေးအဖွဲ့က ဇွန်လ (၂၃) ရက်နေ့က ဝင်ရောက်စီးနင်းပြီး ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူး (၄) ဦးတို့ကို ဖမ်းဆီးသွားကြောင်း သိရှိရသည်။

ထိုနေ့ နံနက်ပိုင်းက အကောက်ခွန်ဦးစီးဌာနရုံးချုပ်ကို စသုံးလုံးအဖွဲ့များက ဝင်ရောက်ရှာဖွေခဲ့ပြီး ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လေးနှင့်အတူ အရာရှိများကို ဖမ်းဆီးခဲ့ကြောင်း ရန်ကုန်သံတမန်အသိုင်းအဝိုင်းကို ကိုးကား၍ သတင်းများကဆိုသည်။ ယခုကဲ့သို့ အကောက်ခွန်ဌာနမှအရာရှိများ အဖမ်းခံရသည့်ကိစ္စကို ရှင်းရှင်းလင်းလင်းမသိရသော်လည်း နယ်စပ်အကောက်ခွန်ဌာန၊ လေဆိပ်နှင့် ဆိပ်ကမ်းအကောက်ခွန်ပစ္စည်းသိုလှောင်သည့်ဂိုထောင်များမှ ဝန်ထမ်းများကို ခေါ်ယူစစ်ဆေးခံခဲ့ရသည်ကို ထောက်၍ နိုင်ငံခြားမှတင်သွင်းလာသော ကွန်တင်နာများကို အကောက်ခွန်အရာရှိများက မသမာမှုပြုလုပ်ခဲ့ပုံရသည်ဟု ခန့်မှန်းကြသည်။

ယခုကဲ့သို့ အကောက်ခွန်ဦးစီးရုံးကို အထူးစုံစမ်းရေးရဲတပ်ဖွဲ့က ဝင်ရောက်စီးနင်းပြီး အဆင့်မြင့်အရာရှိများကို ဖမ်းဆီးခဲ့ခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ပြီး ထိုနေ့တနေ့လုံး ရန်ကုန်ဆိပ်ကမ်းနှင့် မင်္ဂလာဒုံလေဆိပ်ရှိ အကောက်ခွန်ဌာန၏ဂိုဒေါင်များနှင့် အကောက်ခွန်ဌာနအရာရှိများနေထိုင်သည့် ဗိုလ်တထောင်မြို့နယ်ရှိ ဝန်ထမ်းအိမ်ယာများကို အထူးစုံစမ်းရေးအဖွဲ့များဖြင့် ခြေရှုပ်နေကြောင်း သတင်းများကဆိုသည်။

# တရုတ်နယ်စပ်လာဘ်စားမှုဂယက် နယ်စပ်ကုန်သွယ်ရေးရပ်တန့်နေ

မေလဆန်းပိုင်းက တရုတ်–မြန်မာနယ်စပ်၊ မူဆယ် (၁၀၅) မိုင် စစ်ဆေးရေးဂိတ်မှ အကောက်ခွန်ဝန်ထမ်းများကို လာဘ်စားမှုဖြင့် ဖမ်းဆီးလိုက်ပြီးနောက်ပိုင်းတွင် စီးပွားပျက်ခဲ့ရသော တရုတ်–မြန်မာကုန်သွယ်ရေးသည် ဇွန်လ (၂၃) ရက်နေ့က ရန်ကုန်မြို့ရှိ အကောက်ခွန်ဌာနရုံးချုပ်မှ ညွှန်ကြားရေးမှူးချုပ်နှင့် အပေါင်းအပါ (၄၀) ကျော် ထပ်မံဖမ်းဆီးခံလိုက်ရသည့်ဂယက်ကြောင့် ရပ်တန့်လုလုဖြစ်နေကြောင်း သတင်းများအရ သိရသည်။

ရန်ကုန်ဖမ်းဆီးမှု၏ နောက်ဆက်တွဲအဖြစ် မူဆယ်ဂိတ်မှဝန်ထမ်းတချို့ကို ဆက်လက်စစ်ဆေးမှုများပြုလုပ်နေပြီး ယခင်အရှေ့မြောက်ပိုင်းတိုင်း တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်လည်း ယင်းလာဘ်စားမှုများနှင့် ဆက်စပ်၍ အစစ်ဆေးခံနေရသည်ဟု သတင်းများထွက်ပေါ်နေသည်။

မူဆယ်နယ်စပ်များနှင့် ရန်ကုန်အကောက်အခွန်ဌာနမှ လာဘ်စားမှုဖြင့် ဖမ်းဆီးခံထားရသူ ယခုအခါ (၂၀၀) ကျော်နေပြီးဟု သိရသည်။

ခေတ်ပြိုင်သတင်းတရပ်အရ (၁၀၅) မိုင်ဂိတ်မှ ဖမ်းဆီးခြင်းခံရသော နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနဦးစီးမှူးနှင့် အခြားဝန်ထမ်းများကို လားရှိုးတရားရုံးက အမြင့်ဆုံးထောင်ဒဏ် နှစ် (၇၀) နှင့် အနည်းဆုံးထောင်ဒဏ်နှစ် (၂၀) စီ ချမှတ်လိုက်ကြောင်း သိရသည်။

မြဝတီဘက်အခြမ်း ကုန်သွယ်ရေးလမ်းကြောင်းကိုလည်း ပိတ်ပင်ထားသဖြင့် ကုန်စီးဆင်းမှုရပ်တန့်နေပြီး ဘားအံ၊ မော်လမြိုင်နှင့် ရန်ကုန်မြို့များသို့တင်ပို့မည့် ကုန်ပစ္စည်းများ မြဝတီတွင်သောင်တင်နေကြောင်း နယ်စပ်မှလာသောသတင်းများကဆိုသည်။ ❖

# နအဖဝန်ကြီးအဖွဲ့မှ ဒု–ဝန်ကြီး (၈) ဦးနှင့် တရားရုံးချုပ် တရားသူကြီး (၁) ဦးကို ထပ်မံဖယ်ရှား

ပြီးခဲ့သည့်လက နအဖဝန်ကြီးအဖွဲ့မှ ဝန်ကြီး (၂) ဦးကို ရာထူးမှဖယ်ရှားခဲ့ပြီးနောက် တလအတွင်း နောက်ထပ်အပြောင်းအလဲအဖြစ် ဒု–ဝန်ကြီး (၈) ဦးနှင့် နိုင်ငံတော်တရားရုံးချုပ် တရားသူကြီး (၁) ဦးတို့ကို တာဝန်မှအနားယူခွင့်ပြုလိုက်ကြောင်း နအဖပိုင်မီဒီယာများတွင် ဇွန်လ (၁၆) နေ့က ကြေညာသည်။

ယခုတကြိမ် အပြောင်းအလဲတွင် မေလ (၁၅) ရက်နေ့က ရာထူးနေရာအပြောင်းအလဲဖြစ်ခဲ့သော ပြန်ကြားရေးဒုဝန်ကြီး ဦးသိန်းစိန်နှင့် ဗိုလ်မှူးချုပ် အောင်သိန်းတို့ကို ဝန်ကြီးအဖွဲ့မှ လုံးဝထုတ်ပယ်ပစ်လိုက်သည်။

အခြားထုတ်ပယ်ခံရသော ဒု–ဝန်ကြီးများမှာ နအဖဝန်ကြီးအဖွဲ့မှ ဒု–ဝန်ကြီး (၈) ဦးနှင့် တရားရုံးချုပ်တရားသူကြီး (၁) ဦးကို ထပ်မံဖယ်ရှားကာကွယ်ရေးဝန်ကြီးဌာန ဒု–ဝန်ကြီး ဗိုလ်ချုပ် ခင်မောင်ဝင်း၊ သတ္တုတွင်းဝန်ကြီးဌာန ဒု–ဝန်ကြီး ဦးမြင့်သိန်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒု–ဝန်ကြီး ဗိုလ်မှူးချုပ် စိုးဝင်းမောင်၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးမှုဆိုင်ရာဝန်ကြီးဌာန ဒု–ဝန်ကြီး ဗိုလ်မှူးချုပ် သန်းထွန်း၊ အမှတ် (၁) စက်မှုဝန်ကြီးဌာန ဒု–ဝန်ကြီး ဦးသိန်းထွန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒု–ဝန်ကြီး ဦးဖေသိန်းနှင့် နိုင်ငံတော်တရားရုံးချုပ်မှ တရားသူကြီး ဦးခင်မောင်အေးတို့ဖြစ်သည်။

သတင်းတွင် ထုတ်ဖယ်ခံရသော ဝန်ကြီးစာရင်းကိုသာဖော်ပြထားပြီး၊ ထုတ်ပစ်လိုက်ရသည့်အကြောင်းရင်းနှင့် လစ်လပ်နေရာများအတွက် အစားထိုးခန့်အပ်သည့် ပုဂ္ဂိုလ်များကိုဖော်ပြခြင်းမရှိပေ။

မြန်မာ့အရေးသုံးသပ်သူ လယ်ရီဂျစ်ဂင်က ယခုအပြောင်းအလဲသည် နအဖဗိုလ်ချုပ်ကြီး၏ ညံ့ဖျင်းသောကက်ဘိနက်ပြုပြင်ရေးကြိုးပမ်းမှုတရပ်အဖြစ် သုံးသပ်သည်။

"သန်းရွှေအခုလုပ်နေတာက သူ့ရဲ့ညံ့ဖျင်းတဲ့ ကက်ဘိနက်အဖွဲ့ကို ပိုပြီးကောင်းအောင်၊ အထူးသဖြင့် မအောင်မြင်တဲ့စီးပွားရေးကဏ္ဍတွေကို အကောင်အထည်ဖော်တဲ့နေရာမှာ အသက်ဝင်လာအောင် အပြောင်းအလဲလုပ်တဲ့သဘောပါ"ဟု လယ်ရီဂျစ်ဂင်က ဆိုသည်။

အလားတူ ထိုင်းအခြေစိုက်စစ်တပ်နှင့်အရပ်သားဆက်ဆံရေးကိုလေ့လာသူ ဦးဝင်းမင်းက ယခုရာထူးအပြောင်းအလဲသည် ဝန်ကြီးဌာနများ၏ လုပ်ငန်းမအောင်မြင်မှုနှင့် ဆက်စပ်နိုင်သည်ဟုဆိုသည်။

"အဓိက သူတို့ ပြဿနာတခုခုတော့ ရှိခဲ့ကြပုံရတယ်။ ဖြစ်ဖို့များတာကတော့ လုပ်ငန်းတွေ မအောင်မြင်တဲ့အခါ ဝန်ကြီးတွေ ဒု–ဝန်ကြီးတွေကို အပြစ်ပုံချလေ့ရှိတာကိုး။ အဲဒီအခါကျတော့ သူတို့နဲ့ပတ်သက်တဲ့ လုပ်ငန်းတွေမှာ အားနည်းချက်ရှိလို့ဖြစ်နိုင်တယ်" ဦးဝင်းမင်းက ဗွီအိုအေသို့ပြောသည်။

သို့သော် မြန်မာ့အရေးလေ့လာသူတချို့က ယခု ဝန်ကြီးအပြောင်းအလဲသည် နအဖ၏လုပ်ရိုးလုပ်စဉ်သာဖြစ်ပြီး မူဝါဒရေးရာအပြောင်းအလဲရှိမည်မဟုတ်သဖြင့် နိုင်ငံရေးအရ စိတ်ဝင်စားဖွယ်မရှိဟုဆိုသည်။ ❖

# အိုင်အယ်လ်အိုက နအဖစစ်အစိုးရကို အရေးယူရန်ဆုံးဖြတ်



အိုင်အယ်လ်အိုအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ် ရစ်ချက်ဒ်ဟိုဆေး (Mr. Richard Horsey) က နအဖအနေဖြင့် အိုင်အယ်လ်အို၏တောင်းဆိုချက်များကို အောက်တိုဘာအထိ စောင့်စရာမလိုဘဲ တတ်နိုင်သမျှအမြန်ဆုံးအကောင်အထည်ဖော်ရမည်ဟု ဆိုသည်။

"ILO နဲ့ အမြန်ပူးပေါင်းပြီး နိုဝင်ဘာမတိုင်ခင် ပြဋ္ဌာန်းချက်တွေကို မြန်မာစစ်အစိုးရက အမြန်အကောင်အထည်ဖော်ရပါမယ်။ ICJ မှာဆိုရင်တော့ နိုင်ငံတကာဥပဒေကြောင်းအရ ပိုမိုတင်းကြပ်တဲ့ဆက်ဆံမှုမျိုးတွေနဲ့ အရေးယူဆက်ဆံမှုတွေရှိလာပါမယ်။ နောက်တခုက ကမ္ဘာ့အလုပ်သမားများအဖွဲ့တွေကလည်း အလုပ်ရှင်တွေနဲ့ အလုပ်ရှင်ကိုယ်စားလှယ်တွေကို မြန်မာပြည်နဲ့ပတ်သက်တဲ့ လုပ်ငန်းဆောင်တာလုပ်ကိုင်နေမှုတွေအပေါ် ရင်းနှီးမြှုပ်နှံနေမှုတွေအပေါ် သပိတ်မှောက်ရပ်ဆိုင်းဖို့ တောင်းဆိုချက်တွေဖြစ်လာနိုင်ပါတယ်"ဟု Mr. Horsey က ပြောသည်။

အိုင်အယ်လ်အိုအစည်းအဝေးကို ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာတွင် မေလ (၃၁) ရက်မှ ဇွန်လ (၁၆) ရက်နေ့အထိ ကျင်းပခဲ့ခြင်းဖြစ်ပြီး၊ မြန်မာနိုင်ငံနှင့်ပတ်သက်သော ဆုံးဖြတ်ချက်ကို ဇွန်လ (၁၅) နေ့တွင် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ကြီး၏ စံချိန်စံညွှန်း အကောင်အထည်ဖော်ရေးကော်မတီက ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံတွင် အဓမ္မအလုပ်ခိုင်းစေမှုများနှင့်ပတ်သက်၍ ဖမ်းဆီးခံထားရသူများကို ပြန်လွှတ်ပေးရေးအပါအဝင် အိုင်အယ်လ်အို၏ဆုံးဖြတ်ချက်များကို မလိုက်နာလျှင် နအဖအုပ်စုကို အပြည်ပြည်ဆိုင်ရာ တရားရုံးသို့ ရုံးတင်တရားစွဲသည့်အထိ အရေးယူသွားမည်ဟု အိုင်အယ်လ်အိုက ဆုံးဖြတ်လိုက်သည်။

ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာတွင်ကျင်းပသော (၉၅) ကြိမ်မြောက် ကမ္ဘာ့အလုပ်သမားအဖွဲ့ညီလာခံက မြန်မာနိုင်ငံတွင် အဓမ္မလုပ်အားပေးခိုင်းစေသည့်အမှုနှင့်ပတ်သက်၍ မတရားဖမ်းဆီးခံထားရသော ပဲခူးမြို့မှ ရွှေနေ့ ဦးအေးမြင့်အပါအဝင် အခြားဖမ်းဆီးခြင်းခံထားရသူများကို ဇူလိုင်လကုန် နောက်ဆုံးထား၍ ပြန်လွှတ်ပေးရန် တောင်းဆိုလိုက်သည်။

ထို့အပြင် မြန်မာနိုင်ငံတွင် အဓမ္မလုပ်အားပေးစေခိုင်းမှုများကို အောက်တိုဘာနောက်ဆုံးထား၍ အဆုံးသတ်ရန် အိုင်အယ်လ်အိုက နအဖအတွက် နောက်ဆုံးရက်သတ်မှတ်ပေးခဲ့သည်။

အိုင်အယ်လ်အို၏ ယခု ဆုံးဖြတ်ချက်များကိုမလိုက်နာလျှင် နိုဝင်ဘာတွင်ကျင်းပမည့် အိုင်အယ်လ်အိုအုပ်ချုပ်ရေးအဖွဲ့အစည်းအဝေးက စစ်အုပ်စုကို အပြည်ပြည်ဆိုင်ရာတရားရုံးသို့ ရုံးတင်တရားစွဲမည့်ကိစ္စအပါအဝင် ပိုမိုပြင်းထန်သော အရေးယူမှုများပြုလုပ်သွားမည်ဖြစ်သည်။

ဂျီနီဗာအစည်းအဝေးသို့ တက်ရောက်လာသော နအဖ၏ကိုယ်စားလှယ် သံအမတ်ကြီး ဦးညွန့်မောင်ရှိန်က အိုင်အယ်လ်အို၏ ဆုံးဖြတ်ချက်များကို နအဖခေါင်းဆောင်များထံတင်ပြ၍ ဆက်လက်အရေးယူမှုများပြုလုပ်သွားမည်ဟု ကတိပေးခဲ့သည်။ ❖

# (၁၁) နှစ်ကြာ အပစ်အခတ်ရပ်စဲရေးက တိုင်းပြည်ကိုအကျိုးမဖြစ်သေးဟု မွန်ပြည်သစ်ပါတီဆို

ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကိုဦးတည်၍ အပစ်အခတ်ရပ်စဲခဲ့သည်မှာ (၁၁) နှစ်ကြာခဲ့ပြီဖြစ်သော်လည်း ယခုတိုင်တိုးတက်မှုမရှိသည့်အပြင် အခြေအနေပိုပြီးဆိုးလာသည်ဟု မွန်ပြည်သစ်ပါတီက ဇွန်လ (၂၉) ရက်နေ့က ထုတ်ဖော်ပြောဆိုလိုက်သည်။

နအဖနှင့်အပစ်အခတ်ရပ်စဲခြင်း (၁၁) နှစ်ပြည့် နှစ်ပတ်လည်နေ့တွင် မွန်ပြည်သစ်ပါတီ၏ပြောခွင့်ရသူ နိုင်အောင်မငေးက "နိုင်ငံရေးကို နိုင်ငံရေးနဲ့ဖြေရှင်းဖို့စောင့်လာတာ အခုဆိုရင် (၁၁) နှစ်ပြည့်ပြီ ဘာမှလဲ မထူးခြားလာဘူး"ဟု ဒီဗွီဘီသို့ ပြောကြားလိုက်သည်။

ဆက်လက်၍ အုပ်စုအနေနှင့်အဲန်အယ်လ်ဒီ၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့်နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးပွဲများမလုပ်လျှင်ပြည်သူတရပ်လုံး အုံကြွလာနိုင်သဖြင့် တိုင်းပြည်နစ်နာမည်ဟု သူကသတိပေးသည်။

"ဒီအတိုင်းဆက်သွားမယ်ဆိုရင် မြန်မြန်မဖြေရှင်းနိုင်ဘူးဆိုရင် ပြည်သူတွေ မခံမရပ်ဖြစ်လာမှာကို ကျနော်တို့ တအားစိုးရိမ်တယ်။ တိုင်းပြည်နစ်နာမယ်။ လူမျိုးတွေလည်းနစ်နာမယ်" နိုင်အောင်မငေးကဆိုသည်။

မွန်ပြည်သစ်ပါတီသည် နအဖ၏ ညောင်နှစ်ပင်ညီလာခံကို ယခင်က တက်ရောက်ခဲ့သော်လည်း အပစ်အခတ်ရပ်အဖွဲ့များ၏ တင်ပြတောင်းဆိုချက်များကို နအဖဘက်က လျစ်လျူရှုထားသည့်နောက်ပိုင်းတွင် ညီလာခံကိုသပိတ်မှောက်ခဲ့သည်။

ယခုအခါ ကေအိုင်အိုကချင်အဖွဲ့ကိုလည်း လက်နက်ချရန် နအဖက ဖိအားပေးတောင်းဆိုနေသည့်နည်းတူ မွန်ပြည်သစ်ပါတီကိုလည်း ယခင်ကထောက်ပံ့ထားသော ထောက်ပံ့ကြေးများကို ဖြတ်တောက်ခြင်းနှင့် အခြားဖိအားပေးမှုများပြုလုပ်နေသည်ဟု သိရသည်။

နအဖ၏ဖိအားကြောင့် အပစ်အခတ်ရပ်အဖွဲ့များဖြစ်သော ပလောင်အဖွဲ့၊ အက်စ်အက်စ်အဲန်အေအဖွဲ့များသည် အပြီးတိုင်လက်နက်အပ်ခဲ့ရသည်။ ❖

# မြန်မာပြည်သို့အရောက်ပြန်လာမည်ဟု ဆလိုင်းထွန်းသန်းဆို



ပါမောက္ခဟောင်း
ဒေါက်တာဆလိုင်းထွန်းသန်း

ဒေါ်အောင်ဆန်းစုကြည်၏ မွေးနေ့တွင် မြန်မာနိုင်ငံသို့ပြန်ဝင်ရန် မအောင်မမြင်ဖြစ်ခဲ့သော ပါမောက္ခဟောင်း ဒေါက်တာဆလိုင်းထွန်းသန်းက မိမိအနေဖြင့် မည်သည့်နိုင်ငံတွင်မှ ခိုလှုံခွင့်တောင်းခံမည်မဟုတ်ဘဲဖြစ်သည့်နည်းဖြင့် မြန်မာပြည်သို့ပြန်ဝင်မည်ဟုပြောကြားလိုက်သည်။

မြန်မာပြည်သို့ထွက်ခွာမည့် လေယာဉ်နှင့်လိုက်ပါခွင့်မရလိုက်သော ပါမောက္ခဟောင်းက ဒုံမောင်းလေဆိပ်သို့ရောက်ရှိစဉ်၊ ဇွန်လ (၁၉) ရက်နေ့တွင် ယင်းသို့ပြောကြားလိုက်ခြင်းဖြစ်သည်။

ထိုင်းနိုင်ငံတွင်နေထိုင်ခွင့် ဗီဇာသက်တမ်းသည် ဩဂုတ်လ ပထမအပတ်တွင်ကုန်ဆုံးမည့် ဒေါက်တာဆလိုင်း ထွန်းသန်းက "ကျနော် နိုင်ငံသားဖြစ်တဲ့အတွက် ကျနော့်အိမ်ကို ကျနော်ပြန်မယ်။ သို့သော်လည်းပဲ ခိုးကြောင်ခိုးဝှက်တော့မဝင်ဘူးပေါ့။ ဖြောင့်ဝင်မှာပဲ။ ကန်တော်က မတရားပြောတာတခုမှမရှိဘူး။ တရားသဖြင့် ပြောတာချည်းပဲ။"ဟု သတင်းဌာနများသို့ ပြောဆိုခဲ့သည်။

ဆက်လက်၍ မိမိအနေဖြင့် စစ်အာဏာရှင်စနစ်ကို အသက်သေသည်အထိ ဆန့်ကျင်သွားမည်ဟု ထပ်မံကတိပေးလိုက်ပြီး မြန်မာပြည်သူပြည်သားများအနေဖြင့်လည်း တတိုင်းပြည်လုံးကို ဒုက္ခပေးနေသော စစ်အုပ်စုကို နည်းလမ်းပေါင်းစုံနှင့် တိုက်ပွဲဝင်ကြရန် မေတ္တာရပ်ခံလိုက်သည်။

နအဖအကြီးအကဲကို နာမည်တပ်၍ သတိပေးပြောကြားရာတွင် ဒေါက်တာထွန်းသန်းက "ဗိုလ်သန်းရွှေ ခင်ဗျားမှာ ဦးနှောက်မရှိဘူးလား၊ စဉ်းစားပါ၊ မျက်စိရှိတယ်၊ ကြည့်ပါ။ နားရှိတယ် စွင့်ပါ။ ဗိုလ်ချုပ်အောင်ဆန်းပြောတဲ့ နိုင်ငံကြီးရောက်နေပြီ" ဟု ပြောသည်။

အသက် (၇၈) နှစ်ရှိပြီဖြစ်သော ချင်းတိုင်းရင်းသား ဒေါက်တာ ဆလိုင်းထွန်းသန်းသည် ပျဉ်းမနားရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်မှ အငြိမ်းစားပါမောက္ခတဦးဖြစ်ပြီး (၁၉၄၃–၄၅) ခုနှစ်အတွင်းက ဗမာ့လွတ်လပ်ရေးတပ်မတော်တွင် အရန်တပ်သားအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

(၂၀၀၁) ခုနှစ် နိုဝင်ဘာလ (၂၉) ရက်နေ့က ရန်ကုန်မြို့တော်ခန်းမရှေ့၌ တကိုယ်တော်ဆန္ဒပြခဲ့သဖြင့် ဖမ်းဆီးထောင်ချခံခဲ့ရပြီး (၂၀၀၃) ခုနှစ် မေလ (၄) ရက်နေ့တွင် ပြန်လည်လွတ်မြောက်ခဲ့သည်။

အမေရိကန်နိုင်ငံသို့ရောက်ထွက်ခွာလာခဲ့ပြီးမှ မြန်မာပြည်တွင် နောက်ထပ်တကြိမ်ဆန္ဒပြဦးမည် ဒေါက်တာ ဆလိုင်းထွန်းသန်း၏အစီအစဉ်ကို မြန်မာပြည်သူများသာမက ကမ္ဘာကပါ စိတ်ဝင်တစားဖြစ်နေကြသည်။

❖

ကျနော်နိုင်ငံသားဖြစ်တဲ့အတွက်
ကျနော့်အိမ်ကို ကျနော်ပြန်မယ်။ သို့သော်လည်းပဲ
ခိုးကြောင်ခိုးဝှက်တော့မဝင်ဘူးပေါ့။ ဖြောင့်ဝင်မှာပဲ။ ကျနော်က
မတရားပြော တာတခုမှမရှိဘူး။ တရားသဖြင့် ပြောတာ ချည်းပဲ....

# တရုတ်လယ်သမားများ၏ဇနီးအဖြစ် ရောင်းစားခံရသူ မြန်မာအမျိုးသမီး (၇၀)ဖမ်းဆီးခံရ

တရုတ်လယ်သမားများထံ ဇနီးမယားအဖြစ် ရောင်းစားခြင်းခံရသူ မြန်မာပြည်မှ အမျိုးသမီး (၆၉) ဦးကို တရုတ်ရဲက ခါနန်ပြည်နယ်တွင် ဖမ်းဆီးထိန်းသိမ်းသိမ်းထားသည်ဟု တရုတ်နိုင်ငံတွင်ထုတ်ဝေသော သတင်းစာတစောင်က ဇွန်လ (၁၆) ရက်နေ့တွင်ဖော်ပြသည်။

တရုတ်နိုင်ငံတောင်ပိုင်းတွင် နေ့စဉ်ထုတ်ဝေသော (Metropolis) သတင်းစာ၏ အင်တာနက်စာမျက်နှာတွင် ထိုအမျိုးသမီးများကို မြန်မာပြည်မှတရုတ်နိုင်ငံသို့ ခိုးထုတ်ခံခဲ့ရပြီး၊ အမျိုးသမီးတဦးကို ယွမ်နှစ်သောင်း (ဒေါ်လာ၂၅၀၀) ခန့်ဖြင့် ရောင်းခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

ရဲများက ယခုကိစ္စကို လူမှောင်ခိုကူးမှုဟုဆိုသော်လည်း သတင်းစာတွင်ဖော်ပြထားချက်အရ အမျိုးသမီးအများစုသည် ၎င်းတို့၏ခရီးစဉ်စကတည်းကပင် တရုတ်အမျိုးသားနှင့်လက်ထပ်ရမည်ကိုသိသော်လည်း ပို၍ကောင်းမွန်သောဘဝကိုရည်ရွယ်၍ လိုလိုလားလား လက်ထပ်ရန်ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်သည်ဟုသတင်းကဆိုသည်။

သို့သော် တရုတ်လယ်သမားအများစုမှာဆေးစွဲနေကြပြီး၊ ဇနီးမယားများကိုလည်း နှိပ်စက်တတ်သူများဖြစ်ကြောင်း မင်္ဂလာဆောင်ပြီး (၄) ရက်အကြာတွင် ဖမ်းဆီးခံရသော သတို့သမီးတဦးကပြောသည်။

"နေရတာကလည်း ဆင်းရဲတယ်။ ယောကျ်ားတွေကပျင်းတယ်။ အရက်သောက်မိန်းမကိုရိုက်၊ ပြီးတော့ တော်တော်များများကဆေးစွဲနေသေးတယ်" ဟု အဆိုပါ မြန်မာအမျိုးသမီး၏အပြောကို သတင်းတွင်ကိုးကားထားသည်။

သတင်းစာက တရုတ်ကျေးလက်ဒေသများတွင် ကျားမအရေအတွက် အချိုးမမျှတမှုကိုလည်း ပြစ်တင်ထားသည်။ အချို့ဒေသများတွင် အမျိုးသမီးနှင့် အမျိုးသားဦးရေအချိုးမှာ (၁) အချိုး (၇) ဖြစ်နေသည်ဟုဆိုသည်။

ကုလသမဂ္ဂမှတ်တမ်းများတွင် စစ်တပ်အုပ်ချုပ်သောမြန်မာနိုင်ငံသည် ကမ္ဘာ့ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ (၅၀) တွင် တနိုင်ငံဖြစ်နေပြီး၊ လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် ဝေဖန်ခံနေရသည်။

❖

# လမ်းသရဲများ ဝိုင်းဝန်းရိုက်နှက်သဖြင့် မြန်မာအလုပ်သမား (၂၀) ကျော် ဆေးရုံတက်နေရ

မြန်မာအလုပ်သမား (၁) သိန်းကျော် အလုပ်လုပ်နေသော ထိုင်းနိုင်ငံ၊ မဟာချိုင်ခရိုင်တွင် ထိုင်းလမ်းသရဲများ၏ ညစဉ်ရက်ဆက်လုယက်ထိုးနှက်ခံခဲ့ရပြီးနောက် မြန်မာအလုပ်သမား (၂၀) ကျော်သည် ဒဏ်ရာအပြင်းအထန်ဖြင့် ဆေးရုံတက်နေရကြောင်း သတင်းများအရ သိရသည်။

ရေထွက်လုပ်ငန်းများတွင် လုပ်ကိုင်နေသော မြန်မာအလုပ်သမားများ ညဥ့်နက်ပိုင်း အလုပ်ပြန်ချိန်တွင် လမ်းပေါ်တွင်ကျက်စားသော ထိုင်းလမ်းသရဲလူငယ်များက ညစဉ်ပုံမှန်နှောင့်ယှက်ရိုက်နှက်ခြင်းဖြစ်သည်။

ဆေးရုံပေါ်တွင် ဒဏ်ရာပြင်းထန်သော အလုပ်သမား (၂၀) ကျော်အပြင်၊ ခြေကျိုး၊ လက်ကျိုးဒဏ်ရာများရထားသော်လည်း ဆေးရုံးသို့ရောက်မလာဘဲ၊ အိမ်တွင်ပုန်းအောင်နေသော အလုပ်သမားအတော်များများလည်းရှိနေသေးသည်ဟု မဟာချိုင်မှ အလုပ်သမားတဦးကို ကိုးကား၍ ဗွီအိုအေသတင်းကဆိုသည်။

လမ်းသရဲများ၏ ဝိုင်းဝန်းရိုက်နှက်မှုကြောင့် ဇွန်လကုန်ပိုင်းတွင် မဟာချိုင်ရှိ စမွန်စခွန်ဆေးရုံးသို့ မြန်မာအလုပ်သမားအနည်းဆုံး (၂) ဦးခန့် နေစဉ်ရောက်လာနေကြောင်း ဆေးရုံမှ တာဝန်ရှိသူများကို ကိုးကား၍ ထိုင်းနိုင်ငံအခြေစိုက် ဧရာဝတီသတင်းတပုဒ်ကဆိုသည်။

တိုက်ခိုက်မှုများအတွင်း ငွေကြေး၊ပစ္စည်းများဝိုင်းဝန်းတိုက်ခိုက်လုယက်ခြင်းနှင့် အမျိုးသမီးများကို မတရားပြုကျင့်သည့်အထိ အနိုင်ကျင့်မှုများရှိသည်ဟု သတင်းတွင် ဆက်လက်ဖော်ပြထားသည်။

မြန်မာနိုင်ငံဒီမိုကရေစီရရှိရေး ထိုင်းနိုင်ငံလှုပ်ရှားမှုကော်မတီမှ ဦးမြင့်ဝေက ထိုင်းအစိုးရက အလုပ်သမားများကို အလုပ်လုပ်ခွင့်လက်မှတ်အသစ် လုပ်ပေးသည့်အချိန်တွင် အလုပ်သမားများ၏ တရားဝင်မှု မရေမရာဖြစ်နေခြင်းအပေါ် အခွင့်ကောင်းယူ၍ လမ်းသရဲများက ယခုကဲ့သို့ ဗိုလ်ကျခြင်းဖြစ်သည်ဟု ဗွီအိုအေသို့ပြောသည်။

ဇွန်လ (၂၇) ရက်နေ့ကလည်း မဟာချိုင်ရှိ ပုဇွန်ခေါင်းခွာစက်ရုံတွင် အလုပ်လုပ်နေသော ရခိုင်အမျိုးသမီးမသိဂီကို အလုပ်ရှင်၏ လူယုံက ရိုက်နှက်ခြင်းကိုခံခဲ့ရသဖြင့် အပေါ်နှုတ်ခမ်း၊ ကျောပြင်နှင့် လက်မောင်းတို့တွင် (၁၂) ချက်ချုပ်ခဲ့ရကြောင်း ဧရာဝတီသတင်းအရသိရသည်။

အလုပ်သမားအဖွဲ့အစည်းများ၏ ခန့်မှန်းချက်အရ ထိုင်းနိုင်ငံတွင် မြန်မာအလုပ်သမား (၁) သန်းခန့်ရှိသည်ဟု သိရသည်။

❖

# ဒေါက်တာ ဆလိုင်းထွန်းသန်းအစား ဆန္ဒပြသူ ကိုထွန်းထွန်းကို ပြန်လွှတ်ပေး

ဇွန် (၁၉) ရက်နေ့ ဒေါ်အောင်ဆန်းစုကြည်၏ (၆၁) နှစ်မြောက်မွေးနေ့က မြို့တော်ခန်းမရှေ့တွင် တကိုယ်တော်ဆန္ဒပြ၍ အဖမ်းခံခဲ့ရသော ညောင်တုန်းမြို့နယ်မှ နိုင်ငံရေးအကျဉ်းသားဟောင်း ကျောင်းဆရာ ကိုထွန်းထွန်းကို နအဖအာဏာပိုင်များက (၂) ရက်အကြာတွင် ပြန်လွှတ်ပေးလိုက်သည်။

ကိုထွန်းထွန်းကို ကျောက်တံတား စစ်ကြောရေးရုံးခန်းတွင် တညတာစစ်ဆေးမေးမြန်းခဲ့ပြီး နောင်တွင် အစိုးရကို အကြည်ညိုပျက်စေမည့် အလားတူကိစ္စမျိုးမပြုလုပ်ရန် ခံဝန်ကတိဖြင့် ပြန်လွှတ်ပေးပြန် လွှတ်ပေးလိုက်ခြင်းဖြစ်သည်။

ဒေါက်တာ ဆလိုင်းထွန်းသန်း၏ အစီအစဉ်ကို သတင်းဌာနများမှကြားရပြီးနောက် ဆလိုင်းထွန်းသန်း ရောက်မလာနိုင်သဖြင့် ဒေါက်တာ ဆလိုင်းထွန်းသန်းအစား ဆန္ဒပြရသည်ဟု ဆိုသည်။

ကိုထွန်းထွန်းသည် (၁၉၈၄) ခုနှစ် စစ်ထောက်လှမ်းရေးလက်ထက်က နိုင်ငံရေးမှုဖြင့် သွားများကျွတ်သည်အထိ နှိပ်စက်ညှဉ်းပန်းခံရပြီးနောက် ထောင်ဒဏ် (၄) နှစ်ကျခဲ့သူဖြစ်သည်။❖

# အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (မဒတ) အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးကြီး ခွန်ဉက္ကာနှင့် အင်တာဗျူး



အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (မဒတ) အထွေထွေအတွင်းရေးမှူး
ဗိုလ်မှူးကြီး ခွန်ဉက္ကာနှင့် မိုးကြိုးသတင်းစဉ်အင်တာဗျူး

*မေး။ ။ ပထမဆုံးအမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (မဒတ) ရဲ့ သမိုင်းနောက်ခံ အကြောင်းကို မိုးကြိုးပရိသတ်နဲ့မိတ်ဆက် ပေးစေလိုပါတယ်။*

ဖြေ။ ။ (မဒတ) အကြောင်းပြောရမယ်ဆိုရင် (၁၉၇၆) မေလ (၁၀) ရက် မာနယ်ပလောမှာ ကျနော်တို့လက်နက်ကိုင်တော်လှန်ရေး အဖွဲ့ (၁၃) ဖွဲ့ စုမိကြတယ်။ စုမိပြီးတော့ တဖွဲ့ချင်း ရန်သူကိုဆန့်ကျင်တာနဲ့စာရင် တပ်ပေါင်းစုတရပ်တည်ဆောက်ပြီးတော့ ဆန့်ကျင်တိုက်ခိုက်ဖို့ဆိုပြီးတော့ မာနယ်ပလောမှာပဲ စဖွဲ့ခဲ့တာဖြစ်တယ်။

## သက်တမ်းအရှည်ကြာဆုံးတပ်ပေါင်းစု

(မဒတ) မတိုင်ခင်မှာ တပ်ပေါင်းစုများစွာရှိခဲ့တယ်။ ဒါပေမယ့် သက်တမ်းမကြာဘူး။ (မဒတ) က (၁၉၇၆ ) လောက်ကစပြီးတော့ (၂၀၀၆) မေလ (၁၀) မှာ အနှစ် (၃၀) ပြည့် ကျင်းပနိုင်ခဲ့တော့ သက်တမ်းအရှည်ဆုံးတပ်ပေါင်းစုလို့ ပြောလို့ရတယ်။ ဒီတပ်ပေါင်းစုဟာ တကယ်တော့ လက်နက်ကိုင်တော်လှန်ရေး တပ်ပေါင်းစုဖြစ်တယ်။ အထူးသဖြင့်တော့ တိုင်းရင်းသားအခွင့်အရေးဆုံးရှုံးနေတဲ့ တိုင်းရင်းသားတွေအတွက် ကိုယ်စားပြုတိုက်ပွဲဝင်တဲ့ တပ်ပေါင်းစုဖြစ်သလိုပဲ ဒီမိုကရေစီရေးအတွက်လည်း တတပ်တအားတိုက်ပွဲဝင်နေတဲ့ တပ်ပေါင်းစုဖြစ်တယ်။

## (မဒတ) ၏ တောက်ပြောင်သော သမိုင်းကြောင်း

(၁၉၈၈) ဒီမိုကရေစီအရေးအခင်းပေါ်လာတဲ့အချိန်မှာ ဒီမိုကရေစီဘက်တော်သားတွေကို ရန်သူရဲ့ခြေမှုန်းမှုက ခုခံကာကွယ်ပေး တဲ့၊ လုံခြုံမှုပေးတဲ့တပ်ပေါင်းစုအနေနဲ့ မဒတဟာ ရပ်တည်ခဲ့တယ်။ ဒါ အားလုံး သမိုင်းမှတ်တမ်းမှာရှိတယ်။ ဒါကြောင့် မဒတ ဖြစ်ပေါ်မှုသော်လည်းကောင်း၊ ဆက်လက်တည်ရှိမှုသော်လည်းကောင်း၊ လက်ရှိတိုက်ပွဲဝင်နေတဲ့ နိုင်ငံရေးရည်မှန်းချက်တွေသော်လည်းကောင်း၊ အားလုံးဟာ ဖွံ့ဖြိုးရှင်သန်နေဆဲဖြစ်ပြီးတော့ ကျနော်တို့ နောက်ပိုင်းမှာ မဒတ (NDF) ကနေတဆင့် DAB၊ NCUB၊ ENC စတဲ့အဖွဲ့အသီးသီးကို တိုးချဲ့ဖွဲ့စည်းပြီတော့ NDF ရဲ့ ရည်မှန်းချက်တွေဖြစ်တဲ့ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဆိုတဲ့ရည်မှန်းချက်ကိုပဲ အဖွဲ့ပေါင်းစုံ၊ တပ်ပေါင်းစုပေါင်းစုံက ချီတက်နေတာကို လက်ရှိတွေ့ရမှာဖြစ်တယ်။ ဒါကြောင့် NDF ဟာ နှစ် (၃၀) ကျော်က ဖွဲ့စည်းလာပေမယ့် ရည်မှန်းချက်တွေနဲ့လုပ်ငန်းတွေဟာ ယနေ့အချိန်ထိ တောက်ပြောင်နေဆဲဆိုလို့ပြောနိုင်ပါတယ်။

*မေး။ ။ ဒီမိုကရေစီအင်အားစုတွေနဲ့ နိုင်ငံတကာက သုံးပွင့်ဆိုင်ဆွေးနွေးရေးကို ဘယ်လောက်ပဲတောင်းဆိုနေနေ နအဖဟာ ဆက်ပြီးခေါင်းမာနေတယ်လို့ သုံးသပ်မှုတွေရှိပါတယ်။ လက်တွေ့မှာ သုံးပွင့်ဆိုင်ဆွေးနွေးရေး ဖြစ်နိုင်တဲ့အလားလာတွေ ရှိပါသေးလားခင်ဗျ။*

သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးကို (မဒတ) က ဆုပ်ကိုင်နေသလဲဆိုတာဟာ နအဖနဲ့မဆိုင်ပါဘူး။ စစ်အုပ်စုက လိုသည်ဖြစ်စေ၊ မလိုသည်ဖြစ်စေ ခါးခါးသီးသီးငြင်းပယ်မှာဖြစ် စေ ဒီကိစ္စက စစ်အုပ်စုကိစ္စမဟုတ်ဘဲနဲ့ ကျနော်တို့ တိုင်းရင်းသားအင်အားစုတွေဘက်က ခံယူချက်ဖြစ်တယ်။

## ဘာကြောင့်သုံးပွင့်ဆိုင်

ဘာကြောင့် သုံးပွင့်ဆိုင်ကိုခံယူရသလဲဆိုတော့ (၁၉၉၄) ကျနော်တို့ ကုလသမဂ္ဂအထွေထွေညီလာခံဆုံးဖြတ်ချက်အရ မြန်မာပြည်လို့ခေါ်တဲ့တိုင်းပြည်၊ လက်ရှိမြန်မာလို့ နအဖကခေါ်တဲ့တိုင်းပြည်မှာ ပဋိပက္ခတွေ ငြိမ်းချမ်းဖို့၊ အနာဂတ်ကို တည်ဆောက်ဖို့ဆိုရင် အင်အားစုသုံးခုတွေ့ရမယ်လို့ လမ်းညွှန်ခဲ့တယ်။ အဲဒီအင်အားစုသုံးခုမှာ အတိအလင်းပဲ တိုင်းရင်းသားအင်အားစုတွေက တခုပါဝင်ရမယ်လို့ ဖော်ပြထားတဲ့အတွက် တိုင်းရင်းသားအင်အားစုတွေရဲ့ တိုင်းပြည်တခုအတွင်းမှာ အရေးပါမှုကို မီးမောင်းထိုးပြထားတယ်။ အရေးပါမှုကို အသိအမှတ်ပြုထားတယ်လို့ခံယူတယ်။ ဒါကြောင့် တိုင်းရင်းသားတွေရဲ့အခန်းကဏ္ဍကို အသိအမှတ်ပြုထားတဲ့ လုပ်ငန်းစဉ်ဖြစ်တဲ့အတွက် ကျနော်တို့က သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးဟာ တိုင်းရင်းသားတွေရဲ့ကဏ္ဍ တရားဝင်ဖြစ်မှုကို ကိုယ်စားပြုတယ်လို့ ကျနော်တို့ ဆုပ်ကိုင်ထားတာဖြစ်ပါတယ်။

## နိုင်ငံရေးပြဿနာနိုင်ငံရေးနည်းနဲ့ရှင်း

နောက်အချက်ကတော့ ကျနော်တို့ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးဟာ ငြိမ်းချမ်းတဲ့နည်းနဲ့ တိုင်းပြည်ရဲ့ပြဿနာကို ဖြေရှင်း တာဖြစ်တဲ့အတွက် နိုင်ငံရေးပြဿနာ နိုင်ငံရေးနည်းနဲ့ရှင်းရမယ်။ တိုင်းပြည်ပြဿနာကို ငြိမ်းချမ်းတဲ့နည်းနဲ့ရှင်းရမယ်။ ဒီလမ်းစဉ်ကို ကိုင်စွဲခြင်းအားဖြင့် (မဒတ) လို လက်နက်ကိုင်တော်လှန်ရေးတွေ စုပေါင်းထားတဲ့အဖွဲ့အစည်းဟာ အကြမ်းဖက်သမားအုပ်စု မဟုတ်ဘူး။ လက်နက်ကိုကိုင်စွဲပြီးတော့ ဒီလက်နက်ကို ကိုင်စွဲဗိုလ်ကျ လွှမ်းမိုးမှုကိုလက်ခံတဲ့ အဖွဲ့မဟုတ်ဘူး။ မိမိကိုယ်ကို ခုခံကာကွယ်ဖို့ မိမိကိုယ်ကိုကာကွယ်ဖို့ မလွှဲမရှောင်သာ လက်နက်ကိုင်နေတဲ့အဖွဲ့ ဖြစ်တယ်။ အခြေအနေပေးမယ်ဆိုရင် ငြိမ်းချမ်းတဲ့နည်းနဲ့ တိုင်းပြည်ပြဿနာကို ရှင်းချင်တယ်။ ကျနော်တို့ ဒီတွေ့ဆုံဆွေးနွေးရေးနည်းနဲ့ တိုင်းပြည်ပြဿနာကိုရှင်းဖို့ လိုလားတယ်ဆိုတာကို ပြသတဲ့အနေနဲ့ ဒီမူအပေါ်ရပ်တည်နေတယ်ဆိုတာ ပြသတဲ့အနေနဲ့ ကျနော်တို့ သုံးပွင့်ဆိုင်တွေ့ ဆုံဆွေးနွေးရေးဟာ (မဒတ) ရဲ့ ရည်မှန်းချက်ဖြစ်တယ်။ လက်တလောမှာ ရည်မှန်းချက်ဖြစ်တယ်လို့ ကျနော်တို့ကိုင်စွဲထားတာဖြစ်ပါတယ်။ ဒါကြောင့် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးကိုကိုင်စွဲရတာက တိုင်းရင်းသားတွေရဲ့ နိုင်ငံရေးရည်မှန်းချက်တွေနဲ့ ကိုက်ညီတယ်။ တိုင်းရင်းသားတွေရဲ့ အကျိုးစီးပွားတွေနဲ့ကိုက်ညီတယ်။ တိုင်းရင်းသားတွေရဲ့ အခန်းကဏ္ဍအသိအမှတ်ပြုခြင်းခံရတယ်။ ဒီအပေါ်မှာ ကိုင်စွဲတာဖြစ်ပြီးတော့ နအဖနဲ့သက်ဆိုင်ခြင်း မရှိကြောင်း၊ နအဖအနေနဲ့ လက်ခံသည်ဖြစ်စေ၊ လက်မခံသည်ဖြစ်စေ ခေါင်းမာသည်ဖြစ်စေ၊ အားနည်းသည်ဖြစ်စေ၊ ကျနော်တို့ (မဒတ) ဘက်က အခိုင်အမာကိုင်စွဲတဲ့မူအဖြစ် သုံးပွင့်ဆိုင်ကို ကိုင်စွဲရတာဖြစ်ပါတယ်။

*မေး။ သုံပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးဖြစ်ပေါ်လာဖို့ဆိုရင် လက်တွေ့မှာ ဘယ်လိုလုပ်ငန်းစဉ်တွေ အကောင်အထည်ဖော်ဖို့ လိုအပ်ပါသလဲခင်ဗျ။*

ဖြေ။ ။ သုံးပွင့်ဆိုင်ကို ဖြစ်လာအောင် ဘယ်လိုလုပ်မလဲဆိုတာမှာ (မဒတ) ရဲ့ တင်ပြချက်က တိုတိုနဲ့ရှင်းရှင်းပြောရရင် သုံးချက်ရှိပါတယ်။

## လူထုတိုက်ပွဲဖော်ဆောင်

ပြည်တွင်းမှာ လူထုကိုအခြေပြုတဲ့လူထုတိုက်ပွဲ။ ရှစ်လေးလုံးကဲ့သို့ တိုက်ပွဲကြီးတွေ လူထုလူတန်းစားအသီးသီးက ဖော်ဆောင်လာမယ်ဆိုရင် စစ်အုပ်စုဟာ အကျပ်အတည်းတွေ့လာမယ်။ ယိမ်းယိုင်လာမယ်။ အားနည်းလာမှာဖြစ်တယ်။

## တော်လှန်စစ်အရှိန်မြှင့်

တချိန်တည်းမှာပဲ လက်နက်နဲ့ငြိမ်းချမ်းရေးလဲတယ်။ လက်နက်ကိုင်လမ်းစဉ်ကိုစွန့်၊ လက်နက်ကိုမစွန့်နဲ့ဆိုပြီးတော့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေလုပ်ပေးမယ်ဆိုတဲ့ အလိမ်အညာအောက်မှာမိနေတဲ့ တိုင်းရင်းသားတွေလက် နက်ကိုင်အဖွဲ့တွေရှိတယ်။ ကျနော်တို့က အပစ်အခတ်ရပ်စဲထားတဲ့အဖွဲ့တွေလို့ခေါ်တယ်။ အပစ်အခတ်ရပ်စဲထားတဲ့အဖွဲ့တွေမှာ နိုင်ငံရေးစကားပြောခွင့်ရမလားဆိုပြီးတော့ ဒီရည်မှန်းချက်နဲ့ အပစ်အခတ်ရပ်စဲရေးလုပ်ကြပေမယ့် လက်တွေ့မှာ နိုင်ငံရေးစကားမပြောရတဲ့အပြင်ကို ဒီအဖွဲ့အစည်းတွေရဲ့အင်အားကို တနေ့တခြားချို့တဲ့လာအောင်၊ မှေးမှိန်လာအောင် နည်းပါးလာအောင် စစ်အုပ်စုလုပ်ဆောင်နေတယ်။ နအဖနဲ့ရင်ဆိုင်နေရတဲ့အခါကျတော့ အဲဒီအပစ်အခတ်ရပ်ထားတဲ့အဖွဲ့တွေလည်း သူတို့ရဲ့အနေအထားကို ပြန်ပြီးတော့သုံးသပ်မယ်။ အပစ်မရပ်သေးတဲ့အဖွဲ့တွေလည်းပဲ ကိုယ့်ရဲ့အင်အားကို စုစည်းပြီးတော့ ညီညီညွတ်ညွတ်နဲ့ ဒီလက်နက်ကိုင်တော်လှန်ရေးအရှိန်ကို တော်လှန်စစ်အရှိန်ကို ပြန်လည်မြှင့်တင်နိုင်ကြမယ်ဆိုရင် ကျနော်တို့ရန်သူဟာ အကျပ်အတည်း အခက်အခဲဖြစ်လာမယ်။ ရန်သူဟာ လူများတဲ့စစ်တပ်ရှိပေမယ့်လည်း စိတ်ဓာတ်အားကောင်းတဲ့စစ်တပ်တော့မဟုတ်ဘူး။ တိုက်ရည်ခိုက်ရည်ကောင်းတဲ့စစ်တပ်တော့မဟုတ်ဘူး။ ကျနော်တို့ ဒါသိတယ်။ ဒါကြောင့် တကယ်တမ်း လက်နက်ကိုင်ခုခံမှုကို တိတိကျကျ ရင်ဆိုင်လာမယ်ဆိုရင် ဒီစစ်တပ်က ယိမ်းယိုင်လာမယ်။ ဒါ နံပါတ်နှစ်အချက်ဖြစ်တယ်။

## နိုင်ငံတကာဖိအားနှင့်ဟန်ချက်ညီညီ

(၃) အချက် ဖိအားကတော့ နိုင်ငံတကာဖိအား။ ကုလသမဂ္ဂအပါအဝင်၊ လုံခြုံရေးကောင်စီအပါအဝင် ကျနော်တို့အာဆီယံနဲ့ ကျနော်တို့အိမ်နီးနားခြင်းတရုတ်၊ အိန္ဒိယအပါအဝင်။ အားလုံးကနေပြီးတော့ ဖိအားပြောင်းလဲလုပ်သင့်တယ်။ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲ စသင့်တယ်။ လက်နက်

တဖက်စာမျက်နှာသို့...

ကိုင်ဖိနှိပ်မှုတွေ ရပ်စဲသင့်တယ်စသည်ဖြင့် ဖိအားတွေကို ဟန်ချက်ညီညီပေးကြမယ်ဆိုရင် နအဖဟာ ဒီဖိအားဒဏ်ကို သူခံရမှာပဲ။ ဒါကြောင့် နိုင်ငံတကာဖိအား၊ လက်နက်ကိုင်တော်လှန်ရေးအရှိန်ကိုမြှင့်၊ ပြည်တွင်းမှာရှိတဲ့ လူထုတိုက်ပွဲကိုဖော်၊ အဲဒီလို ကျနော်တို့ သုံးဘက်သုံးတန်ညှပ်ပြီးတော့ တိုက်ပွဲဝင်ကြမယ်ဆိုရင် နအဖဟာ သူရဲ့ခေါင်းမာမှုဟာပျော့ပြီးတော့ သူ့ရဲ့ရပ်တည်မှုအတွက်၊ သူ့ရဲ့ရှင်သန်နိုင်မှုအတွက် အနည်းဆုံးတော့ ထွက်ပေါက်တခုအတွက်တော့ တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းပေါ်ကိုတော့ ရောက်လာရလိမ့်မယ်လို့တော့ ကျနော်တို့က အခိုင်အမာယုံကြည်ပါတယ်။ ဒီအတိုင်းပဲ (မဒတ) က မူချပြီးတော့ ဆောင်ရွက်သွားမှာဖြစ်တယ်လို့ ကျနော်ပြောချင်ပါတယ်။

*မေး။ ။ NCUB မှာ NDF က ဒေါက်တိုင်တခုအနေနဲ့ပါတယ်လို့ သိထားပါတယ်။ အဲဒီအပိုင်းပြောပြပါခင်ဗျ။*

ဖြေ။ ။ တကယ်တော့ (၁၉၇၆) မေလကစတင်ဖွဲ့စည်းတဲ့ အဲန်ဒီအက်ဖ်ဟာ (၁၉၈၆) အထိ အင်အားတော်တော်ကောင်းတယ်။ တိုက်ပွဲတွေလည်း တော်တော်နိုင်ခဲ့တယ်။ (၁၉၈၈) ပြည်တွင်းလှုပ်ရှားမှုပြီးတဲ့အချိန်မှာ ကျောင်းသားခေါင်းဆောင်တွေ၊ ရဟန်းသံဃာတွေ၊ တွေ့ဆုံပြီးတော့ ဒီအေဘီဆိုတာ တိုးချဲ့ဖွဲ့စည်းခဲ့တယ်။ ဒီအေဘီအဖွဲ့အစည်းကနေပြီးတော့ တခါ (၁၉၉၀) ရွေးကောက်ပွဲအပြီးမှာ အာဏာလွှဲခြင်းမခံရတဲ့ အနိုင်ရပါတီခေါင်း ဆောင်တွေ နယ်စပ်ရောက်လာတယ်။ အဲဒီ ခေါင်းဆောင်တွေပါတဲ့ အဲန်အယ်လ်ဒီ (အယ်လ်အေ) ဆိုတဲ့ လွတ်မြောက်နယ်မြေ အဲန် အယ်ဒီအဖွဲ့ကိုလည်း ကျနော်တို့ဖွဲ့စည်းနိုင်ခဲ့တယ်။ ထိုမှတဆင့် ညွန့်ပေါင်းအစိုးရလို့ခေါ်တဲ့ ရွေးကောက်ပွဲနိုင်တဲ့အမတ်တွေပါပြီးတော့ ပြည်တွင်းမှာ ဖွဲ့ခွင့်မရတဲ့ ညွန့်ပေါင်းအစိုးရကို နယ်စပ်ဒေသမှာ အောင်အောင်မြင်မြင်နဲ့ဖွဲ့စည်းနိုင်ခဲ့တယ်။ အဲဒီလို အားလုံးဖွဲ့စည်းနိုင်တဲ့ အတွက် အဲဒီအပေါ်မှာမူတည်ပြီးတော့ (မဒတ) ကိုအခြေပြုပြီးတော့ အဆင့်ဆင့်ဖွဲ့လာတဲ့ အဖွဲ့ တွေဟာ ဒေါက်တိုင်တွေဖြစ်လာပြီးတော့ ဒီ ဒေါက်တိုင်လေးတိုင်ပါဝင်တဲ့ အမျိုးသားကောင်စီဆိုတဲ့ တပ်ပေါင်းစုကြီးတရပ်ကိုဖွဲ့တယ်။ သို့သော် အမျိုးသားကောင်စီစဖွဲ့တုန်းက မူလရည်ရွယ်ချက် က တပ်ပေါင်းစုဖြစ်သကဲ့သို့ တချိန်တည်းမှာ (Defato) သဘောမျိုးဆောင်တဲ့ တိုင်းပြည်ရဲ့အခြေခံဥပဒေတွေရေးဆွဲမယ်။ တိုင်းပြည်ရဲ့ ကျင့်သုံးရမယ့်ဥပဒေတွေ ရေးဆွဲမယ်။ ကြားဖြတ်ကာလအစိုးရရဲ့ ကျင့်သုံးရမယ့်ဟာတွေရေးဆွဲမယ်။ နိုင်ငံတကာကို ဆက်သွယ်သွားမယ်။ နိုင်ငံတကာ ထောက်ခံမှုရယူသွားမယ်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ (Defato Parliament) ဆိုတဲ့ ရည်မှန်းချက်အကြီးကြီးထားပြီးတော့ ဖွဲ့ခဲ့တာဖြစ်တယ်။ သို့သော်လည်းပဲ ကျနော်တို့က (Defato) ပါလီမန်လုပ်ငန်းကို မလုပ်နိုင်ဘူး။ ကျနော်တို့ ဒေါက်လေးဒေါက်ပါတဲ့ ညွန့်ပေါင်းအစိုးရအဖွဲ့ဟာ ပါလီမန်သဘောမျိုးဆောင်တဲ့ အမျိုးသားကောင်စီအပေါ်မှာ ပါလီမန်သဘောဆောင်တဲ့ ဆက်ဆံညှိနှိုင်းမှု အားနည်းခဲ့တာတွေ့ရတဲ့အတွက် (၁၉၉၆) ခုနှစ် အမျိုးသားကောင်စီညီလာခံမှာ ပါလီမန်သဘောမလုပ်နိုင်တဲ့အတွက် ပါလီမန်သဘောဆောင်တယ်ဆိုတာကို ဖျက်လိုက်ပါ။ ဖွဲ့စည်းပုံမှာ။ ဒါကြောင့် အဲန်စီယူဘီသည် တပ်ပေါင်းစုဖြစ်သည်။ နိုင်ငံရေးတပ်ပေါင်းစုဖြစ်သည်ဆိုတဲ့ ဆုံးဖြတ်ချက်ကို ပြောင်းလဲချမှတ်ခဲ့ရတယ်။ ဒါကြောင့် အခုဆိုရင် ကျနော်တို့ (မဒတ)က အင်န်စီယူဘီမှာ အခြေခံပါလာပြီးတော့ ဒေါက်တိုင်တတိုင်အဖြစ်နဲ့ ဆက်လက်ပါနေတာဖြစ်ပါတယ်။ သို့သော်လည်းပဲ အခြေခံပါလာတဲ့ ညွန့်ပေါင်းအစိုးရက (၁၉၉၆) မှာ အမ်ပီယူ ဆိုတဲ့အဖွဲ့တဖွဲ့ပြီးတော့ အဲန်စီယူဘီနဲ့ အစားထိုးပြီးတော့ ညွန့်ပေါင်းအစိုးရက အဲန်စီယူဘီ ကနေထွက်ခွာသွားခဲ့တယ်။ အဲဒီမှာ အခုအချိန်မှာတော့ အဲန်စီယူဘီမှာ ဒေါက်လေးဒေါက်ရှိပါတယ်။ NDF၊ DAB၊ NLD-LA၊ MPU ဆိုတဲ့ ဒေါက်လေးဒေါက်နဲ့ဖွဲ့စည်းထားတော့ အဲန်ဒီအက်ဖ်က တစိုက်မတ်မတ် ဆက်လက်ပါဝင်နေဆဲဖြစ်ပါတယ်။

*မေး။ ။ NDF ဟာ ENC မှာလည်း NDF အဖွဲ့ဝင်မဟုတ်တဲ့ တခြားတိုင်းရင်းသား အဖွဲ့တွေနဲ့အတူတူ အလုပ်လုပ်နေတယ်လို့ သိရပါတယ်။ ဘယ်လောက်အထိ တိုးတက်မှု တွေရနေပြီလဲခင်ဗျ။*

ဖြေ။ ။ အဲန်ဒီအက်ဖ်က ကျနော်တို့ ခုန ပြောသလိုပဲ (၁၉၇၆) က စတင်ဖွဲ့စည်းပြီးတော့ လှုပ်ရှားခဲ့တဲ့နေရာမှာ (၁၉၈၈) ဒီမိုကရေစီ လှုပ်ရှားမှုတွေနဲ့ပေါင်းလာတယ်။ (၁၉၉၀) ရွေးကောက်ပွဲ အနိုင်ရတဲ့နိုင်ငံရေး ပါတီတွေနဲ့ပူးပေါင်းပြီးတော့ လှုပ်ရှားလာတယ်။ သို့သော်လည်းပဲ (၁၉၉၀) ကနေ သက္ကရာဇ် (၂၀၀၀) ဆယ်နှစ်တာ အဲန်ဒီအက်ဖ်ရဲ့ မူလဗီဇတိုင်းရင်းသားတွေရဲ့ တန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး၊ ဖယ်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းတချို့ဟာ ကျနော်တို့ဒီမိုကရေစီလှုပ်ရှားမှုနဲ့တွဲပြီးတော့သွားပေမယ့် တချိန်တည်းမှာပဲ နောက်ကျကျန်နေတာကိုတွေ့ရတယ်။ တွေ့ရတဲ့အခါကျတော့ အဲန်ဒီအက်ဖ်အနေနဲ့ မူလကအင်အားမျိုး၊ မူလကအခြေအနေမျိုး ပြန်လည်ပူးပေါင်းဖို့ လိုပြီဆိုပြီးတော့ ကျနော်တို့ စီမံကိန်းချပါတယ်။

## တောစံပယ်စီမံချက်

တောစံပယ်စီမံချက်ရဲ့ အဓိကရည်ရွယ်ချက်ကတော့ အစုအဖွဲ့လေးခုဖြစ်ပေမယ့် တိုင်းရင်းသားအင်အားစုတွေကို တစုတစည်းတည်း ဖြစ်ရေးပါပဲ။ အဲဒါကတော့ (၁) (မဒတ) အဖွဲ့ ဝင်အဖွဲ့အစည်းများ၊ (၂) (မဒတ) အဖွဲ့ဝင်မဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများ၊ (၃) ကျနော်တို့ အပစ်အခတ်ရပ်စဲရေးလုပ်ထားတဲ့ ငြိမ်းချမ်းရေးယူထားတဲ့အဖွဲ့အစည်းများ၊ (၄) တိုင်းရင်းသားနိုင်ငံရေးပါတီများ၊ (၁၉၉၀) ရွေးကောက်ပွဲဝင်ခဲ့တဲ့ နိုင်ငံရေးပါတီများ၊ ဥပမာဖြင့် ယူအင်န်အယ်လ်ဒီလို အဖွဲ့အစည်း။ အဲဒီ အင်အားစုလေးစုကို အခြေခံပြီးတော့ တိုင်းရင်းသားတွေရဲ့ အင်အားစုကြီးဖြစ် အောင်ဖွဲ့ရမယ်။ (မဒတ) တခုတည်းနဲ့တော့ မလုံလောက်တော့ဘူးဆိုပြီးတော့ ကျနော်တို့က တွက်ဆပါတယ်။ ဒါကြောင့် ဒီအင်အားစုလေးစုကို စုစည်းပြီးလုပ်ငန်းကို ကျနော်တို့က လုပ်လာကြတာ။ အဲဒီလုပ်ငန်းကို ကျနော်တို့က "တောစံပယ်စီမံချက်" ဆိုပြီး လုပ်လာကြတော့ ကျနော်တို့ ဒီစီမံချက်အောက်မှာ ကျနော်တို့ အပစ်အခတ်ရပ်စဲရေးအဖွဲ့တွေနဲ့ နားလည်မှုပိုပြီးတော့ရလာတယ်။ ပိုကောင်းလာတယ်။ လုပ်ငန်းတွေ ချိတ်ဆက်လုပ်နိုင်တယ်။

## တိုင်းရင်းသားအားလုံးလွှမ်းခြုံ အီးအဲန်စီကိုပြောင်းဖွဲ့

တချိန်တည်းမှာ အပစ်အခတ်မရပ်ဘူး။ ရန်သူကိုဆက်လက်တိုက်နေတယ်။ သို့သော် NDF အဖွဲ့ဝင်မဟုတ်တဲ့ ကရင်နီအဖွဲ့အစည်းမျိုး၊ ရှမ်းအဖွဲ့အစည်းမျိုး၊ ကျနော်တို့ ကချင်အဖွဲ့အစည်း၊ တချို့ပေါ့လေ။ အပစ်အခတ်မရပ်တဲ့ ကချင်အဖွဲ့အစည်းတချို့ကို ကျနော်တို့ပူးပေါင်းပြီးတော့ လုပ်နိုင်တဲ့အခါကျတော့ အားလုံးက NDF အဖွဲ့ဝင်ဖြစ်လာဖို့မလွယ်ကူဘူး။ ဒါကြောင့် ENSCC ဆိုပြီးတော့ ပူးပေါင်းဆောင်ရွက်ရေးကော်မတီတခု စဖွဲ့တယ်။ ပြီးတော့မှ ENC ဆိုတဲ့ တိုင်းရင်းသားလူမျိုးများကောင်စီဆိုတဲ့ ဦးဆောင်ကော်မတီကို တိုင်းရင်းသားအင်အားစုတွေကို လွှမ်းခြုံပြီးတော့ အလုပ်လုပ်နိုင်အောင်ဆိုပြီး ဖွဲ့စည်းတာဖြစ်တယ်။

## အတိုကောက်ဝေါဟာရများရှင်းလင်းချက်

*NDF* = အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (မဒတ)၊ DAB = မြန်မာပြည်ဒီမိုကရက်တစ်မဟာမိတ်များအဖွဲ့ချုပ် (မဒမခ)

NCUB = ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ၊ NCGUB = ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ

ENC = တိုင်းရင်းသားလူမျိုးများကောင်စီ၊ ENSCC = တိုင်းရင်းသားလူမျိုးများသွေးစည်းညီညွတ်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးကော်မတီ

NLD-LA = အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)၊ MPU = ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့

PSLO = ပလောင်ပြည်နယ်လွတ်မြောက်ရေးအဖွဲ့၊ PSLA = ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်မတော်

## ပြည်နယ်အခြေပြုမှု (State Base) နဲ့အစားထိုး

အီးအဲန်စီပေါ်လာပြီးတော့ အီးအဲန်စီမှာလည်းပဲ ကျနော်တို့ (မဒတ) NDF အနေနဲ့ အခြေခံအင်အားစုအဖြစ် ဆက်လက်ပါဝင်နေတယ်။ သို့သော်လည်းပဲ ENC မှာအခု လက်ရှိ ပိုပြီးတော့ ဥပဒေကြောင်းနဲ့ဝင်အောင် ပိုပြီးတော့တရားဝင်မှုဖြစ်အောင်ဆိုပြီးတော့ (state base) ပြည်နယ်အခြေခံမှုနဲ့ ပြောင်းလဲဖွဲ့စည်းဖို့ကြိုးစားတဲ့နေရာမှာ တပ်ပေါင်းစုအနေနဲ့ ပါဝင်ဖို့အခက် အခဲရှိလာတယ်ဆိုပြီးတော့ ENC မှာ (မဒတ) တပ်ပေါင်းစုအနေနဲ့ ဘော်ဒီတခုအနေနဲ့ ပါဝင်ခြင်း မဟုတ်တော့ပဲနဲ့ (မဒတ) အဖွဲ့ဝင် အဖွဲ့အစည်းတွေဟာ တဖွဲ့ချင်း ENC မှာ ပူးပေါင်းပါဝင်ပြီး အလုပ်လုပ်ဖို့ဆိုပြီးတော့ သဘောထားကျသွားတယ်။ ENC ရဲ့လုပ်ငန်းတွေမှာ (မဒတ) အဖွဲ့ဝင် အဖွဲ့အစည်းတွေဟာ တဖွဲ့ချင်းပြန်ပြီးတော့ ပါဝင်ကြတယ်။ ပါပုံပါနည်းကတော့ (မဒတ) အဖွဲ့ဝင် တွေဟာ မိမိရဲ့ပြည်နယ်၊ မိခင်ပြည်နယ်ကိုပြန်သွားပြီးတော့ အဲဒီမိခင်ပြည်နယ်မှာဖွဲ့ထားတဲ့ ပြည် နယ်ဘော်ဒီတွေမှာပြန်ပါပြီးတော့ သူတို့ကနေတဆင့် ENC ကိုလာတဲ့နည်းဖြစ်တယ်။ အဲဒီစနစ်နဲ့ ကျနော်တို့ပြန်ပြီးတော့ စုတဲ့အခါကျတော့ ENC ဟာ ပြည်နယ်အခြေပြုကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းတဲ့ကောင်စီဖြစ်လာတယ်။ အဲဒီမှာလည်း (မဒတ) က ဆက်လက်ပြီးတော့ ပါဝင်နေဆဲဖြစ်ပါတယ်။ ပါပုံပါနည်းကတော့ တပ်ပေါင်းစုအသွင်မဟုတ်ဘဲနဲ့ အဖွဲ့လိုက်ပြန်ပါတဲ့စနစ်ဖြစ်ပါတယ်။

*မေး။ အဲန်ဒီအက်ဖ်ဟာ စစ်အုပ်စုကိုဆန့်ကျင်နေတဲ့ လက်နက်ကိုင်အင်အားစုတွေပါတဲ့ တပ်ပေါင်းစုဆိုတော့ အခုလက်ရှိအခင်းအကျင်းနဲ့ လက်နက်ကိုင်လမ်းစဉ်အပေါ်မှာ ဗိုလ်မှူးကြီးရဲ့ သဘောထားကို ပြောပြပေးပါခင်ဗျ။*

ဖြေ။ ။ ဒီ NDF က မူလစောစောက ပြောခဲ့သလိုပဲ။ နအဖကို ဆွေးနွေးပွဲစားပွဲပေါ်ကို ရောက်စေချင်ရင်တော့ ဖိအားသုံးခုမှာ လက်နက်ကိုင်တော်လှန်ရေးဖိအား အရှိန်မြှင့်ရမယ်ဆိုတဲ့ လုပ်ငန်းကပါတော့ အဲဒီလုပ်ငန်းကတော့ အဲန်ဒီအက်ဖ်ရဲ့လုပ်ငန်းဖြစ်တယ်။ အဲဒီလိုခံယူတယ်။ ဒါကြောင့် တာဝန်ခွဲကြမယ်ဆိုရင် နိုင်ငံတကာမှာအားသာတဲ့ ညွန့်ပေါင်းအစိုးရတို့၊ NCGUB တို့က နိုင်ငံတကာဖိအားမှာလုပ်ကြပါ။ ပြည်တွင်းလူထုတိုက်ပွဲကို ဦးဆောင်နိုင်တဲ့အင်အားစုတွေက ပြည်တွင်းကို ဦးဆောင်ကြသလို လက်နက်ကိုင်တိုက်ပွဲအတွက် (မဒတ) က ကြိုးစားရမှာဖြစ်တယ်။

## အပစ်အခတ်ရပ်အဖွဲ့များ သတိဖြင့်ပြန်လည်ချင့်ချိန်

အခု (မဒတ) အနေနဲ့ဆိုရင် အပစ်အခတ်ရပ်ထားတဲ့အဖွဲ့တွေကို မိမိတို့ရဲ့အနေအထားကို ပြန်ပြီးတော့သုံးသပ်ကြဖို့ အဆက်မပြတ် ကျနော်တို့နှိုးဆော်နေတယ်။ နည်းမျိုးစုံနဲ့ဆက်သွယ်ဆက်ဆံပြီးတော့ သူတို့ရဲ့လုံခြုံမှုရရေး၊ အနည်းဆုံးဒီအပစ်အခတ်ရပ်ထားတဲ့အဖွဲ့တွေဟာ မိမိကိုယ်မိမိ ခုခံကာကွယ်နိုင်တဲ့အဆင့်လောက်ရောက်အောင် ဖရိုဖရဲမဖြစ်အောင် ကျနော်တို့ သတိပေးချင်တယ်။ ဘာကြောင့် အဲဒီလို ဥပမာပေးရလဲဆိုရင် ဥပမာပလောင်။ ပလောင်ပြည်နယ်လွတ်မြောက်ရေးအဖွဲ့ (PSLO) ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်မတော် (PSLA) ဆိုရင် လက်နက်ကိုစွန့်လွှတ်ပြီးတဲ့နောက်မှာဆိုရင် အဖွဲ့အစည်းရပ်တည်မှုတောင် ခက်ခက်ခဲခဲဖြစ်လာပြီးတော့ ဒီစည်းရုံးရေး၊ နယ်မြေအုပ်ချုပ်ရေး၊ နယ်မြေစည်းရုံးရေးအားလုံးဟာ နည်းနည်း ဖရိုဖရဲဖြစ်လာတာကိုတွေ့ရတယ်။ ဒါက လက်နက်လုံးဝအပ်လိုက်တဲ့အကျိုးကြောင့်သာ ဖြစ်တယ်။ အပစ်အခတ်ရပ်စဲရေးအဖွဲ့တွေဟာ ပထမလက်နက်ကိုင်လမ်းစဉ်ကို ပြန်သဘောပေါက်ဖို့လိုတယ်။ လက်နက်ကိုင်လမ်း စဉ်ကိုတော့စွန့်ပြီး လက်နက်ကိုတော့ကိုင်ထားဆိုတဲ့ လမ်းစဉ်အောက်မှာလည်းပဲ လက်နက်ကိုပါ တခါတခါထပ်စွန့်လိုက်တဲ့အခါကျတော့ လက်နက်ကိုင်လမ်းစဉ်လဲမရှိဘူး။ လက်နက်လဲ မရှိဘူးဆိုတဲ့အခါကျတော့ လူမလေး၊ ခွေးမခန့်ဖြစ်ပြီးတော့ အခုဆိုရင်အခက်အခဲတွေ တွေ့ရတယ်။ ဒါကြောင့် အနိမ့်ဆုံး ဒီအခက်အခဲတွေကိုတော့ သတိထားရင်ဆိုင်ကြဖို့ ကျနော်တို့ မေတ္တာရပ်ခံတဲ့အပေါ်မှာ နောက်ပိုင်းမှာ ရန်သူက ရှမ်းအဖွဲ့အစည်းတွေ၊ 'ဝ'အဖွဲ့အစည်းတွေ၊ ကျန်တဲ့ အဖွဲ့အစည်းတွေအပေါ်မှာ ထပ်ပြီးတော့ ဖိအားပေးပြီးတော့ လက်နက်ဖြုတ်သိမ်းဖို့အဆင့်တွေကို နည်းနည်းလျှော့လာတာ ကျနော်တို့တွေ့ရတယ်။ ဒါဘာဖြစ်ဖြစ် တိုင်းရင်းသားအင်အားစုတွေကို တဖက်တလမ်းက နည်းနည်း အကာအကွယ်ပေးနိုင်တဲ့နည်းပဲလို့ ကျနော်တို့ယူဆတယ်။ အလှည့်အပြောင်းတခုခုမှာ၊ အချိန်ကာလတခုခုမှာဆိုလို့ရှိရင် လက်နက်ရှိနေတဲ့ အင်အားစုတွေဟာ စဉ်းစားချင့်ချိန်နိုင်မယ်လို့ ကျနော်တို့ယူဆတယ်။ အဲဒီအခြေအနေမျိုးမှာ အတွင်းအပြင် အပြင်အင်အားစုတွေ၊ လက်နက်ကိုင်တိုက်နေတဲ့အင်အားစုတွေအတွင်း ကိုယ့်ကိုယ်ကို ခုခံကာကွယ်နိုင်မယ့် အင်အားစုတွေဟာ နားလည်မှုရှိရှိနဲ့ အကျပ်အတည်းပေးမယ် ဆိုရင်တော့ နအဖစစ်အုပ်စုအနေနဲ့ တကယ်ပဲ ရပ်တည်ဖို့၊ ဆက်လက်ပြီးတော့ အာဏာထိန်းချုပ်ဖို့ အခက်အခဲဖြစ်လာမယ်ဆိုရင် မလွှဲ မရှောင်သာ စကားမပြောချင်လည်း စကားပြောချင်တဲ့ အဆင့်ကိုရောက်လာမယ်လို့ ကျနော်တို့ အဲဒီလိုမျှော်မှန်းတယ်။

*မေး။ ။ အင်န်ဒီအက်ဖ် အထွေထွေအတွင်းရေးမှူးအနေနဲ့ဘာများဖြည့်ပြီးပြောချင်လဲခင်ဗျ။*

ဖြေ။ ။ ကျနော်အနေနဲ့ နည်းနည်းလေး ဒီအချိန်မှာပေါ့။ ရှင်းလင်းချက်တခု၊ နှစ်ခုကျနော် ထည့်ပြီးပြောချင်တယ်။

## တိုင်းရင်းသားအရေးသက်သက် သဘောမဆောင်

ပထမရှင်းလင်းချက်ကတော့ NDF ကနေပြီးတော့ ကျနော်တို့ ဒီမိုကရေစီအင်အားစုတွေနဲ့ ခွဲပြီးတော့၊ လက်တွဲဖြုတ်ပြီးတော့ ကိုယ့်ကိစ္စပဲကိုယ်လုပ်သွားတယ်ဆိုတဲ့ဟာက၊ ကိုယ့်သဘော ကိုယ်ဆောင်တယ်ဆိုတဲ့အချက်က လုံးဝမဟုတ်ဘူးဆိုတာတချက် ကျနော်တင်ပြချင်တယ်။ ဒီမိုကရေစီ အင်အားစုတွေအနေနဲ့ ကိုယ့်ရဲ့လုပ်ငန်းတွေလုပ်ဆောင်ခဲ့သလိုပဲ အင်န်ဒီအက်ဖ်ကလည်း ဒီမိုကရေစီ လုပ်ငန်းမှာ အပြည့်အဝပါဝင်ထမ်းဆောင်နေတယ်ဆိုတာ ကျနော်တို့ပြောပြချင်ပါတယ်။ ကျနော်တို့ တောစံပယ် စီမံချက်ပေါ်တုန်းက ဒီမိုကရေစီအင်အားစုလို့ခေါ်တဲ့ အင်အားစုတွေက နည်းနည်းလေး

စာမျက်နှာ (၁၂) ကော်လံ (၄) သို့ ...

# ရောဂါသုံးမျိုးတိုက်ဖျက်ရေးအတွက် ဥရောပကော်မရှင်က မြန်မာနိုင်ငံသို့ ဒေါ်လာသန်း (၁၀၀) ထောက်ပံ့မည်

မြန်မာနိုင်ငံတွင် ခုခံအားကျဆင်းမှုရောဂါ (အေအိုင်ဒီအက်စ်)၊ အဆုတ်ရောဂါ (တီဘီ)နှင့် ငှက်ဖျားရောဂါတိုက်ဖျက်ရေး တိုက်ဖျက်ရေးလုပ်ငန်းများတွင်အသုံးပြုရန် အမေရိကန်ဒေါ်လာ သန်းတရာထောက်ပံ့မည်ဟု ဥရောပကော်မရှင်က ဇွန်လ ( ) ရက်နေ့တွင် အတည်ပြုလိုက်သည်။

ဥရောပကော်မရှင်၊ နိုင်ငံတကာဖွံ့ဖြိုးရေး ယူကေဌာန၊ ဩစတြေးလျ၊ ဆွီဒင်၊ နယ်သာလန်၊ နော်ဝေ စသော အလှူရှင်နိုင်ငံများက မတည်ပေးမည့် ရောဂါသုံးမျိုးတိုက်ဖျက်ရေးရန်ပုံငွေ (3D Fund) သည် လွန်ခဲ့သောတနှစ်က မြန်မာနိုင်ငံမှထွက်ခွာသွားသော ကုသမဂ္ဂလက်အောက်ခံ ( Global Fund) က ထောက်ပံ့သောငွေပမာဏနှင့် ညီမျှသည်။

မြန်မာနိုင်ငံတွင် ကျန်းမာရေးလုပ်ငန်းများအတွက် အကူအညီပေးခဲ့သောကုလသမဂ္ဂလက်အောက်ခံ ( Global Fund) သည် မြန်မာနိုင်ငံတွင် လုပ်ငန်းဆောင်ရွက်ရာတွင် ခရီးသွားလာခွင့်နှင့်တင်းကြပ်သော ကန့်သတ်ချုပ်ချယ်မှုတို့ကြောင့် ပြီးခဲ့သည့်ဩဂုတ်လက မြန်မာနိုင်ငံမှထွက်ခွာခဲ့သည်။

ဥပရောကော်မရှင်၏ (3D Fund) စီမံချက်အရ နောင်လာမည့် (၅) နှစ်အတွင်း မြန်မာပြည်တွင် (အေအိုင်ဒီအက်စ်)၊ (တီဘီ) နှင့်ငှက်ဖျားရောဂါတို့ကိုထိန်းချုပ်နိုင်ရန် ရည်ရွယ်ကြောင်း ဒေသတွင်းသတင်းဌာနတခုဖြစ်သော ဆင်ဟွာသတင်းကဆိုသည်။

ဥရောပကော်မရှင်၊ နိုင်ငံရေးရာဌာန၏ ဘန်ကောက်ရုံးတာဝန်ခံ (Jean-Francois Cautainu) က "အီးယူအနေနဲ့ ဒီရောဂါတိုက်ဖျက်ရေးလုပ်ငန်းမှာ မြန်မာစစ်အစိုးရနဲ့ပူးပေါင်းဆောင်ရွက်ဖို့ ဆန္ဒရှိတယ်ဆိုပေမယ့် လုပ်ငန်းနည်းနာပိုင်းနဲ့ပတ်သက်လို့ကတော့ ဘယ်လိုစွက်ဖက်မှုမျိုးကိုမှ လက်ခံမှာမဟုတ်ပါဘူး" ဟု ပြောသည်။

ပြီးခဲ့သည့်မတ်လက မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာသွားခဲ့သော နယ်ခြားမဲ့ဆရာဝန်များအသင်း၏ မြန်မာပြည်ဆိုင်ရာပရိဂရမ်မန်နေဂျာ ဒေါက်တာ ဟာဘ်အိုင်ဆမ်ဗတ်က "မြန်မာစစ်အစိုးရက နိုင်ငံရေးအရ ရှုပ်ထွေးပွေလီတဲ့ဒေသတွေမှာ ဘယ်လိုလူမှုရေးဆိုင်ရာအကူအညီမျိုး၊ လှုပ်ရှားဆောင်ရွက်မှုမျိုးကိုမှ အလိုမရှိဘူး"ဟု ဆိုသည်။

နယ်စည်းမခြားဆရာဝန်များအဖွဲ့သည် (၂၀၀၁) ခုနှစ်မှ ယခုနှစ်ဆန်းပိုင်းအထိ ထိုင်း–မြန်မာနယ်စပ်တလျှောက်ရှိ ကရင်နှင့်မွန်ကျေးရွာများတွင် ငှက်ဖျားရောဂါတိုက်ဖျက်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့သည်။

❖

# အိမ်ဖြူတော်ရှေ့တွင် မြန်မာများ (၇) ရက်တာ အစာငတ်ခံဆန္ဒပြ

မြန်မာပြည်သူများရင်ဆိုင်ကြုံတွေ့နေရသည့် ဒုက္ခအထွေထွေကို နိုင်ငံတကာက ပိုမိုအာရုံစိုက်လာရန်ရည်ရွယ်၍ အမေရိကန်ရောက် မြန်မာ့အရေးလှုပ်ရှားသူ (၅ ) ဦး သည် သမတအိမ်ဖြူတော်ရှေ့တွင် ဇွန်လ (၁၈) မှစ၍ (၂၅) ရက်အထိ အစာငတ်ခံဆန္ဒပြခဲ့ကြသည်။

မြန်မာနိုင်ငံတွင် စစ်အာဏာရှင်စနစ်ကြီးစိုးနေသော်လည်း ကုလသမဂ္ဂက ကြားဝင် မဖြေရှင်းမပေးနိုင်သဖြင့် အမေရိကန်အစိုးရအနေဖြင့် မြန်မာ့အရေးကို ပို၍လေးလေးနက်နက်စဉ်းစားလာစေရန် အိမ်ဖြူတော်ရှေ့တွင် ဆန္ဒပြရန်ရွေးချယ်ရခြင်းဖြစ်ကြောင်း ဆန္ဒပြသူများကဆိုသည်။

မြန်မာများဆန္ဒပြနေသည့် အိမ်ဖြူတော်ရှေ့သို့ တရုတ်၊ ရုရှားနှင့် အိန္ဒိယသံရုံးတို့မှဝန်ထမ်းများ၊ အမေရိကန်နိုင်ငံမှအထက်တန်းကျောင်းသားများ၊ တက္ကသိုလ်ကျောင်းသားများအဖွဲ့လိုက်လာကြရာ ကျောင်းသားများသာမက ဆရာများရောက်ရှိလာပြီး၊ မြန်မာပြည်အရေးကို စိတ်ဝင်တစားမေးမြန်းခဲ့ကြသည်။

ဆန္ဒပြသည့်ရက်များအတွင်း မိုးသည်းထန်စွာရွာခဲ့သော်လည်း ဆန္ဒပြသူများမှာ အမိုးအကာအောက်သို့ ရွှေ့ပြောင်းသွားခြင်းမရှိဘဲ ထိုင်မြဲတိုင်းထိုင်နေခဲ့ကြသည်။

ဇွန်လ (၂၂) ရက်နေ့တွင် ဗီယက်နမ်နွယ်ဖွား တရုတ်လူမျိုးတဦးနှင့်အတူ တရုတ်ရဟန်းတော်တပါးသည် ဆန္ဒပြသူများထံရောက်ရှိလာပြီး အားပေးစကားပြောကြားခဲ့သည်။ ၎င်းတို့၏ ဗီယက်နမ်နိုင်ငံတွင်လည်း ကွန်မြူနစ်တို့၏ ဖိနှိပ်မှုအောက်တွင် ဒီမိုကရေစီဆိတ်သုဉ်းနေရပုံကို နှိုင်းယှဉ်လျက် စာနာကြောင်း မိန့်ကြားသွားခဲ့သည်။

ထိုဆန္ဒပြပွဲပြုလုပ်ခဲ့ခြင်းဖြင့် မြန်မာပြည်အကြောင်းမသိသေးသူများ ပိုမိုသိရှိလာခြင်း၊ နိုင်ငံတကာသံရုံးများက မြန်မာ့အရေးကို ပိုမိုအာရုံစိုက်လာစေခြင်း၊ နိုင်ငံတကာမှပြည်သူတို့၏ နားလည်စာနာမှုများကိုလည်း ရရှိခဲ့သည်ဟု ဆန္ဒပြသူများကဆိုသည်။

အိမ်ဖြူတော်လုံခြုံရေးဌာနချုပ်ကို ကြိုတင်အကြောင်းကြားထားမှုကြောင့် (၇) ရက်တာ အစာငတ်ခံဆန္ဒပြပွဲသည် တစုံတရာအနှောင့်အယှက်မရှိဘဲ ဇွန်လ (၂၅) ရက်၊ တနင်္ဂနွေနေ့ နံနက် (၈) နာရီခွဲတွင် ပြီးဆုံးခဲ့သည်။

❖

# ငွေမည်းတိုက်ဖျက်မှုမရှိသော နိုင်ငံစာရင်းတွင်မြန်မာကျန်နေ

ပြင်သစ်အခြေစိုက် (FATF) ခေါ် ငွေရေးကြေးရေးဆိုင်ရာ ကြီးကြပ်ဆောင်ရွက်ရေးအဖွဲ့၏ ကမ္ဘာပေါ်ရှိ ငွေမည်းတိုက်ဖျက်မှုမရှိသော နိုင်ငံများစာရင်းတွင် မြန်မာနိုင်ငံတနိုင်ငံတည်းသာ ကျန်တော့ကြောင်း သိရသည်။

အဖွဲ့၏ (၂၀၀၁) ခုနှစ် ကြေညာချက်အရ ငွေကြေးတိုက်ဖျက်ရေးပူးပေါင်းပါဝင်မှုမရှိသော နိုင်ငံပေါင်း (၂၃) နိုင်ငံရှိခဲ့သော်လည်း နိုင်ငံများ၏ ငွေကြေးဆိုင်ရာပေါ်လစီအပေါ်မူတည်၍ နိုင်ငံတချို့ကို စာရင်းမှပယ်ဖျက်ပေးခဲ့သည်။

ယခု နောက်ဆုံးထုတ်ပြန်ချက်တွင် လက်ကျန် (၂) နိုင်ငံအနက် နိုင်ဂျီးရီးယားနိုင်ငံကို ထပ်မံပယ်ဖျက်ပေးခဲ့သဖြင့် စာရင်းတွင် မြန်မာတနိုင်ငံတည်းသာ ကျန်တော့သည်။

နိုင်ဂျီးရီးယားနိုင်ငံသည် ငွေမည်းခဝါချမှုတွင် ပြုပြင်ပြောင်းလဲမှုများနှင့် တိုးတက်အောင်အကောင်အထည်ဖော်နိုင်ခဲ့ရုံသာမက အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင်လည်း ရာထူးအမြင့်ဆုံးများအထိ အရေးယူနိုင်ခဲ့သည်ဟု (FATF) အဖွဲ့၏ ထုတ်ပြန်ကြေညာချက်ကဆိုသည်။

မြန်မာနိုင်ငံတွင်မူ လွန်ခဲ့သော (၂၀၀၂) ခုနှစ်မှစ၍ ငွေကြေးထိန်းချုပ်ရေးဥပဒေကို ပြဋ္ဌာန်းထားခြင်း၊ တရားမဝင်ငွေများနှင့် ဆက်စပ်နေသော ပုဂ္ဂလိကဘဏ်အချို့ကို ပိတ်ပစ်ခြင်းများရှိခဲ့သော်လည်း အစိုးရယန္တယားအတွင်း လာဘ်ပေးလာဘ်ယူမှုများ အကြီးအကျယ်ရှိနေသေးသည်ဟု အဖွဲ့ကဆိုသည်။

ပြင်သစ်အဖွဲ့၏ အစီရင်ခံစာနှင့် တိုက်တိုက်ဆိုင်ဆိုင် မေလနှင့် ဇွန်လအတွင်းက တရုတ်နယ်စပ် မူဆယ်အကောက်ခွန်ဂိတ်မှ ဝန်ထမ်းတချို့နှင့် ရန်ကုန်အကောက်ခွန်ဦးစီးဌာနမှ ထိပ်တန်းအရာရှိများကို လာဘ်စားမှုဖြင့် ဖမ်းဆီးဖယ်ရှားမှုများဖြစ်ပွားခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ငွေမည်းတိုက်ဖျက်ရာတွင် စီးပွားရေးဆိုင်ရာကုမ္ပဏီအက်ဥပဒေများကိုပြန်လည်ပြင်ဆင်ခြင်း၊ ဥပဒေအတိုင်း ကုမ္ပဏီများဖွဲ့စည်းခြင်းရှိမရှိ စစ်ဆေးခြင်း၊ ကုမ္ပဏီများ၏ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အစိုးရပိုင်းက အမှန်အတိုင်းစစ်ဆေးမှုများပြုလုပ်ရန် အဖွဲ့က အကြံပေးတိုက်တွန်းထားသည်။

❖

## စာမျက်နှာ (၁၁) ဗိုလ်မှူးကြီး ခွန်ဥက္ကာနှင့်အင်တာဗျူး

စိုးရိမ်ကြတယ်။ (မဒတ) က ဒီအေဘီ၊ အင်န်စီ ယူဘီညွန့်ပေါင်းအစိုးရစသဖြင့် စုပေါင်းဖွဲ့စည်းခဲ့တယ်။ အခုကျတော့ လက်တွဲဖြုတ်ပြီးတော့ ကိုယ့်လမ်းကိုယ်ပြန်သွားမလားစိုးရိမ်ကြတယ်။ တကယ်တော့မဟုတ်ဘူး။ ဒီမိုကရေစီအရေးနဲ့တိုင်းရင်းသားအရေးဟာ တဆက်တစပ်တည်းဒွန်တွဲနေတယ်။ တချိန်တည်းမှာ တန်းတူရည်တူဖြေရှင်းရမယ့်ကိစ္စနှစ်ရပ်ဖြစ်တယ်။ ဒါကို ကျနော်က လက်ခံတယ်။ ဖြေလည်း ဖြေရှင်းနေတယ်။ သို့သော်လည်းပဲ သူ့အားသာချက် ကိုယ့်အားသာချက် ကျနော်တို့ရဲ့ တိုင်းရင်းသားတွေလုပ်ရမယ့်အလုပ်၊ ဒီမိုကရေစီအင်အားစုတွေက လုပ်ရမယ့်အလုပ် လုပ်အားကိုခွဲဝေလုပ်ခြင်းအားဖြင့် အောင်ပွဲကို ပိုပြီးနီးမယ်လို့ ကျနော်တို့က တိုင်းရင်းသားတွေညီညွတ်ဖို့၊ တိုင်းရင်းသားတွေ သုံးပွင့်ဆိုင်ပေါ်လာခဲ့ရင် အဆင်သင့်ဖြစ်ဖို့ ပြင်ဆင်မှုအလုပ်ဆိုတဲ့ အလုပ်တွေဟာ တိုင်းရင်းသားပဲလုပ်ရမယ်ဆိုပြီးတော့ တောစံပယ်စီမံချက်ပေါ်လာတယ်။ အဲန်ဒီအက်ဖ်က ဦးဆောင်ပြီးတော့ နောက်ပိုင်းမှာ ENC၊ ENSCC ဆိုတာ ပေါ်လာတယ်။ ဒီလုပ်ငန်းစဉ်အားလုံးဟာ ဒီမိုကရေစီအင်အားစုတွေနဲ့ဝေးရာကိုသွားတာမဟုတ်ပဲနဲ့ အောင်ပွဲကို ပိုမိုနီးအောင်သွားတယ်ဆိုတာ ကျနော်ရှင်းပြချင်တယ်။ ကတိလည်းပေးရဲတယ်။

**ယုန်ထင်ကြောင်ထင်**

နံပါတ်နှစ်အချက်က အဲဒီကနေပေါ်လာတဲ့ ပင်လုံ (Intiative) လို့ခေါ်တဲ့ ပင်လုံဦးဆောင်မှု။ အဲဒီ ပင်လုံ (Initiative) ပေါ်လာပြီးနောက်ပိုင်းမှာ ကျနော်တို့ (Ethnic Initiative) လို့ခေါ်တဲ့ တိုင်းရင်းသားများဦးဆောင်မှုဆိုတာ ကြွေးကြော်ပြီးတော့ လုပ်လာတာရှိတယ်။ အဲဒီအပေါ်မှာလဲ ဒီမိုကရေစီအင်အားစုတွေ အထင်အမြင်လွဲမှားစရာအကြောင်းရှိတယ်။ (Ethnic initiative) ဟာ လူ့အဖွဲ့စည်းတခုလုံးကို၊ လက်ရှိအတိုက်အခံလှုပ်ရှားမှုကြီးတခုလုံးကို (Ethnic) တွေက ဦးဆောင်သွားတော့မလား။ ဦးဆောင်မှုကို အတင်းယူမလား။ စသည်ဖြင့် ယုန်ထင်ကြောင်ထင်ဖြစ်တယ်။ တကယ်တော့ "Ethnic Initiative for Ethnic Unity"။ Ethnic တွေ ညီညွတ်ရေးအတွက် Ethnic Initiative လုပ်တာဖြစ်တယ်။ "Ethnic Initiative for Tripartite dialogue"။ Tripartite dialogue ဖြစ်ထွန်းလာဖို့အတွက် Ethnic တွေက ကိုယ်နိုင်တဲ့ထောင့်က တွန်းဖို့ Intiative လုပ်တာဖြစ်တယ်။ ဒီမိုကရေစီအင်အားစုတွေထောင့်က သွားနေတာလဲသွား။ ကျနော်တို့အဲဒါနဲ့ တန်းတူရင်ဘောင်တန်းပြီးတော့ (Ethnic Initiative) နဲ့သွားခြင်းအားဖြင့် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေး၊ မြန်မာပြည်ရဲ့နိုင်ငံရေးပြဿနာကို နိုင်ငံရေးနဲ့ရှင်းဖို့က ပိုပြီးတော့ လွယ်ကူမယ်။ ပိုပြီးတော့ မြန်ဆန်မယ်။ ကျနော်တို့က အဲဒီလိုယုံကြည်တယ်။ ဒါကြောင့် (Ethnic initiative) တို့၊ တောစံပယ်စီမံချက်တို့အားလုံးဟာ ဒီမိုကရေစီအင်အားစုတွေနဲ့ လက်တွဲဖြုတ်တာမဟုတ်ဘဲနဲ့ တိုက်ပွဲမှာ ပိုမိုအောင်မြင်အောင်နည်းနာ (Tactic) လို့ခေါ်တဲ့ နည်းပရိယာယ်၊ နည်းနာသုံးတာဖြစ်ပြီးတော့ အောင်ပွဲကိုသွားတဲ့လမ်းကြောင်းမှာ အတူတူပဲဖြစ်တယ်လို့ ကျနော်နိဂုံးချုပ် ရှင်းလင်းတင်ပြလိုပါတယ်။

❖

# ငှက်ဖျားဆေးတုများ မြန်မာနှင့် အာဆီယံနိုင်ငံများတွင်ပျံ့နှံ့



ငှက်ဖျားဆေးအတုများ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှဒေသများတွင်ပျံ့နှံ့နေခြင်းသည် ဒေသတွင်းရှိ ငှက်ဖျားရောဂါဝေဒနာရှင်များ၏ အသက်အန္တရာယ်ကို အကြီးအကျယ်ခြိမ်းခြောက်နေသည်ဟု ဆေးပညာရှင်များက ဇွန်လ (၁၃) ရက်နေ့တွင်သတိပေးလိုက်သည်။

ငှက်ဖျားရောဂါကုသရာတွင် အစွမ်းထက်လှသော အာတီဆူနိတ်ကို တုပထုတ်လုပ်ထားသောငှက်ဖျားဆေးတုများသည် မြန်မာ၊ လာအို၊ ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်စသော အရှေ့တောင်အာရှဒေသများတွင်ပျံ့နှံ့နေသည်ဟု အောက်စဖို့ဒ်တက္ကသိုလ်မှ နိုင်ငံတကာသုတေသနပညာရှင်အဖွဲ့က ဆိုသည်။

အသက် (၂၃) နှစ်အရွယ် ငှက်ဖျားဝေဒနာရှင် မြန်မာလူငယ်တဦးသည် မြန်မာနိုင်ငံအရှေ့ပိုင်း နယ်ဆေးရုံတခုတွင် တက်ရောက်ကုသစဉ် ထိုဆေးအတုကိုသုံးမိသည့်အတွက် ( ) လက သေဆုံးခဲ့ရသည်။

ဆေးတုများတွင် ရောဂါတိုက်ဖျက်ရေးတွင် အထိရောက်ဆုံးဖြစ်သော ဓာတုပစ္စည်း (၅၂) ရာခိုင်နှုန်း မပါဝင်ကြောင်း (၁၉၉၉) ခုနှစ်မှ (၂၀၀၄) ခုနှစ်အတွင်း အရှေ့တောင်အာရှဒေသတွင် အာတီဆူနိတ်ဆေးအတုများကို ပိုမိုတွေ့ရှိလာရကြောင်း၊ ဆေးအတုကြောင့် ငှက်ဖျားရောဂါပိုးဆေးမတိုးဘဲ တိုးပွားလာခဲ့လျှင် သက်ဆိုင်ရာနိုင်ငံများသာမက ကမ္ဘာ့လှည့်ခရီးသည်များအတွက်လည်း ကျန်းမာရေးဆိုင်ရာပြဿနာများဖြစ်လာနိုင်သည်ဟု ထိုသုတေသနအဖွဲ့ကဆိုသည်။

ဆေးအတုများပျံ့နှံ့မှုမရှိစေရန် ပိုမိုတားဆီးကြရန် အဆိုပါသုတေသနပညာရှင်များက ကျန်းမာရေးအဖွဲ့အစည်းများနှင့် ဆေးခန်းများသို့ ဆော်ဩထားကြောင်း သိရသည်။




(၁)

အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (မဒတ) ဖွဲ့စည်းတည်ထောင်ခြင်း နှစ် (၃၀) ပြည့် အခမ်းအနားတက်ရောက်ခဲ့တယ်။ အဖွဲ့အစည်းပေါင်း (၄၂) ဖွဲ့၊ လူတရာကျော် တက်ရောက်ပြီး စည်းလုံးညီညွတ်ခြင်းရဲ့ ရသကို ပြည့်ပြည့်ဝဝခံစားကြရပုံပေါ်တဲ့ ကျက်သရေမင်္ဂလာရှိတဲ့မြင်ကွင်းပါပဲ။ အဖွဲ့အစည်းအသီးသီးက ခေါင်းဆောင်တွေရဲ့ အလွန်တန်ဘိုးကြီးမားတဲ့ ဖြတ်သန်းမှုအတွေ့အကြုံ တည်ငြိမ်ခြင်း၊ ရင့်ကျက်ခြင်း၊ နိုင်ငံရေးလောကဓံ၊ အကွဲအပြဲ၊ အငတ်ငတ်အပြတ်ပြတ်၊ ပေါင်းစည်းခြင်း၊ ခရီးရှည်ချီတက်ပွဲ၊ ဖြတ်လေးဖြတ်၊ ရင်ဆိုင်တွေ့၊ ကြုံ့ကြုံ့ခံခြင်း၊ ချေမှုန်းခြင်းစတဲ့ဖြတ်သန်းခြင်းတွေ။

(၂)

(၂၀၀၇) ခု ပဥ္စမအကြိမ်မြောက် ဆရာကန်တော့ပွဲအတွက် အပြောအဟောလည်းကောင်း၊ ဟိတ်ဟန်လည်းကောင်း၊ လူအတန်းအစားကြည့်ပြီး ပေါင်းတတ်သင်းတတ်၊ ခေတ်ပညာတတ်၊ အတွေ့အကြုံအသင့်အတင့်ရှိတဲ့သူငယ်ချင်းကို အတွင်းရေးမှူးလုပ်ဖို့တိုက်တွန်းတော့ သူက 'ငါ့ဦးလေးဟာ (၁၉၄၈) ခု၊ မြန်မာပြည်လွတ်လပ်ရေးရပြီးကာစ တက္ကသိုလ်တက်နေရင်း တောခိုသွားတယ်။ (၂၀၀၅) ခုနှစ်၊ (၅၇) နှစ်ကြာမှ အတွင်းရေးမှူးရာထူးကို ထိုက်ထိုက်တန်တန်ရရှိတယ်။ ဒီတော့ ရာထူးကိုပေးတဲ့သူက ပေါ့ပေါ့တန်တန်မပေးသင့်သလို ယူတဲ့သူကလည်း ကိုယ့်အရည်အချင်းကို သေချာဆန်းစစ်ပြီးမှ ယူသင့်တယ်လို့ငါထင်တယ်။ ငါ ဒီ တာဝန်ကိုမယူပါရစေနဲ့'တဲ့။ ကျေးဇူးတင်ပါတယ်လို့ ကျေကျေနပ်နပ်ပဲ အကြောင်းပြန်လိုက်တယ်။

(၃)

အနိုင်ရပြီး သေပြေး ရှင်ပြေး ပြေးရတဲ့ပွဲမို့ ဘဝမှာအမှတ်တရပါ။ ဒေသကောလိပ်တက်တုန်းက ကျနော်တို့ ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းနဲ့ ဆောက်လုပ်ရေးလုပ်ငန်းပေါင်းထားတဲ့ဘောလုံးအသင်းနဲ့ တခြားအသင်းဖိုင်နယ်မှာတွေ့တယ်။ ဒီပွဲကို ကျနော်တို့အသင်းက လေးဂိုးတဂိုးနဲ့အပြတ်အသတ်နိုင်လိုက်တယ်။ ပွဲလည်းပြီးရော အတန်းထဲက တယောက် ကမြောသောပါးပြေးလာပြီး 'အကျီတွေပြောင်းပြန်လှန်ဝတ်၊ ကားဆီကို အမြန်ပြေးကြ'လို့ လာပြောတယ်။ သူ့ထက်ငါဦးအောင်ပြေးကြတယ်။ အုတ်ခဲပိုင်းတခုက ကားနံဘေးကို အုန်းခနဲလာမှန်တယ်။ ကျောင်းရောက်မှ၊ အကျအရှုံးမရှိ တိုက်စစ်မှူးများအပြေးသန်၍လို့ ရယ်ပွဲဖွဲ့နိုင်ကြတယ်။ အဲဒီတုန်းက ကျနော့်ကျောနံပါတ်က (၁၆)။

(၄)

(၁၉၈၈) ခုနှစ်။ ဆန္ဒပြချီတက်ရင်း ကုန်သွယ်ရေးရုံးနားရောက်လာတယ်။ အထက်တန်းကျောင်းသူတယောက်ကို ကုန်သွယ်ရေးရုံးလုံခြုံရေးတာဝန်ယူထားတဲ့ စစ်သားက သေနတ်နဲ့လှမ်းပစ်လို့ ဒဏ်ရာနဲ့ဆေးရုံကို ခေါ်သွားတယ်လို့ ရှေ့ကလူတွေက တဆင့်စကားနဲ့ပြောတယ်။ နောက်ရောက်လာတဲ့သူတွေကို ကျနော်ကဆက်ပြောရတယ်။ လူတွေရော ဘုန်းကြီးတွေပါ ဒုတ်ဓားတွေကိုင်ပြီး ကုန်သွယ်ရေးရုံးပေါ်ကို ဂျပန်ရုပ်ရှင်ကားထဲက နင်းဂျားတွေအလား လျှပ်တပြက်တွယ်တက်သွားကြတယ်။ ဒိန်းခနဲ သေနတ်သံတချက်ကြားတယ်။ ကျနော်လမ်းဘေးက တိုက်ခန်းအပေါက်နား ပြေးကပ်လိုက်တယ်။ အရပ်ပုပု၊ ဂင်တိုတို၊ ဗိုက်ရွှဲရွှဲ၊ ပုဆိုးချက်ပြုတ်ဝတ်ထားတဲ့သူက သံဘာဂျာတံခါးကို ဂျိမ်းကနဲဆွဲပိတ်လိုက်တယ်။ ဒါနဲ့ သူ့အိမ်ရှေ့မှာ ရပ်ထားတဲ့ စကိုဒါကားအပြာလေးနားကို ပြေးဝပ်လိုက်တယ်။ တံခါးပိတ်လိုက်တဲ့သူရဲ့ ကျောဘက်တိုက်နံရံမှာ စာစောင်ထဲက ဒေါ်အောင်ဆန်းစုကြည်တရားဟောနေတဲ့ ဓာတ်ပုံကိုဆုတ်ဖြဲပြီး ကပ်ထားတာကို ဖျတ်ခနဲသတိထားလိုက်မိတယ်။ သေနတ်သံဆက်ပြီးမကြားရတော့။ ဗားတော့ဗရက်ရဲ့ 'ဆူပူလှုံ့ဆော်ရေးသမားရဲ့ချာပန' ကဗျာကို တဦးဦးကနားနားလာပြီး ရွတ်နေသလို ခပ်တိုးတိုးကြားနေရတယ်။ ပြီးတော့ ကျနော် လူအုပ်ကြီးဆီပြန်သွားတယ်။ အရေးတော်ပုံ …. …. အောင်ရမယ်

အရေးတော်ပုံ …. …. အောင်ရမယ် ….

(၅)

မြန်မာစာဂုဏ်ထူးတန်းကျောင်းသားတွေ နွေရာသီပုဂံလေ့လာရေးခရီးကအပြန် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှာ ခေတ္တတည းခိုတည်းကြတယ်။ ဒေသကောလိပ်တုန်းက အရှုံးအမှုးဖြစ်ခဲ့တဲ့ သူမကိုတွေ့ရမှာမို့ ရင်တွေခုန်နေတယ်။ တတိယနှစ်မှာ ကျနော်က မြန်မာစာအဓိကနဲ့ရန်ကုန်တက္ကသိုလ် (ပင်မ) ကိုရောက်သွားပြီး သူမက စိုက်ပျိုးရေးတက္ကသိုလ်ကိုရောက်သွားတယ်။ သူမ ကျနော့်ဆီလျှောက်လာတယ်။ အရင်လိုပဲ မပြောင်းလဲပါလား။ စောင့်နေတာကြာပြီလားတဲ့။ သိပ်မကြာသေးပါဘူး။ လေ့လာရေးခရီးလား။ ဟုတ်တယ်။ အသားတွေညိုသွားတယ်နော်။ လယ်ထဲဆင်းရတယ်လေ။ အော် ….၊ ဒီရောက်ပြီး လေးငါးခြောက်လလောက်ထိ ကိုလတ်ဆီက စာရောက်လာမလားလို့ မျှော်တောင်နေသေးတယ်။ ကျနော်လည်း အဲ…. အော် ကိုလတ်ကို မိတ်ဆက်ပေးရအုံးမယ်။ ခြေသံကြားလို့ နောက်လှည့်ကြည့်လိုက်တယ်။ ဘောလုံးကန်အကျီအဝါရောင်နဲ့၊ အသားညိုညိုလက်ထဲမှာ စတီးချိုင့် သုံးဆင့်ချိုင့်ကိုင်ထားတယ်။ သူက ကိုကိုတဲ့။ ကျမနဲ့တတန်းထဲပဲ။ ကိုကိုပြုံးပြီးခေါင်းညိတ်တယ်။ ထမင်းချိုင့်ပေးပြီး ပြန်ထွက်သွားတယ်။ သူ့ကျောနံပါတ်က (၁၅)။ တိုက်တိုက် ဆိုင်ဆိုင် ကျနော်ဝတ်လာတဲ့ အကျီကျောနံပါတ်က (၁၆)။ ကျောင်းတုန်းက သူမအားပေးခဲ့တဲ့ နံပါတ်နဲ့အကျီပါ။ သောက်ခဲ့ဘူးသမျှ အရက်တွေထဲမှာ အဲဒီညကအရက်ကအပြင်းဆုံး။ မီးကိုရေနဲ့ဖျော်ထားတာတဲ့။ တဘဝလုံးစာမူးသွားတယ်။

(၆)

ည (၁) နာရီလောက်၊ သန်းခေါင်စာရင်းစစ်ဖို့ဆိုပြီး အိမ်ထဲဝင်လာတယ်။ ယူနီဖေါင်းမပါ၊ ခါးမှာလည်း ပစ္စတိုတွေထိုးလို့ တအိမ်လုံးအနှံ့လိုက်ရှာတယ်။ ဘာအထောက်အထားမှမတွေ့ဘူး။ ခဏခေါ်သွားမယ်။ ပြန်ပို့ပေးမယ်တဲ့။ ကျနော်မထင်ဘူး။ ကျနော့်ဒူးတွေတုန်နေပါလား။ ကားပေါ်ရောက်တော့

စာမျက်နှာ (၁၉) ကော်လံ (၁) သို့…

# မူးယစ်ဆေးဝါးများကိုလူမြင်ကွင်းတွင်မီးရှို့ပြ မူးယစ်ဂိုဏ်းများ နောက်ကွယ်တွင် အရောင်း အဝယ်မပျက်

မြန်မာနိုင်ငံတွင် မူးယစ်ဆေးထုတ်လုပ်မှုကို တိုက်ဖျက်နေကြောင်းပြသသည့်အနေဖြင့် နအဖရဲချုပ်ခင်ရီက ဇွန်လ (၂၆) ရက်နေ့က မူးယစ်ဆေး ကီလိုမီတာရာနှင့်ချီ၍မီးရှို့ပြနေချိန်တွင် အိမ်နီးချင်း တရုတ်နိုင်ငံက မြန်မာနိုင်ငံနှင့်ကပ်လျက် ရွှေတြိဂံဒေသတွင် မူးယစ်မှောင်ခိုဂိုဏ်းများအရောင်းအဝယ်မပျက် ဆက်ရှိနေသည်ဟု ပြောဆိုလိုက်သည်။

မြန်မာနိုင်ငံဘက်အခြမ်းမှ ရွှေတြိဂံဒေသကိုဖြတ်ကျော်၍ မူးယစ်ဆေးဝါးနှင့် အေ့စ်ရောဂါများ တရုတ်နိုင်ငံအနောက်တောင်ပိုင်း၊ ယူနန်ပြည်နယ်သို့ ဝင်ရောက်လာနေသည်ဟု တရုတ်မူးယစ်တိုက်ဖျက်ရေးဌာနမှ အရာရှိများကဆိုသည်။

ဘိန်းကီလို (၆၉၀) နှင့် အမ်ဖက်တမင်း



မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးနေစဉ်

ဆေးပြားပေါင်း (၂) သန်းကျော် မီးရှို့ပြသည့်ပွဲတွင် နအဖရဲချုပ်ခင်ရီက မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးထုတ်လုပ်မှု မထိန်းချုပ်နိုင်ခြင်းသည် အိမ်နီးချင်းနိုင်ငံများကြောင့်ဖြစ်သည်ဟု ပြန်လည်အပြစ်ဖို့သည်။

ရဲချုပ်ခင်ရီက အက်ဖက်တမင်း ဆေးပြားထုတ်လုပ်ရာတွင် အသုံးပြုသောဓာတုပစ္စည်းများသည် အိမ်နီးချင်းနိုင်ငံများမှ မှောင်ခိုလမ်းမှတဆင့် မြန်မာနိုင်ငံသို့ဝင်ရောက်ခဲ့ခြင်းဖြစ်သည်ဟု သတင်းထောက်များကိုရှင်းပြခဲ့သည်။

> **နအဖရဲချုပ်ခင်ရီက မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးထုတ်လုပ်မှု မထိန်းချုပ်နိုင်ခြင်းသည် အိမ်နီးချင်းနိုင်ငံများ ကြောင့်ဖြစ်သည်ဟု… ဓာတုပစ္စည်းများသည် အိမ်နီးချင်းနိုင်ငံများမှ မှောင်ခိုလမ်းမှတဆင့် မြန်မာနိုင်ငံသို့ဝင် ရောက်ခဲ့ခြင်းဖြစ်သည်…**

ကုလသမဂ္ဂ၏ လွန်ခဲ့သော (၄) နှစ်က ထုတ်ပြန်ခဲ့သော ကမ္ဘာတဝှမ်းမူးယစ်ဆေးဝါးနှင့်ရာဇဝတ်မှုအစီရင်ခံစာတွင် မြန်မာနိုင်ငံတွင် မူးယစ်ဆေးထုတ်လုပ်မှုကျဆင်းနေသည်ဟု ဖော်ပြထားသည်ကိုလည်း သူက အလေးအနက်ထားထောက်ပြခဲ့သေးသည်။

ကုလသမဂ္ဂ၏ (၂၀၀၆) ခုနှစ် မူးယစ်ဆေးဝါးအစီရင်ခံစာတွင် ကမ္ဘာတဝှမ်းမူးယစ်ဆေးထုတ်လုပ်မှုသည် လွန်ခဲ့သော နှစ်ပေါင်း (၁၀၀) ကနှင့် နှိုင်းယှဉ်လျှင် ကျဆင်းသွားသည်ဟုဖော်ပြထားပြီး၊ ရွှေတြိဂံဒေသတွင်လည်း မကြာမီနှစ်များအတွင်း မူးယစ်ဆေးထုတ်လုပ်မှု ပပျောက်သွားတော့မည်ဟု ဆိုထားသည်။

သို့သော် တရုတ်မြန်မာနယ်စပ်အခြေစိုက်အပစ်အခတ်ရပ်အဖွဲ့တဖွဲ့ဖြစ်သော ကချင်ဒီမိုကရေစီသစ်မတော် (NDAK) ဆက်သွယ်ရေးအရာရှိ ဗိုလ်မှူးကြီး မုယင်တောင်ဟောင်းက ကချင်ဒေသတွင်းတွင် ဘိန်းထုတ်လုပ်ရောင်းချမှုများနှင့် ဘိန်းစိုက်ပျိုးမှုများသည် လွန်ခဲ့သောနှစ်များကနှင့်စာလျှင် တိုးတက်လာသည်ဟုဆိုသည်။

သို့သော် ရွှေတြိဂံဒေသ၏ မူးယစ်ဆေးဝါးရောင်းဝယ်မှုများတွင် နယ်စပ်အခြေစိုက်လက်နက်ကိုင်တပ်များ ပါဝင်ပတ်သက်နေသည်ဆိုသော တရုတ်မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအရာရှိများ၏ စွပ်စွဲချက်ကိုသူက ငြင်းဆန်သည်။

အမေရိကန်ပြည်ထောင်စု၏ ယမန်နှစ်ကထုတ်ပြန်သော အစီရင်ခံစာတွင် မြန်မာ၊ တရုတ်နှင့် ထိုင်းနယ်စပ်ဒေသသည် အက်ဖီတမင်ဆေးပြားသိမ်းသန်းနှင့်ထုတ်လုပ်ရာ အဓိကဒေသကြီးဖြစ်ပြီး၊ မူးယစ်မှောင်ခိုဂိုဏ်းများ လွတ်လပ်ကျက်စားရာနေရာဖြစ်သည်ဟု ဖော်ပြထားသည်။

မြန်မာနိုင်ငံသည် အာဖဂန်နစ္စတန်ပြီးလျှင် ကမ္ဘာပေါ်တွင် မူးယစ်ဆေးအများဆုံးထုတ်လုပ်သောနိုင်ငံဖြစ်ပြီး (၂၀၁၄) တွင် မြန်မာနိုင်ငံတွင် မူးယစ်ဆေးထုတ်လုပ်မှုလုံးဝပပျောက်သွားအောင် တိုက်ဖျက်သွားမည်ဟု နအဖက ကတိပေးထားသည်။ ❖




# ဗိုဟဲယိုးတွေရဲ့ အသံကို ဘာနဲ့ တားမလဲ

ဇွန်မှိုင်း

(၁)

လူတယောက် ကြောက်နေပြီဆိုရင် သိပ်သိသာတယ်။

သွေးပျက်လောက်အောင်ကို ကြောက်နေပြီဆိုရင်တော့ ဘာပြောကောင်းတော့မလဲ။

သိပ်ကိုသိသိသာသာကြီး ရုပ်ပျက်နေတတ်တာပါ။

အဲဒီအချိန်ဆို…. ဘာဣန္ဒြေမှလည်း မဆည်နိုင်တော့ဘူး။

သံဗုဒ္ဓေ ရွတ်လိုရွတ်၊ အုတ်ခဲကျိုး ကောက်ကိုင်လိုကိုင်၊ စောင်ခေါင်းမြီးခြုံပြီး အိပ်လိုအိပ်၊ ခုတင်အောက်ဝင်ပုန်းလို့ ဝင်ပုန်း၊ ပျာယာခတ်နေတော့တာပါ။

အဲဒီလို လက္ခဏာမျိုးတွေ အခုဘယ်သူ့မှာတွေ့နေရသလဲ။

နအဖစစ်အုပ်စုမှာ အဲဒီလက္ခဏာတွေ အပြည့်ပဲလို့ ကျနော်ဆိုချင်တယ်။

(၂)

သူ ဘာတွေကို ကြောက်နေတာလဲ။

သူ ဘာတွေကို အကြောက်ဆုံးလဲ။

သူ အကြောက်ဆုံးက အဓိကအားဖြင့် (၂) ခုရှိမယ်လို့ ကျနော်ပြောချင်တယ်။

တခုက…. လူထုလှုပ်ရှားမှု၊ လူထုတိုက်ပွဲ။

နောက်တခုက…. တွေ့ဆုံဆွေးနွေးရေး။

သူကြောက်တာတွေ အသေးစိတ်စာရင်းပြုရမယ်ဆိုရင်တော့…. ဒီကိစ္စဟာ ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးတပါးသာ စွမ်းနိုင်ပေလိမ့်မယ်။

ဘာကြောင့်လဲဆိုရင် ….

သူက လူထုလည်းကြောက်၊ ကျောင်းသားလည်းကြောက်၊ အလုပ်သမားလည်းကြောက်၊ သံဃာထုလည်းကြောက်၊ လယ်သမားလည်းကြောက်၊ စီးပွားရေးလုပ်ငန်းရှင်တွေကိုလည်းကြောက်၊ တဦးချင်း တယောက်ချင်းလည်းကြောက်၊ အစုလိုက် အဖွဲ့လိုက်လည်းကြောက်၊ ပြောရရင် ကိုယ့်အရိပ်ကိုတောင် ကိုယ်ပြန်ကြောက်နေတာဆိုတော့ ….

သူဘာတွေ ကြောက်နေသလဲဆိုတဲ့ ကိစ္စက အမယ်ကစုံလွန်းနေတော့…. စာရင်းချလို့ ဆုံးမှာမဟုတ်တော့ဘူး။

“သာဓကအနေနှင့်ပြောရလျှင် ယခုအခါတွင် နိုင်ငံတော်ကိုဆန့်ကျင်နေသည့် အဖျက်သမားများနှင့် ကျောင်းသားအမည်ခံထားသည့် နိုင်ငံရေးပွဲစားအချို့သည်အထွေထွေလူထုအုံကြွမှုကြီးဟု အမည်တပ်ထားသည့် ဆူပူသောင်းကျန်းမှုများဖြစ်ပေါ်အောင် ပြည်တွင်းပြည်ပချိတ်ဆက်ပြီး လှုံ့ဆော်ဖန်တီးနေကြကြောင်း၊ ယင်းအဖျက်သမားများသည် အေးချမ်းစွာပညာသင်ကြားမှုနှင့် နိုင်ငံတော်အတွင်းတည်ငြိမ်အေးချမ်းနေမှု ပျက်ပြားအောင် ကျောင်းသူကျောင်းသားလူငယ်များအကြား အဖျက်အမှောင့်လုပ်ငန်းများ သွတ်သွင်းဖန်တီးသည်များ၊ သွေးထိုးလှုံ့ဆော်သည်များလုပ်ဆောင်နေကြောင်း”

ကြည့်ပါဦး …. ဒါဟာ ….

ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) မှာပြုလုပ်တဲ့ တက္ကသိုလ်၊ ကောလိပ်ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၉) သင်တန်းဆင်းပွဲမှာ ပြောကြားတဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန်ရဲ့မိန့်ခွန်းထဲက တစိတ်တပိုင်းပါ။

ကြောက်ပြီဆိုရင် တောင်ရမ်း မြောက်ရမ်း။

တောင်စွပ်စွဲ မြောက်စွပ်စွဲတွေကလည်း ထုလာတတ်တယ်။

တောင်တံဆိပ်ကပ်၊ မြောက်တံဆိပ်ကပ် ဆိုတာတွေလည်း လုပ်လာတတ်တယ်။ ကျနော် သတိရနေသေးတယ်။

အခု အိမ်နိမ့်စံဘဝရောက်သွားတဲ့ သွားလေသူ အတွင်းရေးမှူး (၁) ဟောင်း ဗိုလ်ခင်ညွန့်တုန်းကလည်း ဒီစကားမျိုးပြောခဲ့ဖူးတယ်။

အခုလိုပဲ ဆရာ၊ ဆရာမတွေ၊ ကျောင်းအုပ်ကြီးတွေနှင့် တက္ကသိုလ်က ဆရာ၊ ဆရာမတွေကို ခေါ်ပြီးပြောတဲ့ (၉၀) ခုနှစ် နှစ်ဆန်းပိုင်းလောက်ဆီက ဗိုလ်ခင်ညွန့်ရဲ့ ဩဝါဒစကားမှာပါ။

အဲဒီစကားရဲ့ နောက်ခံကာလကို နည်းနည်းပြန်ပြီး ပြောပြချင်တယ်။

အဲဒီကာလက ကျောင်းသားလှုပ်ရှားမှုတွေ အထူးသဖြင့် အထက်တန်းကျောင်းတွေက (အ.က.သ) ကျောင်းသားလေးတွေရဲ့ လှုပ်ရှားမှုတွေ တခြိမ်းခြိမ်းပေါ်နေတဲ့ကာလ။

မန္တလေးမှာဆိုရင် အ.ထ.က (၁) က ဖြစ်လိုက်၊ အ.ထ.က (၉) ကဖြစ်လိုက်၊ အ.ထ.က (၄) က ဖြစ်လိုက်၊ အ.ထ.က (၁၆) က ဖြစ်လိုက်။ တခြိမ်းခြိမ်းနဲ့ နေ့တိုင်းလိုဖြစ်နေတယ်။

မန္တလေးရဲ့ ထောက်လှမ်းရေး (၁) နှင့် (၁၆) ဆိုရင် ထိုင်ကိုမနေရတော့ဘူး။

ပြီးတော့…. နောက်တခုက ရေနံချောင်း။

(၁၉၉၀) နှစ်လယ်ပိုင်းလောက် ဗိုလ်စောမောင်ရဲ့ ရေနံချောင်းကိုသွားတဲ့ ခရီးစဉ်မှာ ရေနံချောင်းက ကျောင်းသားလေးတွေက….

‘ဗိုလ်ချုပ်မှူးကြီး စောမောင် ကျန်းမာပါစေ’လို့ အော်ရမယ့်အစား

‘ဒေါ်အောင်ဆန်းစုကြည် ကျန်းမာပါစေ’ လို့ တညီတညာတည်းဝိုင်းပြီး ကြွေးကြော်လိုက်တော့….

ဗိုလ်ချုပ်မှူးကြီးဆိုတဲ့လူလည်း မျက်စိမျက်နှာတွေပျက်။

ဗိုလ်ချုပ်မှူးကြီးကို ဖားချင် ယားချင်လို့ ကျောင်းသားတွေကို အကြိုခိုင်းမိတဲ့ မ.ဝ.တ တို့ ခ.ဝ.တ တို့ဆိုတဲ့ လူတွေလည်းမျက်စိမျက်နှာတွေပျက်။

ရှက်ကလည်းရှက်၊ စိတ်ကလည်းဆိုး။ မျက်နှာကြီးတွေနီရဲပြီး အဲဒီကလေးတွေထဲက ခေါင်းဆောင်လို့ သူတို့ထင်တဲ့ ကလေး (၃) ယောက်ကိုဖမ်း၊ ထောက်လှမ်းရေးရဲ့ စစ်ကြောရေးစခန်းမှာ ရက်ရက်စက်စက် ရိုက်နှက်ညှင်းပန်းနှိပ်စက်တော့တာပါ။

ဗိုက်ခေါက်ကို ပလာယာနဲ့ညှပ်ဆွဲပြီး စစ်တယ်။ အသားနုနုလေးတွေ အကွင်းလိုက်ပြတ်ထွက်၊ အညိုအမဲတွေစွဲ။ မြင်ရက်စရာမရှိဘူး။

“မင်းတို့ကို ဘယ်သူခိုင်းတာလဲ၊ မင်းတို့ကို ဘယ်သူမြှောက်ပေးတာလဲ၊ မင်းတို့နောက်က ဘယ်သူလဲ”ဆိုတဲ့ မေးခွန်းတွေ

“မင်းတို့ကို ဘယ်သူမြှောက်ပေးတာမဟုတ်ဘူးလား”ဆိုတဲ့ စွပ်စွဲချက်တွေ

“မင်းတို့ကို ဗကပတွေက အသုံးချနေတာကွ”ဆိုတဲ့ တံဆိပ်ကပ်မှုတွေစုံနေတာပဲ။

တဆိတ်ရှိ ဗကပ ၊ တဆိတ်ရှိ ဗကပ တံဆိပ်တွေ တကပ်တည်းကပ်နေတော့….

အဲဒီ မန္တလေး၊ ရေနံချောင်း၊ ရန်ကုန် စတဲ့နေရာတွေက ကျောင်းသားလေးတွေက နံရံတွေပေါ်မှာ၊ နဝတရဲ့ ဒို့တာဝန်အရေး (၃) ပါး ဆိုင်းဘုတ်တွေပေါ်မှာ စပရေး ဆေးဗူးတွေနဲ့ အခုလိုစာတွေရေးလိုက်ကြတယ်။

“ခွေးတွေအားလုံး နဝတ၊ လူတွေအားလုံး ဗကပ”တဲ့ ….

စိတ်ကူးလေးကလည်း ကောင်းလိုက်တာ၊ သစ်လွင်နေတာပဲ၊ ကလေးစိတ်ကူး၊ ကလေးအတွေး၊ ကလေးအရေး။

ဗိုလ်ခင်ညွန့်ဆိုတာ စိတ်ဆိုးလိုက်တာ တုန်နေတာပဲ။

အဲဒါနဲ့ အစောကပြောသလို ဆရာ၊ ဆရာမတွေကိုခေါ်ပြီး မိန့်ခွန်းခြွေတော့တာပဲ။

“အခုခေတ် ကျောင်းသားတွေထဲမှာ ဂုဏဝုတ္တိ၊ ဝယဝုတ္တိဆိုတာ မရှိကြတော့ဘူး။ နိုင်ငံတော်အကြီးအကဲတွေကိုတောင် အဲဒီလို ပြောဆိုလာတဲ့အထိ ဖြစ်လာနေပြီ။ အဲဒါကို ဆရာ၊ ဆရာမကြီးများက ပြန်ပြီးဆုံးမပေးကြပါ။ အဲဒါက ဆရာ၊ ဆရာမတို့ရဲ့ တာဝန်ပဲ”လို့ ဆိုလာပါတယ်။

အကျိုးဆက်ကတော့ ….

ဆရာ၊ ဆရာမတွေအားလုံး မီးကင်းစောင့်ရသလို၊ နေ့ခွဲတမ်း ညခွဲတမ်းတွေချပြီး (၂၄) နာရီ ကင်းစောင့်ရတော့တာပါပဲ။

ညနေ၊ ညနေဆို အိပ်ရာလိပ်ကလေးတွေယူပြီး၊ စက်ဘီးလေးပေါ်တင်ပြီး၊ ကျောင်းဆီကို စိတ်မပါ လက်မပါသွားနေကြရရှာတဲ့ ဆရာတွေကို မြင်ခဲ့ရတယ်။

ကျောင်းဝန်းရှေ့နားမှာ၊ ကျောင်းဝန်းတံခါးနားမှာ၊ကျောင်းရှေ့က သစ်ပင်ရိပ်တွေအောက်မှာ စိတ်မသက်မသာနဲ့ မနက်အစောကြီးထ ထလာပြီး လာစောင့်နေရရှာတဲ့ ဆရာမလေးတွေကို မြင်ခဲ့ရတယ်။

အခု ပြန်စဉ်းစားရင်နဲ့တောင်….

စိတ်ထဲမှာ မကောင်းပြန်ဖြစ်တယ်။

အဲဒီဆရာ၊ ဆရာမတွေ ခမျာ

ဗိုလ်ချုပ်ကြီးများ ‘ခွေးတွေအားလုံး နဝတ’အခေါ်မခံရရေးအတွက် စာသင်ကြားရေး၊ အချိန်ပိုသင်ကြားရေးတွေကိုဖျက်ပြီး မီးကင်းစောင့်သလို စောင့်ပေးခဲ့ကြရတဲ့ အဖြစ်ပါ။ မိမိကိုယ်ပိုင်အားလပ်ချိန်တွေကို အဓိပါယ်မဲ့အလုပ်တွေ လုပ်ပေးနေကြရတာပါ။

အခုလည်း ဒီအတိုင်းပဲ လုပ်လာကြပြန်ပါပြီ။

(၄)

လူထုလှုပ်ရှားမှုတွေ ဘယ်မှာပေါ်နိုင်သလဲ။

ပြောရရင်တော့ နေရာတိုင်းမှာပေါ်နိုင်တယ်၊ ကျူးဘားတော်လှန်ရေးသမား ဥပဒေကျောင်းသား ဖီဒယ်ကက်စထရို ပြောသလို “ကျူးဘားတော်လှန်ရေးကို တချို့က ပြောကြတယ်။ တက္ကသိုလ် ပရဝုဏ်ထဲက၊ ဥပဒေစာသင်ခန်းထဲက စတယ်တဲ့။ တကယ်က အဲဒီလိုမဟုတ်ပါဘူး။ ဗိုဟဲယိုးလို့ခေါ်တဲ့ တဲစုပ်ကလေးတွေထဲက အလွန်ကိုပဲ ဆာလောင်မွတ်သိပ်နေတဲ့ ဗိုက်တွေထဲက စတာပါ”တဲ့။ ဖီဒယ်ကက်စရိုပြောတာ ကျနော်သဘောတူတယ်။

လူထုတိုက်ပွဲဟာ အလွန်ကိုဆာလောင်မွတ်သိတ်နေတဲ့လူထုကြီးတွေရဲ့ ဗိုက်ထဲကပဲ စလိမ့်မယ်။

ကျနော်တို့ တနိုင်ငံလုံးလည်း ဗိုဟဲယိုးတွေ ဖြစ်ကုန်ကြပြီ။ လူတိုင်းဆာလောင်နေကြပြီ။

ဒါကြောင့် လူထုတိုက်ပွဲဟာ နေရာမရွေးမှာ အချိန်မရွေးဖြစ်နိုင်တယ်။

ဒါကို ကျနော်တို့ သိရှိနေသလို….

စစ်အုပ်စုကလည်း သူ့အတွေ့အကြုံအရ သဘောပေါက်နေပြီ။

ဒီအတွက် လူထုတွေထဲမှာ…. ဒီအတွေးအခေါ် မခိုမကပ်နိုင်အောင်၊ ဒီလုပ်ငန်းစဉ်တွေ မခိုမကပ်နိုင်အောင်၊ ဒီလုပ်ငန်းစဉ်တွေနဲ့ ဒီအတွေးအခေါ်ကို အကောင်အထည်ဖော်မယ့်သူတွေ မခိုမကပ်နိုင်အောင် …. ပိတ်တာဆီးတာတွေ လုပ်လာတယ်။ ကာတာဆို့တာတွေ လုပ်လာတယ်။

အသိသာဆုံးကတော့ ရန်ကုန်မြို့က အိမ်တိုင်းမှာရှိတဲ့ အိမ်ထောင်စုစာရင်းဝင်တွေ အကုန်လုံးဓါတ်ပုံရိုက်၊ အဲဒီဓါတ်ပုံနဲ့အတူ အိမ်ထောင်စုဇယားကို အိမ်ရှေ့မှာကပ်ထား၊ သူတို့ အချိန်မရွေးလာစစ်ရင် လူနဲ့ဓါတ်ပုံနဲ့ စာရင်းနဲ့ အံကိုက်ဖြစ်ပါစေလို့ အမိန့်တွေ ထုတ်လာတယ်။

ဒီထက်ပိုဆိုးတာက ….

စည်းကမ်းချက် (၁၃) ချက် ဆိုတာကြီးကို အတင်းလက်မှတ်ထိုးခိုင်းပြီး လူထုတွေရဲ့အာရုံကို မကြည်မလင်ဖြစ်အောင် အနှောင့်အယှက်ပေးနေတဲ့အထိ ဖြစ်လာတာပဲ။

လူထုဟာ ဘယ်လောက်အာရုံနောက်နေကြမလဲ။ ဘယ်လောက်စိတ်ရှုပ်ထွေးပြီး အနေကြပ်နေကြမလဲဆိုတာ ရန်ကုန်ထဲက အိမ်ရှင်မတဦးရဲ့ ဒီရင်ဖွင့်သံနဲ့ပဲ သိသာလှပါပြီ။

“(၁) ကတော့လေ ရပ်ကွက်အတွင်းတွင် မိမိနေအိမ်တိုက်ခန်းသို့ လာရောက်လည်ပတ်သည့် ဧည့်သည်များတည်းခိုပါက ရာအိမ်မှူး၊ ဆယ်အိမ်မှူး အိမ်ရာကော်မတီမှတဆင့် ရယကသို့တင်ပြ၍ ခွင့်ပြုချက်ရရှိမှသာ တည်းခိုနိုင်တယ်ပေ့ါနော်။ အဲဒါက (၁) အချက်။ ရယကကိုတင်ပြပြီးတော့ သူတို့ ခွင့်ပြုချက်ရမှသာ တည်းခိုခွင့်ရှိတယ်ဆိုတော့ ကျမတို့ သူတို့ခွင့်ပြုချက်မရလို့ရှိရင် ကျမတို့ တည်းခိုလို့မရဘူးပေ့ါ။ နောက် (၂) အချက်ကကျတော့ ရယကရုံးတွင် မှတ်ပုံတင်ထားသည့် အိမ်ထောင်စုဝင်များ ခရီးသွားလာပါက ရာအိမ်မှူး၊ ဆယ်အိမ်မှူးထံ သတင်းပို့ရန်တဲ့။ နံပါတ် (၄) အချက် ရပ်ကွက်အတွင်းထုတ်ပြန်ထားသော ဒေသန္တရဆိုင်ရာလုံခြုံရေးစည်းကမ်းသတ်မှတ်ချက်အတိုင်း တိကျစွာလိုက်နာနေထိုင်ရမည်တဲ့။ တကယ်လို့မလိုက်နာခဲ့လို့ရှိရင် အဲဒါနောက်ဆုံးမှာ ဒါဘာလည်းဆိုတော့ အဲဒီစည်းကမ်းများကို သိရှိလိုက်နာရမည်ဖြစ်ကြောင်းရယ်။ စည်းကမ်းဖောက်ဖျက်ပါက အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဝန်ခံဂတိပြု လက်မှတ်ရေးထိုးပါသည်ဆိုပြီးတော့ အဲဒါကို လက်မှတ်ထိုးရမယ်တဲ့”

(၅)

ကြောက်ပြီဆိုရင်တော့ ဘရိတ်မရှိတော့ဘူး။

နိုးဂီယာ၊ နိုးဘရိတ်ဆိုတာမျိုးလိုကို ကြောက်တော့တာ။

စောစောကပြောသလို ကိုယ့်အရိပ်ကိုယ်ကိုပြန်ပြန်ပြီး ကြောက်လာတော့တာ။

နအဖစစ်အုပ်စုအနေနဲ့ ဘယ်လောက်ကျီးလန့်စာစားဖြစ်နေကြပြီလဲဆိုတာ စဉ်း

စာမျက်နှာ (၁၉) ကော်လံ (၁) သို့ ...

# တရုတ်က မြန်မာနိုင်ငံသို့ စစ်လက်နက်များ လျှို့ဝှက်တင်ပို့နေ နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီးအပြစ်တင်




တရုတ်နိုင်ငံသည် ကမ္ဘာပေါ်က စစ်လက်နက်ပစ္စည်းများ တင်ပို့သောနိုင်ငံများတွင် တာဝန်ယူမှုအကင်းမဲ့ဆုံးဖြစ်ပြီး ဆူဒန်၊ နီပေါနှင့် မြန်မာနိုင်ငံများတွင် ဖြစ်ပွားနေသော ပဋိပက္ခနှင့်တိုက်ခိုက်မှုများတွင် တာဝန်ရှိသည်ဟု နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီးက စွပ်စွဲလိုက်သည်။

ဇွန်လ (၁၁) ရက်နေ့က ထုတ်ပြန်သော နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ ကမ္ဘာ့လက်နက်အရောင်းအဝယ်ဆိုင်ရာ အစီရင်ခံစာတွင် "တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် လက်နက်တင်ပို့ရာ၌ အလျှို့ဝှက်ဆုံးနှင့် တာဝန်ယူမှုမရှိဆုံး အင်အားကြီးတနိုင်ငံဖြစ်သည်"ဟု ဖော်ပြထားသည်။

နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ အစီရင်ခံစာတွင် တရုတ်နိုင်ငံသည် ကမ္ဘာ့နိုင်ငံတချို့တွင် သွေးထွက်သံယိုမှုများ၊ ဒုစရိုက်မှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ ဆက်လက်ဖြစ်ပွားအောင် အားပေးမြှောက်လုပ်နေသည်ဟုဖော်ပြထားပြီး စစ်လက်နက်များကို ထုတ်လုပ်နေသောအနောက်နိုင်ငံမှ ကုမ္ပဏီတချို့ကိုလည်း အပြစ်တင်ထားသည်။

"တရုတ်နိုင်ငံဟာ အပြင်ပန်းအားဖြင့် လက်နက်တင်ပို့တဲ့အခါမှာ ဂရုတစိုက်နဲ့ တာဝန်ယူမှုရှိသယောင် လုပ်ပြနေတယ်။ လက်တွေ့မှာတော့ အပြောနှင့်အလုပ်တခြားစီပဲ"ဟု နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ လက်နက်ထိန်းချုပ်ရေးဌာနမှ သုတေသီ Helen Hughes က ဆိုသည်။

လတ်တလော အထောက်အထားများအဖြစ် (၂၀၀၅) ခုနှစ်အတွင်းက တရုတ်နိုင်ငံမှ ဆူဒန်နိုင်ငံသို့ မြေပြင်သုံးစစ်ယာဉ် (၂၀၀) ကျော် တင်ပို့ခဲ့ခြင်းနှင့် မြန်မာနိုင်ငံသို့ ရေကြောင်းမှစစ်လက်နက်များ ပုံမှန်တင်ပို့နေခြင်းများကို အဖွဲ့ကြီးက ထောက်ပြထားသည်။

တရုတ်နိုင်ငံသည် အိန္ဒိယနိုင်ငံနည်းတူ နအဖကို နိုင်ငံရေး၊ စီးပွားရေးနှင့် စစ်ရေးအရ ကျောထောက်နောက်ခံပေးနေပြီး၊ မကြာသေးခင်ကပင် တရုတ်က မြန်မာနိုင်ငံသို့ အမေရိကန်ဒေါ်လာသန်း (၂၀၀) ချေးငွေထုတ်ပေးရန် သဘောတူခဲ့သည်။

တရုတ်က မြန်မာနိုင်ငံသို့ ငွေချေးရန်ကိစ္စကို ပြီးခဲ့သည့်ဖေဖော်ဝါရီလ နအဖဝန်ကြီး ချုပ်စိုးဝင်း၏ တရုတ်ပြည်ခရီးစဉ်အတွင်း သဘောတူခဲ့ခြင်းဖြစ်ပြီး မည်သည့်ကဏ္ဍတွင်အသုံးချမည်ကို ရှင်းရှင်းလင်းလင်း မသိရသေးပေ။

တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် စစ်လက်နက်ပစ္စည်းတင်ပို့ရာတွင် အမှတ်စဉ် (၈) နေရာ၌ရှိနေပြီး စစ်လက်နက်ပစ္စည်း ဝယ်ယူမှုအများဆုံးပြုလုပ်သော နိုင်ငံဖြစ်သည်။

မြန်မာ၏ အိမ်နီးချင်းအိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် တရုတ်နှင့်ထိုင်ဝမ်ပြီးလျှင် စစ်လက်နက်ပစ္စည်း အများဆုံးဝယ်ယူသော နိုင်ငံဖြစ်သည်။

အမေရိကန်၊ ရုရှနှင့် ပြင်သစ်တို့သည် ကမ္ဘာပေါ်တွင် စစ်လက်နက်ပစ္စည်း အများဆုံးထုတ်လုပ်ရောင်းချသော နိုင်ငံများဖြစ်သည်။

❖

# မဲဆောက်တွင် အသက် (၁၃) နှစ်အရွယ်တူမအား အဒေါ်အရင်းက ရောင်းစားရန်ကြိုးစား

ထိုင်း–မြန်မာနယ်စပ်ရှိ မဲဆောက်မြို့တွင် အသက် (၁၃) နှစ်အရွယ် တူမဖြစ်သူကို ထိုင်းဘတ်ငွေတသောင်းနှင့်ရောင်းရန် ကြိုးစားသော အမျိုးသမီးတဦးကို ယမန်နေ့က ဖမ်းဆီးမိလိုက်သည်။

သထုံမြို့၊ နတ်ကွန်း (၃) လမ်းတွင် နေထိုင်သူ မအေးအေးအောင်အား အဒေါ်အရင်းဖြစ်သူ မချိုထွေးက မဲဆောက်ဈေးရှိ ထမင်းဆိုင်တဆိုင်မှ အမျိုးသမီးကြီးတဦး၏ အဆက်အသွယ်မှတဆင့် ရောင်းရန်ကြိုးစားနေစဉ်တွင် နယ်စပ်အခြေစိုက်အဝေးရောက်ဧရာဝတီအသင်းမှ တာဝန်ရှိသူများက ဖမ်းဆီးမိလိုက်ခြင်းဖြစ်သည်။

အရောင်းခံရမည့်ဘေးမှ လွတ်မြောက်ခဲ့သော မအေးအေးအောင်က "အိမ်လည်းပြန်ချင်တယ်၊ ပြန်လည်းမပြန်ချင်ဘူး။ ခုစိတ်လေနေတယ်" ဟု မိုးကြိုးသတင်းဌာနသို့ ပြောခဲ့သည်။

လယ်သမားမိဘများမှ မွေးဖွားလာသူ မအေးအေးအောင်သည် မြန်မာပြည်တွင် နေထိုင်စဉ်က ကျောင်းနေဖူးခြင်းမရှိကြောင်းသိရသည်။

သူမက "သမီး ကျောင်းလည်းမနေချင်ဘူး။ အလုပ်ပဲလုပ်ချင်တယ်"ဟု ပြောသည်။

**အိမ်လည်း ပြန်ချင်တယ်၊**
**ပြန်လည်းမပြန်ချင်ဘူး၊ ခုစိတ်**
**လေနေတယ်...**
**သမီး ကျောင်းလည်းမနေချင်ဘူး၊**
**အလုပ်ပဲလုပ်ချင်တယ်...**

ယခုအခါ မအေးအေးအောင်ကို အဝေးရောက်ဧရာဝတီအဖွဲ့မှ တာဝန်ယူစောင့်ရှောက်ပေးထားပြီး၊ သူမအား ရောင်းစားရန်ကြိုးစားခဲ့သော အဒေါ်ဖြစ်သူကို ထိုင်းအာဏာပိုင်များထံလွှဲအပ် အမှုဖွင့်ထားကြောင်း အဝေးရောက်ဧရာဝတီအသင်းမှ တာဝန်ရှိသူတဦးက မိုးကြိုးသို့ပြောသည်။

သူက ဆက်လက်၍ အမှုစစ်ဆေးနေစဉ်ကာလအတွင်း မအေးအေးအောင်အား အဝေးရောက် ဧရာဝတီအသင်းက စောင့်ရှောက်ထားမည်ဖြစ်ပြီး၊ အမှုပြီးစီးသွားပါက ကာယကံရှင်၏ဆန္ဒအတိုင်း ဆောင်ရွက်သွားမည်ဟုပြောသည်။

"အိမ်ပြန်ဖို့ ဆန္ဒရှိရင်တော့ မိဘတွေလက်ထဲကို ပြန်အပ်ပေးနိုင်ဖို့ကျနော်တို့ ဆက်လက်ကူညီပေးသွားမယ်။ တကယ်လို့ သူက အိမ်ပြန်ဖို့ဆန္ဒမရှိဘူးဆိုရင်တော့ လူမှုရေးအဖွဲ့တွေနဲ့ပူးပေါင်းပြီး၊ သူ့ဆန္ဒအတိုင်း လိုအပ်သလိုအကူအညီပေးသွားမယ်"ဟု ၎င်းက ပြောသည်၊

ပြီးခဲ့သည့် (၂၈) ရက်နေ့ကလည်း မဲဆောက်တွင် တရားမဝင်ဖွင့်ထားသော ပြည့်တန်ဆာခန်းများကို ထိုင်းရဲက ဝင်ရောက်ဖမ်းဆီးခဲ့ရာတွင် အသက်မပြည့်သေးသော မြန်မာမိန်းမငယ် (၈) ဦးကို ဖမ်းဆီးမိခဲ့သည်။

❖

# နိုင်ငံရေး၊ စီးပွားရေးကြပ်တည်း၍ မြန်မာအမျိုးသမီးများ ဘဝပျက်ရကြောင်း အမျိုးသမီးအဖွဲ့ဆို

မြန်မာနိုင်ငံတွင် နိုင်ငံရေး၊ စီးပွားရေး ကြပ်တည်းမှုများကြောင့် မြန်မာအမျိုးသမီးများရင်ဆိုင်ခံစားနေကြရသည့် လူမှုဒုက္ခများ အကြောင်းဖော်ပြထားသော အစီရင်ခံစာတစောင်ကို နယ်စပ်အခြေစိုက် အမျိုးသမီးအဖွဲ့တဖွဲ့က ဇွန်လ (၁၉) ရက်နေ့တွင် ထုတ်ပြန်လိုက်သည်။

မြန်မာနိုင်ငံအမျိုးသမီးများနေ့တွင် အမျိုးသမီးထုလှုပ်ရှားမှုကော်မတီက ထုတ်ပြန်သော အဆိုပါအစီရင်ခံစာကို ကုလသမဂ္ဂနှင့် ကမ္ဘာ့ဒေသအသီးသီးမှ လူ့အခွင့်အရေးဆောင်ရွက်ပေးနေသော အဖွဲ့အစည်းအသီးသီးထံသို့ပေးပို့မည်ဖြစ်ကြောင်း အစီရင်ခံစာပြုစုသူ တာဝန်ခံတဦးက ပြောသည်။

အစီရင်ခံစာတွင် မြန်မာနိုင်ငံ နိုင်ငံရေးမတည်ငြိမ်မှုများကိုအခြေခံ၍ ဖြစ်ပေါ်လာခဲ့ရသည့် စီးပွားရေးကြပ်တည်းမှုများကြောင့် မြန်မာအမျိုးသမီးများ ရင်ဆိုင်ခံစားနေကြရသည့် လူမှုဒုက္ခများ၊ အကျဉ်းထောင်များအတွင်းက အမျိုးသမီးများ၏ အခြေခံလူ့အခွင့်အရေးဆုံးရှုံးမှုများကို ဖော်ပြထားသည်။

"အိမ်တအိမ်မှာ စားစရာမရှိရင် ရှိတဲ့ပစ္စည်းကိုချရောင်းပြီးစားရတယ်၊ ကျမတို့မှာတော့ ရောင်းစရာဘာမှမရှိတော့လို့ ကိုယ့်ကိုကိုယ်ရောင်းစားခဲ့ရတာ နောက်ဆုံးတော့ ဒီကိုရောက်လာတာပဲ"ဟု ပြည့်တန်ဆာမှုဖြင့် ထောင်ကျလာခဲ့သူ အမျိုးသမီးတဦးက မတိုးတိုးမြင့်ကို ပြောခဲ့ကြောင်းသိရသည်။

မတိုးတိုးမြင့်သည် မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများသမဂ္ဂအဖွဲ့ဝင် တက္ကသိုလ်ကျောင်းသူတဦးဖြစ်ခဲ့ပြီး ကျောင်းသားအရေးလှုပ်ရှားမှုဖြင့် (၉၂) ခုနှစ်က ထောင်ကျခဲ့သူဖြစ်သည်။ ထိုစဉ်က နိုင်ငံရေးအကျဉ်းသူများအား ရာဇဝတ်အကျဉ်းသူများနှင့် မခွဲခြားသေးသောကြောင့် ထောင်ကျရာဇဝတ်အကျဉ်းသူများ၏ ဘဝနှင့်ဒုက္ခတို့ကို မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ရခြင်းဖြစ်သည်ဟု သူမက ပြောသည်။

"ပြည်တွင်းမှာခံစားနေရတဲ့ အမျိုးသမီးတွေရဲ့ ဒုက္ခကမနည်းသလို ငွေကြေးဖောင်းပွမှုကြောင့် မိသားစုဖူလုံရေးအတွက် ပြည်ပထွက်ပြီး ငွေရှာနေတဲ့မိန်းကလေးများရဲ့ ဒုက္ခတွေကလည်း အလွန်ကြီးမားပြီး ကူးစက်ရောဂါတွေ ဖြစ်ပွားနှုန်းတိုးနေတာနဲ့အမျှ သူတို့ရဲ့ ကျန်းမာရေးအတွက် အထူးစိုးရိမ်ဖွယ်ရာအခြေအနေကို ရောက်နေပါတယ်"ဟု အမျိုးသမီးထုလှုပ်ရှားမှုကော်မတီမှ အမည်မဖော်လိုသူတဦးက ပြောသည်။

ထိုင်း–မြန်မာနယ်စပ်တွင် ရောင်းစားခံနေရသည့် မိန်းကလေးများ၊ စက်ရုံများတွင် တရားမဝင်အလုပ်လုပ်နေကြရပြီး မကြာခဏရဲဖမ်းခံရခြင်း၊ အလုပ်ရှင်မှ လုပ်အားခကိုနည်းမျိုးစုံနှင့် ဖြတ်တောက်နေခြင်းတို့ကြောင့် ငွေကြေးကြပ်တည်းမှုကို ဖြေရှင်းရန် မြန်မာအလုပ်သမအချို့မှာ ပြည့်တန်ဆာဘဝသို့ ရောက်ရှိကုန်ကြောင်း အစီရင်ခံစာက ဆိုသည်။

ထို့အပြင် ကျန်းမာရေးဗဟုသုတမရှိခြင်း၊ အကာအကွယ်ပစ္စည်းသုံးရန် စရိတ်မတတ်နိုင်ခြင်းတို့ကြောင့် အိပ်ချ်အိုင်ဗွီ၊ အေ့ထ်စ်ရောဂါများကူးစက်မှုနှုန်းမှာ တနေ့တခြားများပြားလာနေသော်လည်း ထိုမြန်မာရွှေ့ပြောင်းလုပ်သားအမျိုးသမီးများအတွက် ဆေးကုသခွင့်လိုအပ်နေသည့် အခြေအနေတို့ကိုလည်း အစီရင်ခံစာတွင် အသေးစိတ်ဖော်ပြထားသည်။ ❖

# မြန်မာအမျိုးသမီးငယ် (၂၇) ဦးကို မဲဆောက်ပြည့်တန်ဆာရုံများတွင် ဖမ်းဆီးခံရ

ဇွန်လ (၂၈) ရက်နေ့ည (၇) နာရီခန့်က ထိုင်းနိုင်ငံ၊ တက်ခ်ခရိုင် ကုန်ကူးမှုတိုက်ဖျက်ရေးအဖွဲ့များက မဲဆောက်မြို့တွင် တရားမဝင်ဖွင့်လှစ်ထားသော ပြည့်တန်ဆာရုံ (၃) ရုံကို အလစ်ဝင်ရောက်ဖမ်းဆီးခဲ့ရာ မြန်မာပြည်မှ လာရောက်အလုပ်လုပ်ကိုင်နေသော အသက်မပြည့်သေးသော ကလေးပြည့်တန်ဆာ (၈) ဦး အပါအဝင် အမျိုးသမီးငယ် (၂၇) ဦးကို ဖမ်းဆီးမိလိုက်သည်။ ယင်းဖမ်းဆီးမှုတွင် ရုံပိုင်ရှင်များဖြစ်သော ကိုစိုးနှင့် ဒေါ်ဦးတို့ကိုလည်း ဖမ်းဆီးမိလိုက်ပြီး မဲဆောက်ရဲစခန်းတွင် ဆက်လက်စစ်ဆေးနေကြောင်းသိရသည်။

လောလောဆယ်တွင် အမျိုးသမီးငယ်များကို တက်ခ်ခရိုင်အမျိုးသမီးစောင့်ရှောက်ရေးဂေဟာတွင် ယာယီထိန်းသိမ်းစစ်ဆေးနေပြီး၊ စစ်ဆေးမှုများပြီးစီးလျှင် မြန်မာဘက်သို့ လွှဲပြောင်းသွားပေးသွားမည်ဖြစ်ကြောင်းသိရသည်။❖

# နိုင်ငံတကာ

## သတင်းတိုထွာ

### အမေရိကန်၏စစ်ပွဲအသုံးစရိတ် သုံးဆမြင့်လာ

စစ်တပ်ပစ္စည်းများအစားထိုးခြင်း၊ ပြင်ဆင်ခြင်းနှင့် အသစ်မွမ်းမံခြင်းတို့အတွက် အာဖဂန်နှင့်အီရတ်တွင် နှစ်စဉ်သုံးစွဲသော စစ်တပ်အသုံးစရိတ်သည် လာမည့်နှစ်တွင် သုံးဆတက်ဖွယ်ရှိပြီး ဒေါ်လာ (၁၇) ဘီလျံ အထက်တွင်ရှိမည်ဟု အေပီသတင်းတပုဒ်တွင် ဖော်ပြသည်။

အမေရိကန်သည် (၂၀၀၂) မှ (၂၀၀၆) အထိ လက်နက်ပစ္စည်းများအတွက် ကုန်ကျစရိတ်ကို ဒေါ်လာလေးဘီလျံခန့် နှစ်စဉ်သုံးစွဲခဲ့ သည်။ သို့သော် စစ်ရေးတွင် ဆုံးရှုံးပျက်စီးမှုပမာဏပိုမိုများလာသဖြင့်လာမည့် အောက်တို ဘာတရက်နေ့မှစတင်မည့် ဖယ်ဒရယ်ဘတ်ဂျက်နှစ်တွင် ဒေါ်လာဘီလျံ (၁၂) ကျော်တိုး၍ သုံးစွဲမည်ဖြစ်သည်။ ထို ဒေါ်လာ (၁၇) ဘီလျံ တွင် (၂.၁) ဘီလျံသည် တိုက်ပွဲတွင်ဆုံးရှုံး သွားသော လက်နက်ကိရိယာများအစားထိုးရန်၊ (၆.၅) ဘီလျံသည် ပြင်ဆင်ရန်၊ (၈.၄) ဘလျံသည် လက်နက်ကိရိယာများအဆင့်မြှင့်ခြင်းတွင်သုံးရန်ဖြစ်သည်။

အိမ်ဖြူတော်က လာမည့် အောက်တိုဘာ (၁) ရက်မှစတင်မည့် ဘဏ္ဍာရေးနှစ်ကာကွယ်ရေးအသုံးစရိတ်အတွက် ဒေါ်လာ (၄၂၇) ဘီလျံခွင့်ပြုခဲ့သည်။ ထိုအသုံးစရိတ်တွင် အီရတ်နှင့်အာဖဂန်စစ်ဆင်ရေးအတွက် ဒေါ်လာ (၅၀) ဘီလျံပါဝင်သည်။ (၂၀၀၁)မှ စတင်ခဲ့သောစစ်ပွဲနှင့်ဆက်စပ်၍ ကုန်ကျစရိတ်အားလုံး ဒေါ်လာ ထရီလီယံတဝက်နီးပါးခန့် ရှိနေပြီဖြစ်သည်။

### ခွင့်ပြုချက်မရဘဲ သတင်းထည့်လျှင် ဒဏ်ရိုက်မည့်ဥပဒေ တရုတ်ကျင့်သုံးမည်

လူထုရုန်းရင်းဆန်ခတ်ဖြစ်မှုများနှင့် သဘာဝဘေးအန္တရာယ်ကဲ့သို့သော အရေးပေါ်ကိစ္စရပ်များကို အာဏာပိုင်တို့၏သဘောတူညီမှုမရဘဲ ဖော်ပြသည့်မီဒီယာများအား ဒဏ်ရိုက်မည့်ဥပဒေကို အောက်တိုဘာလမှစတင်ကျင့်သုံးမည်ဟု တရုတ်အစိုးရပိုင်းမှပြောကြားသည်။ အမိန့်မရဘဲ အရေးပေါ်ကိစ္စရပ်များအား ဖော်ပြသော (သို့မဟုတ်) လိမ်ညာဖော်ပြခြင်းများရှိသောသတင်းအဖွဲ့အစည်းများအနေဖြင့် အမေရိကန်ဒေါ်လာ (၆၂၅၀) မှ (၁၂၅၀၀) အထိ ဒဏ်ရိုက်ခံရမည်ဖြစ်သည်ဟု ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။ နယူးယောက်အခြေစိုက်စာနယ်ဇင်းသမားများကာကွယ်ရေးကော်မတီက အဆိုပါဥပဒေကို ဆက်လက်ပြဋ္ဌာန်းခြင်းမပြုရန် တရုတ်နိုင်ငံအားတိုက်တွန်းလိုက်သည်။ ဈေးကွက်တောင်းဆိုမှုကြောင့် အဆက်မပြတ်တိုးပွားလာနေသော တရုတ်ပြည်သတင်းစာလုပ်ငန်းများအပေါ် တင်းကျပ်စွာကိုင်တွယ်ရန် တရုတ်သမတဟူကျင်းတောင်အစိုးရအဖွဲ့၏ ကြိုးပမ်းချက်များကို အားဖြည့်ပေးသည့်ဥပဒေသာဖြစ်သည်ဟု အဖွဲ့၏ကြေညာချက်တွင် ဖော်ပြထားသည်။ အဆိုပါ ဥပဒေမူကြမ်းသည် မီဒီယာကိုထိန်းချုပ်ရန်မရည်ရွယ်ကြောင်း၊ အဓိကဦးတည်ချက်သည်မှားယွင်းပြီး ဘက်လိုက်သည့်သတင်းများကို တားမြစ်ရန်သာဖြစ်သည်ဟု ဥပဒေပြုရုံးမှအရာရှိတယောက်ကို ကိုးကား၍ ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

### အမေရိကကိုအာခံသည့် မြောက်ကိုးရီးယား၊ ဒုံးကျည်များအတွဲလိုက်ပစ်လွှတ်

ဇူလိုင် (၄) ရက်နေ့က မြောက်ကိုးရီးယားသည် အမေရိကန်ပြည်ထောင်စုအထိ ပစ်လွှတ်နိုင်သောတာဝေးဒုံးကျည်ကို စမ်းသပ်ပစ်လွှတ်ခဲ့ရာ စက္ကန့်အနည်းငယ်တွင်ပေါက်ကွဲပျက်စီးသွားခဲ့သည်။ အမေရိကန်နှင့်ဂျပန်တို့၏သတိပေးမှုကိုဂရုမစိုက်ဘဲ အမေရိကန်နိုင်ငံ၏ ဇူလိုင် (၄) ရက် လွတ်လပ်ရေးနေ့ကို ကျင်းပသည့်အချိန်တွင် မြောက်ကိုးရီးယားက ထိုစစ်ရေးစမ်းသပ်မှုကို ရဲရဲဝံ့ဝံ့လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ထိုဒုံးကျည်များအားလုံး ဂျပန်နှင့်ကိုးရီးယားပန်နီဆူလာကြား ဂျပန်ပင်လယ်အတွင်း ကျရောက်ခဲ့သည်ဟု ဂျပန်အစိုးရကပြောသည်။ ကျွမ်းကျင်သူများက တေပိုဒေါင်–၂ ဒုံးကျည်သည် မိုင် (၉၃၂၀) အထိ ပစ်လွှတ်နိုင်ပြီး အမေရိကအထိရောက်နိုင်သည်ဟု ယုံကြည်ကြသည်။ တေပိုဒေါင်–၂သည် ပစ်လွှတ်ပြီး (၃၅) စက္ကန့်အကြာတွင် ပျက်စီးသွားသည်။ ထိုစမ်းသပ်မှုတွင် စကဒ်ဒုံးကျည်နှင့်ရိုဒေါင်ဒုံးကျည်များပါပါဝင်သည်ဟု သိရသည်။ စကဒ်ဒုံးကျည်သည် တာတိုပစ်ဖြစ်ပြီး တောင်ကိုးရီးယားအထိရောက်ရှိနိုင်သည်။ ရိုဒေါင်ဒုံးကျည်သည် မိုင် (၆၂၀) ရောက်အောင်ပစ်နိုင်ပြီး ဂျပန်အထိရောက်ရှိနိုင်သည်။ မြောက်ကိုးရီးယား၏ ဒုံးကျည်အစီအစဉ်သည် စကဒ်နည်းပညာပေါ်တွင်အခြေခံပြီး ယခင်ဆိုဗီယက်ယူနီယံနှင့် အီဂျစ်တို့ထံမှရရှိခဲ့ခြင်းဖြစ်သည်ဟု အမေရိကနှင့်တောင်ကိုးရီးယားအရာရှိများကပြောသည်။ မြောက်ကိုးရီးယားသည် ရိုဒေါင် (၁) ဒုံးကျည်ပရောဂျက်ကို (၁၉၈၀) နှောင်းပိုင်းတွင်စတင်ခဲ့ပြီး ပထမဆုံးကြိမ်စမ်းသပ်မှုကို (၁၉၉၃) တွင်စမ်းသပ်ခဲ့သည်။

## ထိုင်းရွေးကောက်ပွဲသပိတ်မှောက်မှုသည်ဥပဒေနှင့် ဆန့်ကျင်သည်ဟုပြောဆို

ပြီးခဲ့သည့်ဧပြီလအတွင်း ကျင်းပခဲ့သော ထိုင်းနိုင်ငံရှောင်တခင် စစ်တမ်းကောက်ပွဲအပေါ် အတိုက်အခံများ၏ကန့်ကွက်သပိတ်မှောက်မှုသည် ဥပဒေနှင့်ဆန့်ကျင်ကြောင်း ထိုင်းရွေးကောက်ပွဲဆိုင်ရာ အာဏာပိုင်များကဆုံးဖြတ်ခဲ့သည်ဟု ပြောခွင့်ရသူတဦးက ပြောကြားခဲ့သည်။ လက်ရှိအာဏာရပါတီအား မဲလိမ်မှုများပြုလုပ်ခဲ့သည်ဟု စွပ်စွဲပြောကြားခဲ့ပြီး ရက်အနည်းငယ်အတွင်း ယင်းကဲ့သို့ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါဆုံးဖြတ်ချက်သည် အတိုက်အခံဒီမိုကရက်တစ်ပါတီနှင့် အာဏာရထိုင်းရတ်ထိုင်းပါတီနှစ်ရပ်စလုံးအား ဖျက်သိမ်းပစ်နိုင်သည့် အခြေအထိ ဆိုက်ရောက်စေနိုင်သည်။



ထိုင်းရွေးကောက်ပွဲမတိုင်မီက သက်ဆင်နုတ်ထွက်ရန် တောင်းဆိုသူများ

ဒီမိုကရက်ပါတီသည် လူထုအားဆန္ဒပြရန်အားပေးအားမြှောက်ပြုခြင်းအပါအဝင် နိုင်ငံတော်လုံခြုံရေးကို ခြိမ်းခြောက်သည့် နိုင်ငံတော်လုံခြုံရေးဥပဒေများကို ခြောက်ကြိမ်တိုင် ဖောက်ဖျက်ကျူးလွန်ခဲ့ပြီး အဆိုပါဖောက်ဖျက်ကျူးလွန်မှုများသည် (ထိုင်းရတ်ထိုင်းပါတီရင်ဆိုင်ရနိုင်ဖွယ်ရှိသည့် ပြစ်ဒဏ်နှင့်တူညီသော) ပါတီအား ဖျက်သိမ်းပစ်သည့် အနေအထားသို့ ရောက်ရှိနိုင်သည်ဟု ရွေးကောက်ပွဲကော်မရှင်ပြောခွင့်ရပုဂ္ဂိုလ် ပရာဆတ်ဆုသိဆွန်က ပြောကြားခဲ့သည်။

ရွေးကောက်ပွဲဆိုင်ရာဥပဒေနှစ်ရပ်အား ဖောက်ဖျက်ခဲ့သည့်စွဲချက်အပေါ် ဖွဲ့စည်းအုပ်ချုပ်ပုံဆိုင်ရာ တရားရုံးတော်ရှေ့မှောက်သို့ အာဏာရထိုင်းရတ်ထိုင်းပါတီအား ဆင့်ခေါ်၊ မခေါ် ဆုံးဖြတ်ချက်ချရန် သီးခြားကိစ္စရပ်တခုအနေဖြင့် တရားလိုအကျိုးဆောင်များ စည်းဝေးနေကြစဉ် ဒီမိုကရက်ပါတီအား တရားစွဲဆိုမှုပေါ်ပေါက်လာခြင်းဖြစ်သည်။ ဧပြီလ (၂) ရက်နေ့က ကျင်းပခဲ့သော ရှောင်တခင်ရွေးကောက်ပွဲတွင် ပါတီအနေဖြင့် အမှားအယွင်းမပြုခဲ့ကြောင်း ထိုင်းရတ်ထိုင်းပါတီခေါင်းဆောင် ဝန်ကြီးသက်ဆင်ရှင်နာဝပ်ထရာက ငြင်းဆိုခဲ့သည်။ အဆိုပါရွေးကောက်ပွဲအားတရားမဝင်ကြောင်း တရားရုံးမှကြေညာခဲ့ပြီးဖြစ်သည်။ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားတွေ့ရှိပါက တရားရုံးတော်မှ ပါတီအားဖျက်သိမ်းနိုင်ပြီး သက်ဆင်အား ပါတီသစ်ထူထောင်ခွင့် ငါးနှစ်ကြာပိတ်ပင်တားဆီးခံရနိုင်သည်။ အတိုက်အခံများမှ ထိုင်းရတ်ထိုင်းပါတီအား သပိတ်မှောက်ရန်ဆုံးဖြတ်ချက်ချပြီးနောက်ပိုင်း ထိုင်းရတ်ထိုင်းပါတီသည် ရွေးကောက်ပွဲအား ပိုမို၍တရားဝင်ဖြစ်စေရန်ကြိုးပမ်းမှုအနေဖြင့် အခြားအဖွဲ့များအား ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် တရားမဝင်ငွေကြေးထောက်ပံ့ခဲ့သည်ဟု စွပ်စွဲခံနေရသည်။

စီးပွားရေးအင်ပါယာကြီးအား ပိုမိုကြွယ်ဝလာစေရန် ဝန်ကြီးချုပ်ရုံးအား အသုံးချခဲ့သည့် ဘီလျံနာနိုင်ငံရေးသမားဖြစ်သည်ဟုထုတ်ဖော်ပြောဆိုပြီး မစ္စတာသက်ဆင်အားနှုတ်ထွက်ပေးရန် တောင်းဆိုခဲ့ကြသည့် လမ်းပေါ်ဆန္ဒပြသမားများ၏ လပေါင်းအတန်ကြာဆန္ဒပြမှုများကို အသက် (၅၆) နှစ်ရှိပြီးဖြစ်သော သက်ဆင်အနေဖြင့် ခက်ခက်ခဲခဲရင်ဆိုင်ဖြေရှင်းခဲ့ရသည်။ ဆန္ဒပြမှုများအဆုံးသတ်စေရန် ရှောင်တခင်ရွေးကောက်ပွဲများကျင်းပပေးမည်ဟု ကြေညာခဲ့သည်။

ဘန်ကောက်မြို့တော်၌ မကျေနပ်မှုများရှိသော်ငြားလည်း ထိုင်းနိုင်ငံကျေးလက်ဒေသများတွင် လူကြိုက်များမှုကြောင့် သက်ဆင်၏ပါတီသည် ရွေးကောက်ပွဲ၌အနိုင်ရခဲ့သည်။ သို့သော် အတိုက်အခံများ၏သပိတ်မှောက်ကြောင့်မဟုတ်ပဲ ပါလီမန်ဖွဲ့ရန် လိုအပ်သည့် မဲအရေအတွက်မရရှိသောကြောင့် သက်ဆင်အား ယာယီအားဖြင့် ရာထူးမှဆင်းပေးရန် တွန်းအားဖြစ်စေခဲ့သည်။ တရားရုံးမှ ရွေးကောက်ပွဲတရားမဝင်ကြောင်းနှင့် ရွေးကောက်ပွဲအသစ်ကျင်းပရန် လာမည့်အောက်တိုဘာ (၁၅) ရက်နေ့အား အစမ်းသဘောသတ်မှတ်ကြောင်း ဆုံးဖြတ်ပြီးနောက် မစ္စတာသက်ဆင်သည် ပြီးခဲ့သည့်လ၌ အလုပ်တာဝန်များပြန်လည်ထမ်းဆောင်ခဲ့သည်။

❖

## မွန်တီနီဂရိုးသည် ကုလသမဂ္ဂ၏ (၁၉၂) ခုမြောက် အဖွဲ့ဝင်ဖြစ်လာ



ဆာဗီးယားသံအမတ် ဆလက်ကိုခရူဂျီဗစ်

ကုလသမဂ္ဂ၏ အထွေထွေညီလာခံက မွန်တီနီဂရိုးသမတနိုင်ငံအား (၁၉၂) နိုင်ငံမြောက် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအဖြစ် ဇွန်လ (၂၈) ရက်နေ့တွင် တညီတညွတ်တည်းလက်ခံလိုက်ကြသည်၊ ဘော်လကန်ဒေသ၏ နိုင်ငံငယ်လေးတခုဖြစ်သည့် မွန်တီနီဂရိုးနိုင်ငံသည် ဆာဘီးယားထံမှလွတ်လပ်ရေးရလိုကြောင်း မေ (၂၁) လူထုဆန္ဒခံယူပွဲတွင် မဲပေးခဲ့ကြပြီး ဇွန် (၃) ရက်တွင် လွတ်လပ်ရေးကို တရားဝင်ကြေညာခဲ့သည်။

မွန်တီနီဂရိုး၏ ဆားဘီးယားမှခွဲထွက်ရန် ဆုံးဖြတ်မှုသည် (၁၉၉၀) ကာလများကစတင်သော ယူဂိုဆလားဗီးယားခြောက်နိုင်ငံဖယ်ဒရေးရှင်းပြိုကွဲမှု၏နောက်ဆုံးဖြစ်ရပ်တခုပင်ဖြစ်သည်။ ဆာဘီးယားတို့က မွန်တီနီဂရိုးနှင့်ယူနီယံအဖြစ် ပေါင်းစည်းနေရန်ထောက်ခံခဲ့ကြပြီး မွန်တီနီဂရိုးလူထုဆန္ဒခံယူပွဲရလဒ်ကိုအစောပိုင်းက အငြင်းပွားခဲ့သည်။ ဆာဘီးယားသည် ယခင်လွတ်လပ်ရေးကြေညာချက်များဖြစ်သည့် စလိုဗေးနီးယား၊ ခရိုးအေးရှားနှင့်ဘော့စနီးယားနိုင်ငံများ၏ လွတ်လပ်ရေးကြေညာချက်များကိုလည်း ဆန့်ကျင်ခဲ့ပြီး ဆယ်စုတခုနီးပါးခန့် စစ်ပွဲများဖြစ်ခဲ့သည်။

ယခုလအစောပိုင်းတွင်မူ ဆားဘီးယားနှင့် မွန်တီနီးဂရိုးနှစ်နိုင်ငံသံတမန်ဆက်ဆံရေးတိုးတက်လာသည်ကိုတွေ့ရသည်။ ကုလသမဂ္ဂအဖွဲ့ဝင်ဖြစ်ပြီးနောက် ဆားဘီးယား သံအမတ်ဆလက်ကိုခရူဂျီဗစ်က မွန်တီနီဂရိုး၏အဖွဲ့ဝင်ဖြစ်ခြင်းကိုကြိုဆိုလိုက်ပြီး “မွန်တီနီဂရိုးနဲ့ရာစုတခုနီးပါးအတူပူးတွဲနေခဲ့တဲ့ ဆားဘီးယားနိုင်ငံအနေနဲ့ပိုမိုချစ်ခင်ရင်းနှီးတဲ့အပြန်အလှန်ဆက်ဆံရေးကို ထူထောင်သွားမယ်လို့ အလေးအနက်ပြောလိုပါတယ်” ဟု ပြောခဲ့သည်။

လူဦးရေခြောက်သိန်းနှစ်သောင်းခန့်သာရှိသော မွန်တီနီဂရိုးသည် (၁၉) ရာစုနှင့် (၂၀) ရာစုအစောပိုင်းက လွတ်လပ်သောဘုရင်အုပ်ချုပ်သည့်နိုင်ငံတခုပင် ဖြစ်သည်။ သို့သော် (၁၉၁၈) တွင် ဆာ့ဘ်တို့ ဦးဆောင်သည့် ဘော်လကန်ယူနီယံတွင် ပူးပေါင်းပါဝင်ကာ သူ၏လွတ်လပ်မှုကို လက်လွှတ်ခဲ့သည်။ ❖

# နိုင်ငံတကာ

## အရှေ့တီမောဝန်ကြီးချုပ် ရာထူးမှနုတ်ထွက်ပေးရပြီ



မာရီအယ်လကာတီရီ

အရှေ့တီမောဝန်ကြီးချုပ် မာရီအယ်လကာတီရီသည် သူ၏ အတိုက်အခံများအသံတိတ်သွားအောင်လုပ်ဆောင်ရန် တိုက်ခိုက်ရေးအဖွဲ့ကို လက်နက်တပ်ဆင်ပေးခဲ့သည့်ကိစ္စတွင် သဘောတူညီခဲ့သည်ဆိုသော စွပ်စွဲချက်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုကို ရင်ဆိုင်ရမည်ဟု အစိုးရရှေ့နေချုပ်ကပြောသည်။

အရှေ့တီမောဝန်ကြီးချုပ် မာရီအယ်လကာတီရီသည် လူထု၏သီတင်းပတ်များစွာ ဖိအားပေးမှုကိုအလျှော့ပေးကာ ဇွန် (၂၆) တနင်္လာနေ့တွင် ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်လိုက်သည်။

"ကျနော်တို့ သူ့ကိုစုံစမ်းမေးမြန်းမှုတွေလုပ်ဖို့တရားရုံးကိုဆင့်ခေါ်ထားပြီ"ဟု တရားလိုရှေ့နေ မွန်တေရိုက အေအက်ဖ်ပီသို့ပြောသည်။ ဇွန် (၃၀) နေ့တွင် အယ်လ်ကာတီရီကို ရုံးတော်၌တွေ့ရမည်ဟု မျှော်လင့်ရကြောင်း သူက ဆက်ပြောသည်။

စုံစမ်းစစ်ဆေးမှုများအပြီးတွင် အမှုရင်ဆိုင်ရဖွယ်ရှိပါသလားဟုမေးမြန်းရာ မွန်တေရိုက "ဒီကိစ္စနဲ့ပတ်သက်လို့ ကျနော်ထင်မြင်ချက်မပေးလိုသေးပါဘူး။ ဝန်ကြီးချုပ်က ဘယ်လိုဖြေမလဲဆိုတာကို ကျနော်တို့ ကြည့်ရမှာပါ"ဟု ပြောသည်။

အရပ်သားများကို လက်နက်တပ်ဆင်ပေးပြီး နိုင်ငံရေးရန်သူများကို သုတ်သင်ပစ်ရန် အမိန့်ပေးခဲ့မှုတွင် ဝန်ကြီးချုပ်ပါဝင်ပတ်သက်နေသည့်အထောက်အထားများကို ဩစတြေးလျအသံလွှင့်ဌာနတခုက ထုတ်လွှင့်ခဲ့သည်။ အယ်လ်ကာတီရီကမူ သူ့အား စွပ်စွဲမှုများကို ငြင်းဆိုခဲ့သည်၊ အရှေ့တီမော၏ အစိုးရရှေ့နေချုပ်ကလည်း သူ့တွင် အယ်လ်ကာတီရီပါဝင်ပတ်သက်နေသော အထောက်အထားတခုမှမရှိဟု ယခင်က ပြောခဲ့ဖူးသည်။ အရပ်သားတပ်ဖွဲ့ဝင်များကို လက်နက်ဖြန့်ဝေခဲ့သောကြောင့် ယခင် ပြည်ထဲရေးဝန်ကြီး ရိုဂျာရီယိုလိုဘာတိုသည်လည်း စုံစမ်းစစ်ဆေးမှုများရင်ဆိုင်နေရသည်။

အခြေခံဥပဒေအရ သမတ ဇာနာနာဂတ်စမော်သည် အယ်လ်ကာတီရီ၏ ဖရက်တလင်ပါတီအား ဝန်ကြီးချုပ်အသစ်တဦး၏ အမည်ကိုပေးရန် တောင်းခံလိမ့်မည်ဖြစ်သည်။ ဖရက်တလင်ပါတီသည် ပါလီမန်တွင် ကိုယ်စားလှယ်နေရာအများစုရရှိထားပြီး (၈၈) နေရာအနက် (၅၅) နေရာရရှိထားသည်။ ဖရက်တလင်ပါတီ၏ ပြောခွင့်ရပုဂ္ဂိုလ်က ၎င်းတို့ပါတီအနေဖြင့် ကိုယ်စားလှယ်လောင်းစာရင်းကို သမတထံ တင်,မတင် အတည်မပြုနိုင်သေးဟုဆိုသည်။

တပ်တွင်း အဆင့်အတန်းခွဲခြားမှုများကို မကျေမနပ်စာဒကတက်ခဲ့၍ တပ်မှ ထုတ်ပယ်ခြင်းခံရသော တပ်သား (၆၀၀) ၏မတ်လတွင်းက လုယက်မှု၊ ဆူပူမှုကြောင့် သီတင်းပတ်ပေါင်းများစွာ နိုင်ငံရေးမတည်ငြိမ်မဖြစ်ခဲ့ရမှုအတွက် ဝန်ကြီးချုပ်ကို ဝေဖန်ပြစ်တင်ခြင်းခံခဲ့ရသည်။ ထိုစစ်သားအရေအတွက်သည် တီမောစစ်တပ်ရှိ စစ်သားဦးရေ၏ တဝက်နီးပါးပင်ဖြစ်သည်။

ရဲနှင့်တပ်မှထုတ်ခြင်းခံရသည့် စစ်သားများအကြား ဖြစ်ပွားခဲ့သောအကြမ်းဖက်မှုများကြောင့် လူ (၂၁) ဦး သေဆုံးခဲ့ရပြီး လူတသိန်းငါးသောင်းခန့် အိမ်များကိုစွန့်ကာထွက်ပြေးခဲ့ကြရသည်။ နိုင်ငံခြားမှ ငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်ဖွဲ့ဝင် (၂၂၀၀) ကျော်သည် အရှေ့တီမော၏ အခြေအနေကို ထိန်းသိမ်းရန် သွားရောက်တပ်စွဲခဲ့ရသည်။

## အမေရိကန်သည် သူ့အကူအညီကို မလွဲမသွေတောင်းခံရလိမ့်မည်ဟု ဆက်ဒမ်ယုံကြည်နေ

အီရတ်တွင်ဖြစ်ပွားနေသော သွေးထွက်သံယိုပုန်ကန်မှုများရပ်စဲသွားရန်နှင့် အီရတ်မှ အမေရိကန်တပ်များရုပ်သိမ်းရေး လမ်းပေါက်ဖွင့်နိုင်ရန် အမေရိကန်ပြည်ထောင်စုသည် သူ၏ အကူအညီကိုရယူရလိမ့်မည်ဟု ဆက်ဒမ်ဟူစိန်က ယုံကြည်နေကြောင်း သူ၏ ရှေ့နေက ဇွန် (၂၅) ရက်တွင် ပြောခဲ့သည်။

ခါလီအယ်လ် ဒူလိုင်မီ (Khalilal-Dulaimi) က အေပီသတင်းဌာနနှင့်အင်တာဗျူးတခုတွင် ယခင် အီရတ်ခေါင်းဆောင်ဟောင်း ဆက်ဒမ်သည် အီရတ်နိုင်ငံတည်ငြိမ်မှုပြန်ရစေဖို့အတွက် အဓိကကျသူဖြစ်သည်ဟုပြောသည်။ "ဆက်ဒမ်ဟာ သူတို့နောက်ဆုံးအားကိုးရမယ့်သူပဲ။ နောက်ဆုံးတော့ ဆက်ဒမ်ဆိုတဲ့တံခါးပေါက်ကို သူတို့ခေါက်ကြရမှာပဲ။ အမေရိကန်တပ်တွေကို ပြန်ပြီးခုခံနေမှုတွေ ရပ်တန့်သွားအောင်စွမ်းနိုင်တဲ့ တယောက်တည်းသောသူဟာ ဆက်ဒမ်ပါပဲ" ဟု ထိုရှေ့နေကဆိုသည်။

သို့သော် အမေရိကန်ပြည်ထောင်စုအရာရှိများသည် ဆက်ဒမ်၏အကူအညီကို ရယူရန်စဉ်းစားသည့် အရိပ်အယောင်ကို မတွေ့ရပေ။ တခါက ဆက်ဒမ်ဩဇာခံများဖြစ်သည့်ဆွန်နီအာရပ်များသည် ယခု အမေရိကန်တို့ ရင်ဆိုင်နေရသည့်ပုန်ကန်မှုများ၏ အဓိကကျောရိုးများပင်ဖြစ်သည်။

အယ်လ်ဒူလိုင်းမီက ဆက်ဒမ်သည် ထိုခေါင်းစဉ်ကို အင်္ဂါနေ့ဆွေးနွေးပွဲတွင် ချပြခဲ့ခြင်းဖြစ်ပြီး အမေရိကန်ကိုကူညီလိုခြင်းသည် "အီရတ်နှင့်အမေရိကန် နှစ်ဖက်စလုံးရှိ လူများကို ကယ်တင်ရန်အလို့ငှာဖြစ်သည်"ဟု ဆိုသည်။

"အမေရိကန်တွေတင်ထားတဲ့ အီရတ်အစိုးအဖွဲ့ထဲက ရုပ်သေးရုပ်တွေဟာ အကူအညီမဲ့နေကြပြီ။ သူတို့ဟာ အီရတ်ပြည်သူတွေကိုရော သူတို့ကိုယ်သူတို့ရော အကာအကွယ်မပေးနိုင်တော့ဘူး။ ရှေ့တိုးရခက်၊ နောက်ဆုတ်ရခက်အနေအထားကို ကယ်တင်ဖို့အတွက် ဆက်ဒမ်ဟူစိန်ရဲ့ တရားဝင်ခေါင်းဆောင်မှုနဲ့ အီရတ်ဘာ့သ်ပါတီထံကို မလွဲမသွေလာရလိမ့်မယ်။ အမေရိကန်တွေဟာ ကျွန်ုပ်ဆီသေချာပေါက်ကိုလာရလိမ့်မယ် "ဟု ဆက်ဒမ်ကပြောခဲ့သည်။

ထိုအကူအညီအတွက် ဆက်ဒမ်က ပြန်လည်းတောင်းဆိုမည့်အချက်ကို အတိအကျမပြောသော်လည်း သူ့ကို အီရတ်နိုင်ငံ၏ သမတအဖြစ် ပြန်လည်ခန့်အပ်ရန် လိုအပ်လိမ့်မည်မဟုတ်ဟု အယ်ဒူလိုင်းမီက ပြောသည်။ သို့သော်လည်း ထိုသို့ကူညီခြင်းကို သူ့အား တရားစီရင်ရာ၌ ညှိနှိုင်းရန်အချက်တခုအဖြစ်သုံးရန် ဆက်ဒမ်တွင်ဆန္ဒရှိကောင်းရှိနေနိုင်မည်ဟု ရှေ့နေကပြောသည်။ လူ (၁၈၄) ဦးကို သေဒဏ်စီရင်သုတ်သင်ခဲ့သော ဆက်ဒမ်ဟူစိန်နှင့် သူ၏အရာရှိ (၇) ယောက်တို့သည် သေဒဏ်စီရင်ခြင်းခံကြရမည်ဟု အီရတ်အများက မျှော်လင့်နေကြသည်။

ဆက်ဒမ်ကိုယ်တိုင်ကလည်း အောက်တိုဘာတွင်စတင်မည့် တရားစီရင်မှု၌ သူ့ကို သေဒဏ်ချမှတ်လိမ့်မည်ဟု ယုံကြည်နေသည်ဟုရှေ့နေကပြောသည်။ တရားခံရှေ့နေများသည် သူတို့၏ နောက်ဆုံးခုခံလျှောက်လဲချက်ကို ဇူလိုင် (၁၀) ရက်နေ့တွင် စတင်လျှောက်လဲမည်ဖြစ်သည်။



ဆက်ဒမ်ဟူစိန်အား ဒေသတွင်း၌ ရှိအိုက်မူဆလင်များနှင့် အီရန်၏ဩဇာတိုးပွားလာခြင်းကို ရပ်တန့်လိုက်နိုင်သည့် တဦးတည်းသောပုဂ္ဂိုလ်အဖြစ် ရှုမြင်သင့်သည်ဟု အယ်လ်ဒူလိုင်းမီကပြောသည်။ အမေရိကန်နှင့်အခြားနိုင်ငံများက အီရတ်ကိုကျောထောက်နောက်ခံပေးခဲ့ကြသော (၁၉၈၀–၈၈) အီရတ်၊ အီရန်စစ်ပွဲကိုထောက်ပြကာ ဆက်ဒမ်သည် အီရန်၏ပါဝါကိုချိန်ညှိရာတခုအဖြစ် အသုံးတော်ခံခဲ့သည်ဟု သူကပြောသည်။

"အီရန်ဟာ အာရပ်တွေ၊ အစ္စလာမ်တွေနဲ့အမေရိကန်ပြည်ထောင်စုရဲ့ ရန်သူဖြစ်တယ်။ အီရန်ကိုရင်ဆိုင်နိုင်မယ့်တဦးတည်းသောသူဟာ ဆက်ဒမ်ဟူစိန်ပဲဖြစ်တယ်" ဟု သူကပြောသည်။

❖

## ဟားမားစ်နှင့်စေ့စပ်ညှိနှိုင်းမှုများလုပ်မည်မဟုတ်ဟု အစ္စရေးပြော

(၂၄) နာရီအတွင်း ပါလက်စတိုင်းအကျဉ်းသားများကို စတင်လွှတ်ပေးရန်၊ မလိုက်နာပါက ၎င်းတို့ဖမ်းဆီးထားသည့် အစ္စရေးစစ်သားကိုသတ်ပစ်မည်ဟု ပါလက်စတိုင်းစစ်သွေးကြွများက ဇူလိုင် (၃) ရက်နေ့တွင်ပြောသည်။ သို့သော် အစ္စရေးက စေ့စပ်ညှိနှိုင်းမှုလုပ်လိမ့်မည် မဟုတ်ဟု ပြောသည်။



တပ်ကြပ် ဂီလက်ရှာလစ်

အသက် (၁၉) နှစ်အရွယ် အစ္စရေးလူမျိုး တပ်ကြပ် ဂီလက်ရှာလစ်အား ပြန်ပေးဆွဲမှုကို ဆီးရီးယားမြို့တော် ဒမာ့စကတ်တွင် အခြေစိုက်သော သဘောထားတင်းမာသူ ဟားမားစ်ခေါင်းဆောင်များက အမိန့်ပေးညွှန်ကြားခဲ့သည်ဟု ယူဆကြသည်။

ရှာလစ်သည် ဟားမားစ်စစ်သွေးကြွအဖွဲ့နှင့် မဟာမိတ်အဖွဲ့နှစ်ဖွဲ့ဖြစ်သည့် လူထုခုခံရေးကော်မတီနှင့် အစ္စလာမ်စစ်တပ်တို့ ပူးပေါင်းကာ နယ်စပ်တွင်စီးနင်းကာ ဖမ်းဆီးခေါ်ဆောင်ခြင်းခံခဲ့ရခြင်းဖြစ်သည်။

ရှာလစ်ကိုပြန်လည်လွှတ်ပေးရန် ဖိအားပေးသည့်အနေဖြင့် အစ္စရေးကဂါဇာဒေသကိုတိုက်ခိုက်ရန်တင့်ကားများ၊ မော်တော်ဘုတ်များနှင့် လေယာဉ်များကို ပြီးခဲ့သည့်သီတင်းပတ်အတွင်း စေလွှတ်ကာ စစ်သွေးကြွများကို ဖိအားပေးခဲ့သည်။ ရှာလစ် အသက်ရှင်လျက်ပင်ရှိနေသေးသည်ဟုထင်ကြောင်း အစ္စရေးအရာရှိများကပြောသော်လည်း သူ့အခြေအနေမည်သို့ရှိနေသည်ကို တိကျသည့်အထောက်အထားများမရရှိပေ။ ရှာလစ်ကို ဖမ်းဆီးခေါ်ဆောင်သွားချိန်မှစ၍ ယခုထိ သူအသက်ရှင်လျက်ရှိနေသေးသည်ဆိုသည့် အမှတ်လက္ခဏာတစုံတရာမတွေ့ခဲ့ရပေ။

အစ္စရေးစစ်သွေးကြွများက အစ္စရေးထောင်များတွင် ဖမ်းဆီးထားသော အမျိုးသမီးအကျဉ်းသူ (၅၀၀) နှင့် ကလေးသူငယ်များကိုပြန်လွှတ်ပေးရန် တောင်းဆိုခဲ့သည်။ နောက်ပိုင်းတွင် အကျဉ်းသားတထောင်ပါ လွှတ်ပေးရန် တိုးမြှင့်တောင်းဆိုသည်။ အစ္စရေးသည် ပါလက်စတိုင်းသား (၈၀၀၀) ခန့်ကို ဖမ်းဆီးထားသည်။

အစ္စရေးကာကွယ်ရေးဝန်ကြီး ပီရက်ဇ် (Amir Peretz) က "မျက်လုံးတွေ တင်းတင်းပိတ်ဖို့ကြိုးစားနေတဲ့ ဘာရှာအာဆတ် (ဆီးရီးယားသမတ) ကို ကျနော်အကြံပြုချင်တာက သူ့မျက်လုံးတွေကိုဖွင့်လိုက်ပါ။ သူ့မှာတာဝန်ရှိတယ်"ဟု သတိပေးခဲ့သည်။ ပြီးခဲ့သည့်သီတင်းပတ်က အစ္စရေးစစ်လေယာဉ်များသည် မြေထဲပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သည့် လာတာကီယာအနီးရှိ အာဆတ်၏နွေရာသီစံအိမ်တော်အထက်တွင် အနိမ့်ပျံဝဲကာ စစ်သွေးကြွဟားမားစ်အဖွဲ့နှင့် တိုက်ရိုက်ဆက်သွယ်မှုရှိနေသည့် ဆီးရီးယားသမတကို သတိပေးခဲ့ကြသည်။

တနင်္လာနေ့ အစောပိုင်းက အစ္စရေးတင့်ကားများနှင့်တပ်ဖွဲ့များသည် မြောက်ပိုင်းဂါဇာသို့ဝင်ရောက်လာကြပြီး ထိုဧရိယာအတွင်း အမြောက်များဖြင့်ပစ်ခတ်ခဲ့ကြသည်။ ဝန်ကြီးချုပ်အစ္စရေးဟာနီယာ၏ရုံးခန်းကိုလည်း ဇူလိုင်(၂)ရက်နေ့ကအဝေးပစ်ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့သည်။

ရှာလစ်ကိုဖမ်းဆီးထားသည့် စစ်သွေးကြွသုံးဖွဲ့က အစ္စရေးသည် သူတို့၏တောင်းဆိုချက်များကိုမလိုက်နာလျှင် "စစ်သား၏ကိစ္စကိုအဆုံးသတ်ရမည်ဟု ၎င်းတို့ကစဉ်းစားလိမ့်မည်" ဖြစ်ကြောင်း ပြောသည်။ "ရန်သူဟာ ဒီနောက်အနာဂတ်မှာဖြစ်လာတဲ့ အကျိုးဆက်တွေအားလုံးကို ရင်ဆိုင်ရမှာဖြစ်တယ်။ ဇီယွန်ဝါဒီတွေကို မနက်ဖြန်မနက်ခြောက်နာရီ၊ အင်္ဂါနေ့၊ ဇူလိုင် (၄) ရက်အထိ ကျွန်ုပ်တို့ အချိန်ပေးထားတယ်" ဟု အကြမ်းဖက်အုပ်စု၏ ကြေညာချက်တွင် ဖော်ပြထားသည်။❖

# အတွေးအခေါ်နဲ့ လက်တွေ့တို့ရဲ့ ဆက်စပ်မှု



... ပြဿနာတခုဟာ အတွေးအခေါ် ပြဿနာလား။
လုပ်နည်းကိုင် နည်းပြဿနာလား အရင်ခွဲခြမ်းစိတ်ဖြာရမယ်။ စိတ်ဖြာတတ်ရမယ်။
မတူရင်မတူသလို ဖြေရှင်းရမယ်။ အတွေးအခေါ်တူနေရင် စည်းလုံးညီညွတ်နိုင်ရမယ်။
အပြန်အလှန်အားပေးရမယ်။
အကူအညီပေးရမယ်။
လက်တွေ့လုပ်ငန်းမှာ မတူတာ၊ ကွဲတာလောက်နဲ့ ခွဲတဲ့အထိမဖြစ်သင့်ဘူး။
အမှားတွေထဲက သင်ခန်းစာထုတ် ဆက်အတူလျှောက်ကြရမှာပဲ ...။

ဗညြ

ပြီးခဲ့တဲ့ ရှစ်လေးလုံးအရေးတော်ပုံကြီးကို ပြည်သူလူထုဘက်ကကြည့်တော့ 'ဒီမိုကရေစီ'၊ 'လူထုအုံကြွမှု'လို့ တွေ့ရတယ်။ စစ်အုပ်စု၊ စစ်အစိုးရဘက်ကကြည့်တော့ 'လူတစုရဲ့ မင်းမဲ့သောင်းကျန်းမှု'လို့ တွေ့ရတယ်။ ဒါဟာတွေးခေါ်မှုမတူလို့ အမြင်မတူကြတာဖြစ်တယ်။ ဗမာပြည်နိုင်ငံရေးမှာ ဒီအတွေးအခေါ်နှစ်မျိုး တိုက်ပွဲဖြစ်နေတာကြာပြီ။ ဒီအတွေးအခေါ်နှစ်ခုအပေါ်မှာပဲ နှစ်ဘက်စလုံးက လက်တွေ့လှုပ်ရှားမှုတွေအဖြစ် ပုံသဏ္ဌာန်အမျိုးမျိုးဖော်ထုတ်လုပ်ကိုင်နေကြတယ်။ ဒီလိုလုပ်နေကြတာဟာ လာမဲ့ဩဂုတ်လဆိုရင် (၁၈) နှစ်ပြည့်တော့မယ်။ တွေးခေါ်မှုဆိုတာက ရပ်တည်မှုကလာတာ။ အလွယ်ဆုံးပြောရရင် ဘယ်ဘက်ကရပ်တည်တယ်ဆိုတာမတူတာနဲ့ တွေးခေါ်မှု ကွဲတော့တာပဲ။ ကြားရပ်တည်ပါတယ်ဆိုတဲ့လူဆိုသူမှာလည်း ကြားတွေးခေါ်မှုပဲ ရှိနေတယ်။

ဒီလိုအခါမှာ သမိုင်းရဲ့ ဒီအပိုင်းကိုပြန်လည်သုံးသပ်ပြီး နိဂုံးချုပ်တာလုပ်သင့်ပြီ ထင်တယ်။ ဒီလိုသုံးသပ်နိဂုံးချုပ်တယ်ဆိုရင် အတွေးအခေါ်ဇစ်မြစ်ကစပြီး တူးဖော်သုံးသပ်ပြဖို့လိုတယ်။ ဒါမှသာ ဒီမိုကရေစီအရေးတော်ရဲ့ ရှေ့ခရီးအဆင့်ဆင့်မှာ ဘာလုပ်ရမယ်ဆိုတာ ပုံပေါ်နိုင်မယ်။ အသေအချာပြောရမှာတခုက အတွေးအခေါ်ပြတ်မှ လက်တွေ့ပြတ်တယ်။ တနည်း–အတွေးအခေါ် မပြတ်ရင် လက်တွေ့လုပ်ရာမှာလည်း မပြတ်ဘူး။ ဒါပေမဲ့ လက်တွေ့နဲ့အတွေးအခေါ်ကို အဘက်ဘက်မှာ တထပ်တည်းပြုပြီး သဘောထားအရေးယူဆောင်ရွက်လို့မဖြစ်ဘူး။ ဒီနှစ်ခုမှာ ထပ်တူကျတာလည်းရှိတယ်။ မကျတာလည်းရှိတယ်။

ဘယ်သူပဲဖြစ်ဖြစ် လက်တွေ့အလုပ်တိုင်းမှာ အတွေးအခေါ်ပါတယ်။ ဒီအချက်ကို ထည့်မတွက်ပဲ သုံးသပ်နိဂုံးချုပ်ရာမှာ လက်တွေ့လုပ်ငန်းကိုချည်း ကွက်ပြီးသုံးသပ်နိဂုံးချုပ်တယ်ဆိုရင် အကွဲအပြဲတွေနဲ့ နိဂုံးချုပ်တတ်တယ်။ ဆရာကြီး ဆလိုင်းထွန်းသန်းပြောတဲ့ "ဗမာနှစ်ယောက်ရှိရင် နှစ်ဖွဲ့ကွဲတယ်"ဆိုတဲ့စကားကို အလေးအနက်စဉ်းစားသင့်တယ်။ ဒီလိုပြောနေတာ သူတဦးတည်းမဟုတ်ပါဘူး။ တခြားလည်း (ပြည်တွင်းကထွက်လာခဲ့တဲ့) ပုဂ္ဂိုလ်တွေ အလားတူပဲပြောနေကြတယ်။ ဒီလိုဖြစ်တာရဲ့ အကြောင်းရင်းကတော့ ပြဿနာဖြစ်သူတွေဟာ လက်တွေ့အလုပ်ထဲမှာပဲ အဖြေရှာနေကြပြီး အတွေးအခေါ်ဇစ်မြစ်ကို မတူးဆွကြလို့ဖြစ်တယ်။ တချို့လူတွေက လက်တွေ့ထဲကအမှားကို အတွေးအခေါ်ပိုင်းအမှားနဲ့ ထပ်တူပြုကြတာလည်းတွေ့ရတယ်။ ဒါမမှန်ဘူး။ အထက်မှာပြောခဲ့သလိုပဲ လက်တွေ့ဟာ အတွေးအခေါ်ကလာတယ်ဆိုပေမယ့် လက်တွေ့အမှားတိုင်း အတွေးအခေါ်အမှားကလာတယ်လို့ အလွယ်တကူပြောရင်လွဲမယ်။ ဗမာပြော ပြောရရင် စေတနာပါတဲ့အမှားနဲ့ တမင်လုပ်တဲ့အမှားတို့ဟာ မတူဘူး။

လက်တွေ့ (လုပ်ငန်း) မှာ ရွေးချယ်စရာတွေ တခုထက်မကရှိတတ်တယ်။ ရှိတာသဘာဝကျတယ်။ ရှိလည်းရှိရမယ်။ ဒါပေမယ့် အတွေးအခေါ်မှာတော့ ဒီနေ့ဗမာပြည်မှာ ရွေးချယ်စရာဟာ နှစ်ခုပဲရှိတယ်။ တတိယ တခုမရှိဘူး။ ဘယ်အဖွဲ့အစည်းပဲဖြစ်ဖြစ် လက်တွေ့လုပ်ငန်းကို ခေါင်းဆောင်ကြတာဟာ သက်ဆိုင်ရာဗဟိုတွေပဲ။ လက်တွေ့ကိုတော့ အားလုံးဝိုင်းလုပ်ကြတာ။ လက်တွေ့မှာ ရွေးလမ်းတွေကများလေတော့ ငါသာဆိုရင် ဒီလိုလုပ်မှာမဟုတ်ဘူး၊ ဗဟိုကလုပ်တာမှားနေတယ်ဆိုတဲ့အတွေးမျိုးတွေ မကြာမကြာပေါ်တတ်တယ်။ ဒီကဆက်ပြီး ငါလုပ်ခြင်းကသာမှန်တယ်။ သူ့ကို (သူတို့ကို) ခေါင်းဆောင်တင်နေလို့ မအောင်မြင်နိုင်ဘူး။ ဒါကြောင့် တစင်ခွဲထောင်မယ်ဆိုတာအထိ ဖြစ်လာလေ့ရှိတယ်။ ဒီလိုနဲ့ ဗဟိုတွေများ များလာနေတယ်။ ဆရာကြီး ဆလိုင်းထွန်းသန်းလိုလူအနေနဲ့ ပြောလည်းပြောချင်စရာပဲ။

စစ်အုပ်စု ထိပ်သီးပိုင်းကိုပဲကြည့်။ သူတို့အကြားမှာ တခြားကွဲလွဲတာတွေရှိပေမယ့် အတွေးအခေါ်မှာမကွဲဘူး။ တသားတည်းပဲ။ ဗိုလ်စောမောင်၊ ဗိုလ်သန်းရွှေ၊ ဗိုလ်မောင်အေး၊ ဗိုလ်ခင်ညွန့်၊ ဗိုလ်ရွှေမန်း၊ ဗိုလ်စိုးဝင်း၊ ဗိုလ်သိန်းစိန်၊ သူတို့အားလုံး ဗမာနိုင်ငံရဲ့ နိုင်ငံတော်အာဏာကို စစ်အုပ်စုကသာ အပြီးအပိုင်ထိန်းသိမ်းထားရေး၊ "ရှစ်လေးလုံးအ ရေးတော်ပုံဟာ လူတစုရဲ့ မင်းမဲ့သောင်းကျန်းမှုဖြစ်တယ်"ဆိုတဲ့ အခြေခံအတွေးအခေါ်မှာ သူတို့တွင်းလုံးဝမကွဲဘူး။ ဒီပေါ်မှာပဲ တသမတ်တည်း မြဲမြဲမြံမြံ ရပ်တည်ကြတယ်။ သူတို့ထဲမှာ ဖြုတ်ခဲ့၊ ထုတ်ခဲ့၊ ထောင်သွင်းခဲ့တာတွေ များလှပြီ၊ ဒါပေမဲ့ဒါတွေဟာ အတွေးအခေါ်မတူလို့မဟုတ်ဘူး။ တဦးချင်း အကျိုးစီးပွားမတူကြရာက ပေါ်လာတာ။ အခုဖမ်းထားတဲ့ အဲဒီစစ်ဗိုလ်တွေကို ပြန်လှတ်ကြည့်၊ အများစုဟာ ပြည်သူလူထုဘက်ပြောင်းရပ်မှာ မဟုတ်ဘူး။ အလွယ်ဆုံးဥပမာအဖြစ် ဗိုလ်အောင်ကြီးကိုကြည့်။

အစောပိုင်းက စစ်အုပ်စုရဲ့ အဓိကဦးတည်ရန်သူဟာ ဗကပ။ ဒါကြောင့် ဗိုလ်စောမောင်၊ ဗိုလ်ခင်ညွန့်တို့က "တောင်းပွဲတိုက်ပွဲလမ်းစဉ်ကို မလုပ်ပါနဲ့"လို့ ခြိမ်းခြောက်ပြောဆိုခဲ့တယ်။ ဒါဟာ ဗကပကိုဦးတည်ပြောတာပဲ။ အဲဒါနဲ့တဆက်တည်း မြေပေါ်ပါတီတွေအပေါ် တင်းကြပ်တဲ့စည်းကမ်းတွေချမှတ်ပြီး အရေးအတွက် လျှော့သွားနိုင်အောင်လုပ်ခဲ့တယ်။ ရပ်ပြ ပြလို့ရနိုင်ရုံအရေအတွက်လေးသာ ချန်ထားခဲ့တယ်။ ဒီလိုအချိန်မှာ အတိုက်အခံပါဆိုတဲ့ ဗိုလ်အောင်ကြီးကလည်း ဒီချုပ်ထဲမှာရောက်နေတဲ့ "ကွန်မြူနစ်တွေကို ထုတ်ပစ်ရမယ်"လို့ ပြောလာခဲ့တယ်။ ဒါဟာ ဗိုလ်ခင်ညွန့်တို့ရဲ့အတွေးအခေါ်နဲ့တထပ်တည်းပဲ။ သူတို့ချင်း အတွေးအခေါ်ဆိုင်ရာမှာ ညှိပြီးလုပ်သလားလို့တောင် စဉ်းစားစရာရှိတယ်။ ဗိုလ်အောင်ကြီးကို စစ်အုပ်စုထဲက ကန်ထုတ်လိုက်ပေမယ့် ဗိုလ်အောင်ကြီးမှာ အဲဒီရပ်တည်ချက်မပျောက်လို့ အဲဒီအတွေးအခေါ်ကျန်နေတာပဲ။ ဗိုလ်အောင်ကြီးကအဲဒီလို လှုပ်ရှားလိုက်ပြီးနောက် ဗိုလ်ခင်ညွန့်တို့ကလဲ ဒီချုပ်ထဲကမထွက်ပဲ တင်းခံနေတဲ့ ဗိုလ်အောင်ကြီးပြောတဲ့ ကွန်မြူနစ်တွေကို ဖမ်းပြီးထောင်ထဲထည့်လိုက်တယ်။ အဲဒီနောက် ဒီချုပ်ထဲမှာ ဗိုလ်အောင်ကြီးက ကွန်မြူနစ်လို့သမုတ်တဲ့လူတွေရှိသေးသလား။ မရှိတော့ဘူး။ ဒီချုပ်ရော အဲဒါကြောင့် အားကောင်းလာသလား။ အားနည်းသွားသလား။ အားလုံးသိတဲ့အတိုင်း ဒီချုပ်ရဲ့ခေါင်းဆောင်မှုအပိုင်းမှာ အတော်ထိခိုက်သွားတယ်။ ဗိုလ်အောင်ကြီးနဲ့ ဗိုလ်ခင်ညွန့်တို့ အဲဒီပွဲမှာအနိုင်ရသွားတယ်လို့ ဆိုနိုင်တယ်။

နအဖခေတ်မှာ သူတို့ လေတမျိုးပြောင်းလာတာကို သတိပြုမိမယ်ထင်တယ်။ "အာဏာကို ဖြုတ်လမ်းကရချင်တာဟာ" အရင်ကပြောသလို "ဗကပမဟုတ်တော့ပါဘူး"တဲ့။ "အဲန်အယ်လ်ဒီဖြစ်တယ်"တဲ့။ အခုအခါ သူတို့အဖို့ အဓိကဦးတည်ရန်သူဟာ ဗကပမဟုတ်တော့ဘူး။ ဒီချုပ်ဖြစ်သွားပြီ။ ဒါတိတိကျကျပဲ။ ဒီချုပ်ပြိုသွားမှ သူတို့စိတ်ချလက်ချ အိပ်နိုင်မှာ။ ဒီအတွက် သူတို့အားလုံး စိတ်တူသဘောတူ အသေအလဲလုံးပမ်းနေကြတယ်။ ဒါဟာ အတွေးအခေါ်မှာ တူညီနေလို့ပဲ။

ဒီမှာပြောနိုင်တာက စစ်အုပ်စုမှာ အဓိကရန်သူပြောင်းတယ်ဆိုတာဟာ အတွေးအခေါ်ပြောင်းတာကို ပြတာမဟုတ်ဘူး။ သူတို့ရဲ့ စစ်အာဏာရှင် အတွေးအခေါ်ကနေ ပြဋ္ဌာန်းလို့ပစ်မှတ်ပြောင်းတာပဲ။ နောက်တချက်က ဗိုလ်အောင်ကြီးလိုလူဟာ အဖွဲ့အစည်းပြောင်းပြီး လှုပ်ရှားပေမယ့်လည်း အတွေးခေါ်မပြောင်းဘူး။ ဒါတွေက အတွေးအခေါ်ရဲ့ အခြေခံကျမှုကို ဖော်ပြတယ်။

ရှစ်လေးလုံးမှာ အလျှော့ပေးလိုက်ရတဲ့ အတိုက်အခံတွေဟာ ရွေးကောက်ပွဲကျမှ သိစေမယ်ဆိုပြီး ခြုံထဲမှာချို (ဂျို) သွေးခဲ့ကြတယ်။ ရွေးကောက်ပွဲလုပ်တော့ တကယ်လည်းနိုင်တယ်။ နိုင်တာမှ အပြတ်အသတ်ကိုနိုင်တယ်။ ဒါပေမဲ့ ဘာမှဖြစ်မလာသေးဘူး။ ဒီရွေးကောက်ပွဲနောက်ပိုင်း (၁၆ ) နှစ်ခရီးကို ပြန်သုံးသပ်နိဂုံးချုပ်ရင်လည်း အတွေးအခေါ်မပြတ်တာကိုပဲ ထပ်တွေ့ရတယ်။

တကယ်တော့ အတိုက်အခံတွေဘက်ကသာ မပြတ်တာ၊ သူတို့ဘက်ကပြတ်တယ်။ သိပ်ပြတ်တယ်။ သူတို့ကလည်း သေမြေကြီးရှင်ရွှေထီးပဲ။ အတိုက်အခံတွေထဲမှာ အတွေးအခေါ်ရှုပ်ထွေးမှုတွေပေါ်တယ်။ နဝတနအဖထိပ်ပိုင်းမှာ အခုအထိ ဒါမျိုးမပေါ်သေးဘူး။

ဒါကြောင့်အတိုက်အခံအင်အားစုတွေဟာ အတွေးအခေါ်ပိုင်းကို အလေးထားရမယ်။ ဒီဘက်မှာ ဦးစားပေးလုပ်ကြရမယ်။ အတွေးအခေါ်ကြံ့ခိုင်သန်စွမ်းရေးကို လုပ်ငန်းတခုအဖြစ် သတ်သတ်မှတ်မှတ်လုပ်ရမယ်။ စည်းလုံးညီညွတ်မှုမှာလည်း အတွေးအခေါ်ကို အဓိကထားရမယ်။ အချင်းချင်းဝေဖန် အကူအညီပေးတာမှာလည်း အတွေးအခေါ်ပိုင်းကို သတိထားကိုင်တွယ်ရမယ်။ ဒီလိုဆိုတဲ့အတွက် ပြဿနာတိုင်းကို အတွေးအခေါ်ပြဿနာလားဆိုတဲ့ သံသယနဲ့ချဉ်းကပ်နေဖို့မဟုတ်ဘူး။ (၁) က ပြဿနာတခုဟာ အတွေးအခေါ်ပြဿနာလား၊ လုပ်နည်းကိုင်နည်းပြဿနာလား အရင်ခွဲခြမ်းစိတ်ဖြာရမယ်။ စိတ်ဖြာတတ်ရမယ်။ မတူရင်မတူသလို ဖြေရှင်းရမယ်။ အတွေးအခေါ်တူနေရင် စည်းလုံးညီညွတ်နိုင်ရမယ်။ အပြန်အလှန်အားပေးရမယ်။ အကူအညီပေးရမယ်။ လက်တွေ့လုပ်ငန်းမှာ မတူတာ၊ ကွဲတာလောက်နဲ့ ခွဲတဲ့အထိမဖြစ်သင့်ဘူး။ အမှားတွေထဲက သင်ခန်းစာထုတ် ဆက်အတူလျှောက်ကြရမှာပဲ။ ရန်သူကို ဖြိုခွဲရာမှာလည်း အတွေးအခေါ်အရ သူတို့ပြောင်းလဲလာရေးကို အလေးထားရမယ်။

ဗညြ

**လူထုတိုက်ပွဲဖြင့် အာဏာရှင်စနစ်ကို အပြတ်တိုက်ကြ**

## စာမျက်နှာ (၁၃) ဖြတ်သန်းခြင်းဆောင်းပါးမှ...

ဦးခေါင်းကိုအိတ်နဲ့စွပ်ပြီး လက်ထိပ်ခတ်လိုက်တယ်။ စစ်ကြောရေးအခန်းထဲရောက်တော့ မျက်နှာကို မီးစလိုက်နဲ့ထိုးထားတယ်။ ခေါင်းစွပ်လည်း ချွတ်မပေးဘူး။ လက်ထိပ်က ခတ်လျက်။ ရောက်ကတည်းကမတ်တပ်။ လုံးဝမထိုင်ရဘူး။ (၃၆) နာရီကြာအောင် ရပ်နေရတယ်။ ချွေးတခါ ခြောက်တလှည့်။ စစ်ဆေးတဲ့သူက လေသံပျော့ပျော့၊ ဒီနေရာမှာတင်းလို့မရတော့ အလိုက်အထိုက်ဖြေရတယ်။ တဖြည်းဖြည်းမေးတဲ့သူရဲ့ စားပွဲနားကပ်သွားတယ်။ သူက မေးလိုက် မှတ်လိုက်လုပ်နေတယ်။ ခန့်မှန်းအသက်သုံးဆယ်၊ တပ်ကြပ်အဆင့်၊ ကျောင်းဆရာစားပွဲကိုမမှီနဲ့၊ နောက်ဆုတ်ရပ်လို့ပြောတယ်။ ခေါင်းစွပ်အောက်တည့်တည့် လွတ်နေတဲ့နေရာကကြည့်တယ်။ လက်ခုံနှစ်ဘက်စလုံး ဆေးမင်ကြောင်ထိုးထားတယ်။ ဘယ်ဘက်လက်ခုံမှာ ပင့်ကူအရုပ်၊ ညာဘက်လက်ခုံမှာ ကျော်တင့်။

(၇)

တက္ကသိုလ်လှေကျင့်ရေးတပ် သေနတ်ပစ်ကွင်း၊ ကျောင်းသားတယောက်ဂျီသရီးသေနတ်မောင်းကိုမဆွဲရဲလို့ တကိုယ်လုံးနတ်ကျသလိုတုန်နေတယ်။ နည်းပြဆရာက ကျောင်းသားရဲ့ကျောပေါ်တက်ဖိပြီး သေနတ်မောင်းကိုအတင်းဆွဲခိုင်းတယ်။ ဒိုင်းကနဲ သေနတ်ကကျည်ထွက်သွားတယ်။ သူ့ခမျာ တကိုယ်လုံးချွေးတွေရွှဲနစ်နေတယ်။ အဲ့ဒီနောက် ကျည်တတောင့်ချင်း ပုံမှန်ပစ်သွားတယ်။ ဆရာက ခေါင်းတညိတ်ညိတ်၊ ကျောင်းသားတွေကပြုံးတစိစိ။

(၈)

ကျနော်တို့မိသားစုသုံးယောက် ငှားနေတဲ့တိုက်ခန်းကျဉ်းလေးမှာ သံဖရိန်ကို ဆိုဖာတပ်ထားတဲ့ ထိုင်ခုံဟောင်းလေးတလုံးရှိတယ်။ ဒီထိုင်ခုံလေးကို အိမ်ရှင်က မေတ္တာနဲ့ ခဏပေးထားတာပါ။ လူသုံးယောက်ထိုင်ခုံတလုံးဆိုတော့ ထိုင်ခုံလေးခမျာ အနားရတယ်ကိုမရှိပါဘူး။ ထိုင်ခုံကြိုက်တဲ့သမီးကဖအေ မအေတယောက်ယောက်ထိုင်ခုံကထတာနဲ့တပြိုင်နက် တဟဲဟဲနဲ့သွားလေးဖြဲပြီး ထိုင်ခုံပေါ်တက်ထိုင်တော့တာပါပဲ။ သမီးကဒီနှစ် ဆာသူးလေကျောင်းမှာ ပဉ္စမတန်းတက်နေပြီ။ တနေ့ ကျနော်တို့ဇနီးမောင်နှံ သမံသလင်းအခင်းပေါ် မြက်ဖျာလေးခင်းပြီး ဘီဘီစီသတင်းနားထောင်နေတုန်း သမီးကထိုင်ခုံပေါ်ကနေ 'အင်း–သမီးက ဒေါ်အောင်ဆန်းစုကြည်ဖြစ်လိုက်၊ လူထုဒေါ်အမာဖြစ်လိုက်၊ ချောအိမန်ဖြစ်လိုက်နဲ့ တကယ်တော့ သမီးကဘာမှမဟုတ်ပါဘူးနော်' ဆိုတဲ့သမီးရဲ့ စကားကြီးစကားကျယ်စကားကြောင့် နှစ်ယောက်သား တယောက်မျက်နှာတယောက်ကြည့်ပြီး အဓိပ္ပာယ်ပါပါ ပြုံးမိလိုက်ကြတယ်။

မြင့်အောင်သန့်

## စာမျက်နှာ (၁၄) ဗိုဟဲယိုးတွေရဲ့ အသံကို ဘာနဲ့တားမလဲ ဆောင်းပါးမှ...

စားကြည့်နိုင်အောင် ကျနော်ဖတ်ရတဲ့ (၂၇–၆–၂၀၀၆) ရက်နေ့က စစ်ဗိုလ်ချုပ်ကြီးများ အဆင့်ဆင့်ညွှန်ကြားလိုက်တဲ့ စက်သတင်းလေးတခုကို ဖတ်ကြည့်စေချင်တယ်။

(၂၇၊ ၆၊ ၂၀၀၆) ရက်နေ့ (၉း၀၀) နာရီအချိန်တွင် ကရခသည် ၎င်းကွပ်ကဲမှုတပ်ရင်း/တပ်ဖွဲ့များအား အောက်ပါအတိုင်းညွှန်ကြားခဲ့။

၁။ ကက (ကြည်း) ၏ ချုပြညွှန်ကြားချက်အရ အရာရှိအဆင့်နှင့် အောက်ခြေအရာရှိငယ်များသည် အကြောင်းအမျိုးမျိုးကြောင့် နေပြည်တော်သို့သွားရောက်ရမည်ဆိုပါက (၄) ရက်ခန့် ကြိုတင်၍ အောက်ပါအတိုင်း ခွင့်ပြုချက်ရယူသတင်းပို့ပြီး သွားရမည်ဖြစ်။

(က) တိုင်း–တပ်မဌာနချုပ်များနှင့်ကွပ်ကဲမှုအောက်တပ်ရင်းများသည်ကက(ကြည်း) သို့ ၎င်း/ကက (ရေး) ကွပ်ကဲမှုအောက်ရှိ ညွှန်မှူးရုံးနှင့် တပ်ရင်းတပ်ဖွဲ့များမှအရာရှိများသည် ကက (ရေး) သို့၎င်း/ကက (ထောက်) ကွက်ကဲမှုအောက်ရှိ ညွှန်မှူးရုံးနှင့် တပ်ရင်းတပ်ဖွဲ့များမှအရာရှိများသည် ကက (ထောက်) သို့၎င်း၊ သွားရောက်ကြမည့် အရာရှိများသည် နေပြည်တော်သို့ရောက်ရှိပါက (စထခ) ရုံးသို့ ကိုယ်တိုင်သွားရောက်သတင်းပို့ကြရမည်ဖြစ်။

(ခ) လက်နက်ခဲယမ်းများ ယူဆောင်လာခြင်းရှိပါက လက်နက်ဖြင့် ဖြတ်သန်းကူးလာခွင့်အား ကက (ကြည်း) စစ်ဆင်ရေးဌာနခွဲနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်သို့ တင်ပြပြီး စစ်ဆေးချက်အမိန့်လိုက်နာဆောင်ရွက်ကြရမည်ဖြစ်။

(ဂ) တိုင်းမှူးအဆင့်နှင့် အောက်အရာရှိများအနေဖြင့် နေပြည်တော်သို့လာရောက်မည်ဆိုပါက အကျိုးအကြောင်းဖော်ပြ၍ တည်းခိုမည့် လိပ်စာနှင့်တကွ သက်ဆိုင်ရာရုံးများမှ ခွင့်ပြုချက်တင်ပြတောင်းခံရန်နှင့် ခွင့်ပြုချက်ရရှိခြင်းမရှိသေးဘဲ စေလွှတ်ပါက သက်ဆိုင်ရာဌာနချုပ်များတွင်သာ တာဝန်ရှိမည်ဖြစ်။

ကဲ .... ဘယ်လိုလုပ်ကြမလဲ။

မင်းကိုလည်း မယုံဘူး၊ မင်းနောက်ကကောင်တွေလည်း မယုံဘူးဆိုတဲ့အချိုးကို ဗိုလ်သန်းရွှေ၊ ဗိုလ်မောင်အေးအပါအဝင် ဗိုလ်ချုပ်ကြီးတိုင်း ကျကျနနကြီးကို ရောက်နေကြရပါပြီ။

(၆)

ကျနော်တော့ " ပိန်သာပိန် ဝမ်းကျမရပ်ဘူး"ဆိုတဲ့စကားတွေ "အောက်ကလည်းနေသေး၊ ကြောက်ပြီလားလဲ မေးသေး" ဆိုတဲ့ စကားတွေကိုပိုပိုပြီး သဘောပေါက်လာမိတယ်။

ဒီလောက်တောင် ဣန္ဒြေမဲ့လောက်အောင်ကြောက်နေပြီဆိုရင် သံဗုဒ္ဓေရွတ်တာတောင် အထစ်ထစ်အငေါ့ငေါ့နဲ့ အပေါက်အလမ်းမတည့် ဖြစ်နေပြီဆိုရင် ....

တခြားရွေးချယ်စရာလမ်းတခုကို မရှာဖွေသင့်ဘူးလား။

ဦးနှောက်အနည်းအပါးရှိတယ်ဆိုရင်တောင် ဒုတိယရွေးချယ်မှုတခု (Alternative Option တခု) ရှာဖွေနိုင်ကောင်းပါရဲ့။

အခုဟာက အတော့်ကိုဖုံးဝေးပြီး အဝိဇ္ဇာက အတောမသတ်အောင် ဖုံးနိုင်လွန်းတယ်။

နိုင်ငံရေးအရ၊ စီးပွားရေးအရ မရှုနိုင်မကယ်နိုင်ဘဝရောက်နေတာတောင် ကြပ်ပြေးပြေးပုန်းဖို့ ကြံလိုကြံ၊ မြင်မြင်ရာရန်လုပ်ဖို့ အားထုတ်လိုထုတ် တပြည်သူမရွှေထား (သို့မဟုတ်) တိုင်းပြည့်အန္တရာယ်ဆိုတဲ့ ပစ်စာသာသာဆောင်းပါးဆိုတဲ့ဟာတွေ ရေးလိုရေး အဖြေမထွက်နိုင်တဲ့တွက်နည်းဟောင်းတွေနဲ့ အမြီးပြန် ခေါင်းပြန်တွက် တွက်ကြည့်နေတော့တယ်။

ဒီလောက်နဲ့တော့ ရနိုင်မယ်မထင်ဘူး။ ပြောင်းပြီးစဉ်းစားကြည့်ကြပါဦးလား ဗိုလ်ချုပ်ကြီးတို့ရယ်။

မစဉ်းစားတော့ဘူးလို့ ယတိပြတ်ပြောလာပြီဆိုရင်တော့ နအဖစစ်အုပ်စုကို ကျနော်တခု သတိပေးချင်တယ်။

တောင်ပြိုနေပြီ၊ ခင်ဗျား လက်ဝါးနဲ့ပဲကာနေဦးမှာလား။

အချည်းနှီးအားထုတ်မှုတွေနဲ့ နောက်ဆုံးနေ့ရက်တွေထိ ပိုပိုပြီး စွန်းထင်းမဲ့ညစ်နေတဲ့ သမိုင်းတွေနဲ့ အကျည်းတန်စေဦးမှာပဲလား။

ဒါမှမဟုတ် .... တခုခုများ ....။ ။

ဇွန်မိုုင်း
၇–၇–၂၀၀၆

# တော်ဖုရားကလေး ဦးအောင်ဇေကွယ်လွန်



တော်ဖုရားကလေး ဦးအောင်ဇေ

သီပေါမင်းနှင့် မိဖုရားစုဖုရားလတ်တို့၏ စတုတ္ထသမီးတော်၏ စတုတ္ထမြောက်သားတော်၊ တော်ဘုရားကလေး (ခ) ဦးအောင်ဇေ (Prince Fredrick) သည် ဇွန်လ (၁၈) ရက်နေ့ နံနက် (၈) နာရီက ရန်ကုန်မြို့ ဂျပန်ဆေးရုံကြီး၌ နှလုံးရောဂါဖြင့်ကွယ်လွန်ခဲ့သည်။

တော်ဘုရားကလေးသည် (၁၉၈၈) နောက်ပိုင်းဖွဲ့စည်းခဲ့သော အမျိုးသားနိုင်ငံရေးတပ်ပေါင်းစု (မနတ) ၏ နာယကအဖြစ် လုပ်ဆောင်ခဲ့ပြီး (၁၉၈၉) ခုနှစ်တွင် ပုဒ်မ ၁၀(က) ဖြင့် နောက်ဆုံးအကြိမ် ဖမ်းဆီးခံခဲ့ရသည်။

အကျဉ်းကျနေစဉ်အတွင်း မြေးကြီးဖြစ်သူ ကိုကျော်သီဟ (နဝမတန်း) ကျောင်းထုတ်ခံရပြီး၊ သမီးဖြစ်သူ ဒေါ်ဒေဝီသန့်ဇင်နှင့် ဒေါ်ဒေဝီသန့်ဇင်၏ ခင်ပွန်းဖြစ်သူတို့လည်း အလုပ်မှထုတ်ပယ်ခြင်းခံခဲ့ရသည်။ ထောင်မှလွတ်လွတ်ခြင်း စာရေးခွင့်ကိုပိတ်ထားခံရပြီး အတန်ကြာမှ စာရေးခွင့်ပြန်ရရှိခဲ့သည်။

တော်ဘုရားလေးသည် (၁၉၉၇) ခုနှစ်မှစ၍ ညီမဖြစ်သူ ထိပ်စုဖုရားထွေးနှင့် အတူ ရွှေတိဂုံဘုရား ဗဟန်းမုခ်ရှိ ရှင်သာမဋ္ဌေ ဓမ္မဗိမာန်တွင် MSSE (Modern Special and Spoken English) သင်တန်းကို အခမဲ့ သင်ပေးခဲ့သည်။

ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်ခင်မေ၊ သမီး ဒေါ်ဒေဝီသန့်ဇင်နှင့် မြေးလေးဦးကျန်ရစ်သည်။ ❖




# ကွယ်လွန်သူ ကေအိုင်အို ဥက္ကဋ္ဌ နေရာတွင် အစားထိုးခန့်အပ်

မကြာခင်က ကွယ်လွန်သွားသော ကေအိုင်အို ကချင်ပြည်လွတ်လပ်ရေးအဖွဲ့၏ ဥက္ကဋ္ဌ ဦးလမုံတူးဂျိုင်၏နေရာတွင် ဦးဇောင်းခရားအား ရွေးချယ်လိုက်ကြောင်း သိရသည်။

ဇွန်လ (၂၁) ရက်နေ့တွင် ပြုလုပ်သော ကေအိုင်အိုအဖွဲ့ ဗဟိုကော်မတီစုံညီအစည်းအဝေးဆုံးဖြတ်ချက်အရ ယခင်က ဒု–ဥက္ကဋ္ဌ (၁) နှင့် ယာယီဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသူ ဦးဇောင်းခရားကို ဥက္ကဋ္ဌအဖြစ် တင်မြှောက်လိုက်ပြီး ဒုတိယဥက္ကဋ္ဌအဖြစ် ကော်ရီဇာဆိုင်း၊ ဒုတိယဥက္ကဋ္ဌ (၂) အဖြစ် ဒေါက်တာတူးဂျာ၊ အထွေထွေအတွင်းရေးမှူးအဖြစ် ဒေါက်တာလဂျာတို့ကို ရွေးချယ်လိုက်ကြောင်း သိရသည်။

ကေအိုင်အေဥက္ကဋ္ဌနှင့် လက်နက်ကိုင်အဖွဲ့တပ်ဖွဲ့များ၏ စစ်သေနာပတိဖြစ်လာသူ အသက် (၇၁) နှစ်အရွယ် ဦးဇောင်းခရားသည် ကေအိုင်အိုအဖွဲ့သို့ (၁၉၆၃) ခုနှစ်တွင် ဝင်ရောက်ခဲ့ပြီး (၁၉၇၆) ခုနှစ်တွင် အဖွဲ့၏ အထွေထွေအတွင်းရေးမှူးအဖြစ် တာဝန်ယူခဲ့သည်။ (၂၀၀၁) ခုနှစ် ကေအိုင်အိုအဖွဲ့အတွင်း အာဏာသိမ်းမှုဖြစ်ပွားပြီးနောက် ဒု–ဥက္ကဋ္ဌဖြစ်လာခဲ့သော ဝါရင့်ခေါင်းဆောင်တဦးလည်းဖြစ်သည်။

ကွယ်လွန်သူ ကေအိုင်အိုဥက္ကဋ္ဌ လမုံတူးဂျိုင် (၇၇) နှစ်သည် တရုတ်ပြည် မံစီဆေးရုံတွင် အရေးပေါ်ကုသနေခဲ့ရာ မသက်သာသည့်အတွက် ကေအိုင်အိုဌာနချုပ်ရှိရာ လိုင်ဇာသို့ပြန်ယူလာစဉ် ဇွန်လ (၁၅) ရက်နေ့က လမ်းခုလတ်မှာပင် ကွယ်လွန်သွားခဲ့ခြင်းဖြစ်သည်။ ၎င်းသည် (၁၉၆၁) ခုနှစ် ဗိုလ်ချုပ်ဇော်ဆိုင်းနှင့်ပူးပေါင်းကာ ကေအိုင်အိုကိုထူထောင်သူတဦးဖြစ်ပြီး၊ (၂၀၀၁) ခုနှစ်တွင် ကေအိုင်အိုခေါင်းဆောင် ဇော်မိုင်းကို အာဏာသိမ်းဖြုတ်ချပြီးနောက် ကေအိုင်အေဥက္ကဋ္ဌဖြစ်လာသူဖြစ်သည်။❖

BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ
မှထုတ်ဝေဖြန့်ချိသည်။

**အယ်ဒီတာချုပ်**
**ဇီဝဇိုး**
**တာဝန်ခံအယ်ဒီတာ**
**နေသွင်**
**သတင်းအယ်ဒီတာ**
စောသမင်း ထိုက်ကျော်၊ ကျော်ဦး ညို၊
ဘုန်းမြင့်၊ ခွာညို
စာမျက်နှာဖွဲ့စည်းမှု
စောဒီထူး၊ အောင်ထက်

မိုးကြိုး သတင်းစဉ် သို့
စာမူများ၊
ဝေဖန်အကြံပြုစာများ
ဆက်သွယ်
ပေးပို့နိုင်သည်။

P.O.Box (91)
Mae Sod, 63110
Tak , Thailand.
www.binamojo.org
binamojo@cscoms.com

ပြည်တွင်းလှုပ်ရှားမှု
ဓာတ်ပုံများကို
အသုံးပြုခွင့်ပေးခဲ့သော
နိုင်ငံရေးအံတုမှု ကော်မတီအား
မိုးကြိုးသတင်းစဉ်မှ
အထူးကျေးဇူးတင်ရှိပါသည်။

အယ်ဒီတာအဖွဲ့

# ဒေါ်အောင်ဆန်းစုကြည်၏ (၆၁) နှစ်ပြည့် မွေးနေ့ ကမ္ဘာတဝှမ်းကျင်းပ



ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့

ဇွန်လ (၁၉) ရက်၊ ဒေါ်အောင်ဆန်းစုကြည်၏ (၆၁) ပြည့်မွေးနေ့တွင် ကမ္ဘာတလွှားရှိ ဒီမိုကရေစီထောက်ခံသူများသည် မွေးနေ့အထိမ်းအမှတ်ဆုတောင်းပွဲများ၊ ဆန္ဒပြပွဲများကျင်းပခဲ့ကြပြီး မြန်မာပြည်လွတ်မြောက်ရေးနှင့် နေအိမ်အကျယ်ချုပ်ကျခံနေရသော မွေးနေ့ရှင်လွတ်မြောက်ရေးတို့အတွက် ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ရန်ကုန်မြို့တွင် လုံခြုံရေးတင်းကြပ်ထားသည်ကြားမှ ဒီမိုကရေစီထောက်ခံသူများ၊ နိုင်ငံရေးခေါင်းဆောင်များ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ ကျောင်းသားခေါင်းဆောင်များ၊ သံတမန်များ စုစုပေါင်းအင်အား (၅၀၀) ခန့်သည့် ရန်ကုန်အဲန်အယ်လ်ဒီရုံးချုပ်တွင်ကျင်းပသော မွေးနေ့အခမ်းအနားသို့ရောက်ရှိလာကြသည်။

အခမ်းအနားကျင်းပသူများသည် ဇွန်လ (၁၉) ရက်နေ့ နံနက်စောစောတွင် သံဃာတော်များအား အာရုံဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ အကျဉ်းကျခံနေရသော မွေးနေ့ရှင်အတွက် ဆုတောင်းခြင်းနှင့်မွေးနေ့ရှင်လွတ်မြောက်ရေးကိုရည်ရွယ်လျက် ချိုးငှက်များ လွှတ်ပေးခြင်းများပြုလုပ်ခဲ့သည်။



အိန္ဒိယနိုင်ငံ နယူးဒေလီမြို့

ထို့နောက် (၇) ပေ နှင့် ပေ (၂၀) ရှိသည့် အဖြူရောင်ပိုစတာပေါ်တွင် တက်ရောက်လာသူအားလုံးလက်မှတ်ထိုး၍ ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေး မိမိတို့၏ရင်တွင်းဆန္ဒများကို ထုတ်ဖော်ခဲ့ကြသည်။

အဖွဲ့အစည်းအသီးသီးမှပေးပို့သော မွေးနေ့သဝဏ်လွှာတွင် ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံ၏အနာဂတ်အတွက် မရှိမဖြစ်အရေးကြီးကြောင်း ဖော်ပြထားသည်။

အာရှ၊ ဥရောပ၊ သြစတြေးလျ၊ မြောက်အမေရိက (၂၅) နိုင်ငံကျင်းပသော မွေးနေ့အခမ်းအနားများတွင် ဒီမိုကရေစီအင်အားစုများသည် (၁၀) နှစ်ကျော် အကျဉ်းကျခံခဲ့ရသော နိုဗယ်ငြိမ်းချမ်းရေးဆုရှင် လွတ်မြောက်ရေးအတွက် တောင်းဆိုခဲ့ကြသည်။

အမေရိကန်နိုင်ငံများရှိ ဒီမိုကရေစီအင်အားစုများ၊ ထိုင်း-မြန်မာနယ်စပ်ရှိ ဒုက္ခသည်များနှင့် တိုင်းရင်းသားအင်အားစုများသည် ဒေါ်အောင်ဆန်းစုကြည်၏ (၆၁) နှစ်ပြည့် မွေးနေ့ကို ကျင်းပခဲ့ကြသည်။

ဘန်ကောက်မြို့၊ နအဖသံရုံးရှေ့တွင် သံဃာတော်များနှင့် ဒီမိုကရေစီထောက်ခံသူများသည် ဒေါ်အောင်ဆန်းစုကြည်မွေးနေ့ပွဲကျင်းပခဲ့ကြပြီး၊ မလေးရှားမြို့တော်ကွာလာလမ်ပူနှင့် အိန္ဒိယနိုင်ငံ၊ နယူးဒေလီတို့တွင်ကျင်းပသော မွေးနေ့အခမ်းအနားသို့လူရာပေါင်းများစွာတက်ရောက်ခဲ့ကြသည်။

အမေရိကန်ပြည်ထောင်စုတွင်လည်း (US campaign for Burma) အဖွဲ့က ဦးဆောင်၍ နေရာပေါင်း (၂၇၀) ကျော်နှင့် မြို့ကြီးနေရာတော်တော်များတွင်လည်း ဒေါ်အောင်ဆန်းစုကြည်၏ (၆၁) နှစ် မွေးနေ့ အခမ်းအနားကို ကျင်းပခဲ့ကြောင်းသိရှိရသည်။ ❖


အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရုံးချုပ်တွင်ကျင်းပသော ဒေါ်အောင်ဆန်းစုကြည်မွေးနေ့အခမ်းအနား

# လူထုတိုက်ပွဲများပေါ်ပေါက်လာရေး ဦးတည်ကြိုးပမ်းရန် အက်ဖ်ဒီဘီ၏ ပထမအကြိမ် ညီလာခံကဆုံးဖြတ်

ဧပြီလ (၂) ရက်နေ့မှ (၆) ရက်နေ့အထိ ထိုင်း–မြန်မာနယ်စပ်တနေရာတွင် ကျင်းပသော မြန်မာနိုင်ငံဒီမိုကရက်တစ်မဟာမိတ်အင်အားစု (FDB) ၏ ပထမအကြိမ်ညီလာခံက မြန်မာပြည်ပြဿနာကို လူထုတိုက်ပွဲနည်းလမ်းဖြင့် ဖြေရှင်းရေးအတွက် အဓိကဦးတည်ကြိုးပမ်းသွားမည်ဟု ဆုံးဖြတ်ခဲ့သည်။

ညီလာခံအပြီး ထုတ်ပြန်သောကြေညာချက်တွင် နအဖသည် အဲန်အယ်လ်ဒီ၊ စီအာရ်ပီပီ၊ ကုလသမဂ္ဂ၊ နိုင်ငံတကာ၊ လူထုကြီးနှင့် ဒီမိုကရေစီအင်အားစုများ၏ ကမ်းလှမ်းချက်ကို "ငါ့မြင်းငါ့စိုင်း စိတ်ဓာတ်" ဖြင့် ဆက်လက်ဆန့်ကျင်နေသဖြင့် လူထုတိုက်ပွဲဖော်ဆောင်၍ မြန်မာပြည်ပြဿနာကို ဖြေရှင်းရမည်ဟု ဖော်ပြထားသည်။

နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ ပေါ်ပေါက်လာရေးအတွက် "လူထုကြီး ကိုယ်တိုင်၏လူထုလှုပ်ရှားမှု၊ လူထုတိုက်ပွဲများဖြင့်သာအရာရာကို ကျော်လွှားသွားရမည်" ဟု ကြေညာချက်ကဆိုသည်။

(၅) ရက်ကြာ ညီလာခံကြီးက လက်ရှိအခြေအနေတွင် ဒီမိုကရေစီအင်အားစုများအားလုံး၏ ညီညွတ်ရေးနှင့် ဟန်ချက်ညီညီလှုပ်ရှားမှုများကိုမြှင့်တင်ရန် အရေးတကြီးလိုအပ်နေသဖြင့် တခြားအင်အားစုများနှင့် မဟာဗျူဟာ ညှိနှိုင်းမှုများဆောင်ရွက်သွားရန်၊ ကုသမဂ္ဂနှင့်နိုင်ငံတကာက မြန်မာအရေးကိုထိထိရောက်ရောက် ပါဝင်ဖြေရှင်းလာစေရန်အတွက် ကြိုးပမ်းသွားရန် မဟာဗျူဟာချမှတ်ခဲ့သည်။

ထိုင်း–မြန်မာနယ်စပ်တနေရာတွင် အက်ဖ်ဒီဘီ၏ ပထမအကြိမ်ညီလာခံ




FDB ကို လူဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂအဖွဲ့ချုပ် (နိုင်ငံခြားရေးရာကော်မတီ)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး၊ ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ ပြည်သူ့ကာကွယ်ရေးတပ်၊ ထားဝယ်အမျိုးသမီးသမဂ္ဂနှင့် ရောင်ခြည်ဦးအလုပ်သမားအဖွဲ့အပါအဝင်တို့ဖြင့် (၂၀၀၄) တွင် ဖွဲ့စည်းခဲ့သည်။ ❖

# အိုင်အယ်လ်အိုအမှုဖြင့် ထောင်ချထားသောရှေ့နေ ဦးအေးမြင့် ပြန်လွတ်ပြီ

အဓမ္မလုပ်အားပေးစေခိုင်းခံရသူများဘက်မှ ရှေ့နေလိုက်ပေး၍ ထောင်ချခံထားရသူ ပဲခူးမြို့မှ ရှေ့နေဦးအေးမြင့်ကို ပဲခူးထောင်မှ ယခုလ (၈) ရက်နေ့က ပြန်လွှတ်ပေးလိုက်ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်က အိုင်အယ်လ်အိုနှင့် ဆက်သွယ်သတင်းပေးမှုဖြင့် ထောင်ဒဏ် (၇) နှစ် ချမှတ်ခံထားရသူ ဦးအေးမြင့်ကို ယခုကဲ့သို့ ပြန်လွှတ်ပေးလိုက်ခြင်းသည် နအဖအပေါ် ပြင်းထန်လာသောအိုင်အယ်လ်အို၏ဖိအားကြောင့်ဖြစ်သည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင် ဦးစိုးဝင်းကို ကိုးကား၍ ရိုက်တာသတင်းတရပ်တွင် ဖော်ပြထားသည်၊

ပြီးခဲ့သည့်လက အဖွဲ့ဝင် (၁၇၈) နိုင်ငံတက်ရောက်သော အိုင်အယ်လ်အို၏ နှစ်ပတ်လည်ညီလာခံကြီးက လာမည့်အောက်တိုဘာနောက်ဆုံးထား၍ မြန်မာနိုင်ငံတွင် အဓမ္မလုပ်အားပေးခိုင်းစေမှုများကို ပပျောက်အောင် မဆောင်ရွက်လျှင် နအဖအုပ်စုကို နိုင်ငံတကာရာဇဝတ်ခုံရုံးသို့ ရုံးတင်အရေးယူမည်ဟု ရာဇသံပေးထားသည်။

နအဖသည် ဇွန်လဆန်းပိုင်းကလည်း အဓမ္မလုပ်အားပေးခိုင်းစေသော အာဏာပိုင်များကိုတရားစွဲဆို၍ ထောင်ချခံထားရသော ထန်းမနိုင်ရွာသူ မစုစုနွေးကို ပြန်လွှတ်ပေးခဲ့သည်။

အိုင်အယ်လ်အိုအဖွဲ့၏ ပြီးခဲ့သည့်လက ထုတ်ပြန်သောအစီရင်ခံစာတွင် မြန်မာနိုင်ငံဒေသတချို့တွင် အဓမ္မလုပ်အားပေးခိုင်းစေမှုများ မပြောပလောက်အောင် လျော့နည်းသွားသော်လည်း တိုင်းရင်းသားများနေထိုင်သောစစ်ဖြစ်ပွားရာဒေသများရှိ ရွာသားများကို နအဖစစ်တပ်က ပေါ်တာဆွဲခြင်းနှင့် စစ်ဆင်ရေးများတွင် ရက်စက်နှိပ်စက်မှုများဆက်ရှိနေသော အထောက်အထားများကို အိုင်အယ်လ်အိုက ဆက်လက်ရရှိနေသည်ဟု ဖော်ပြထားသည်။ ❖